www.burmeseclassic.com

# မင်းသွေးသစ္စာ

နတ်ကြီးတောသူ

စိတ်နှယ်လွှန်ဖြစ်ရပ်ဆန်း



BURMESE CLASSIC
www.burmeseclassic.com

www.burmeseclassic.com

● နတ်ကြီးတော်သူ . . . ပုံနှိပ်မှတ်တမ်း ●

စာမူခွင့်ပြုချက်အမှတ် [၅၀၀၄၉၅၀၅၀၇]

မျက်နှာဖုံးခွင့်ပြုချက်အမှတ် [၅၀၀၆၆၀၀၆၀၇]

၂၀၀၈ ခုနှစ် နဝါရီလ

တန်ဖိုး ● ... ကျပ်

ပထမအကြိမ် ...

ထုတ်ဝေသူ ● ဦးကျော်လှိုင် (၀၃၈၈၇)
စေတနာစာပေ
အမှတ် (...)၊ ... လမ်း
လသာ... ရန်ကုန်။

ပုံနှိပ်သူ ● ဦးကျော်လှိုင် (၅၅၇၃)
စေတနာအော့ဖ်ဆက်
အမှတ် (၅၉)၊ ၁၉ လမ်း၊ ရန်ကုန်။

ဖြန့်ချိရေး ● ရန်မျိုးအောင်စာပေ
ဗိုလ်မှူးဗထူးလမ်း၊ ကျောက်မြောင်း
ရန်ကုန်။

ကွန်ပျူတာ ● ပန်းအိမ်

စာရေးဆရာ မင်းသွေးသစ္စာ

၏

နောက်ထွက်မည့်စာအုပ်များ

- ရင်ကွဲတောင် ဆိုးကြမ်း
- ခင်ကျွမ်း
- ရေစုန်တောင်ဘို
- သုံးပေါက်ချွန်း
- သူယောင်မယ်
- မုယ်နက် အမြုတေ
- ဒေါင်းသုံးလုံးမြေ
- သုံးမန်လှ တကျော်ညီ

www.burmeseclassic.com

www.burmeseclassic.com

"သဘာဝလောကကြီးက တို့အတွက်
မရှိမဖြစ် အရေးကြီးဆုံး လိုအပ်တဲ့
အသက်ရှူဖို့ လေကိုတောင်
အလကား ပေးထားတယ်...
တို့ဟာ တန်ဖိုးအကြီးဆုံးအရာကို
အလကားရနေတာတောင်...
သဘာဝလောကကြီးထဲက...
ဘာတွေ ထပ်ပြီးတောင်းဆိုချင်တာလဲ?
သဘာဝလောကကြီးကို...
ခေါင်းစဉ်အမျိုးမျိုးတပ်ပြီး
ဘာကြောင့် အပြစ်တင်ချင်နေရတာလဲ?"

**ရေမန်ထောင်ဘို**

**[illegible]...**

"ကျွန့်သား ချစ်လုံးရဲ့ ပယောဂကိုကုဖို့
ဓော်ဂျီကမုန့်ရလိုချင်တယ်၊
အဲဒီကမုန့်ဟာ 'နတ်ကြီးတော' မှာပဲရှိတယ်လို့
ဆရာကြီးက လမ်းညွှန်တယ်၊
ဓော်ဂျီကမုန့်ကို ဆောင်ကြဉ်းပေးနိုင်ရင်
မုဆိုးကြီးတို့ မိသားစုကို အိမ်သစ်တစ်လုံးဆောက်ပေးမယ်၊
လုပ်ကိုင်စားလို့ရအောင် လယ်တစ်ကွက်ရှင်းမယ်၊
ငွေသားချည်းပဲ နှစ်ထောင်တိတိ ဆုချမယ်"

**သရဖီသိုင်းစာပေ**

www.burmeseclassic.com

www.burmeseclassic.com



မောင်ချိုကမ္ဘာ။

ထိုနေ့က မုဆိုး စောသာထူးအတွက် ခါတိုင်းတောလိုက်ထွက်ရာနှင့်မတူဘဲ စိတ်တထင့်ထင့်ရှိနေ၏။

သူသည် မုဆိုး သက်တမ်း အနှစ်(၂၀)ကျော်အတွင်း တစ်ခါမျှ ခြေမချဘူးသော နတ်ကြီးတောသို့ မဖြစ်မနေ ဝင်ရပေတော့မည်။

စောသာထူးသည် သတ္တိအရာ၌ ညှိုးဖျင်းလှသူမဟုတ်ချေ။





သူ၏ဖခင်နှင့်တကွ ဘိုးဘေးများ၊ မုဆိုးအလုပ်နှင့် အသက်မွေးခဲ့သူ များသာဖြစ်၏။

သူ့တွင် မုဆိုးသွေးအပြည့်ပါ၏။ သူသည် အသက် (၁၃)နှစ်တွင် တစ်ကိုယ်တည်းတောလည်ရင်း ကိုးတောင်ကျား တစ်ကောင်နှင့် ရဲရဲဝင့်ဝင့် ရင်ဆိုင်ကာ ပစ်ခတ်သတ်ဖြတ်ပြီး အစွမ်းပြခဲ့၏။

ယခု သူ၏အသက်က (၄၀)ပြည့်ရန် နီးကပ်လာသလို ဖခင်တစ်ယောက်လည်း ဝီဝီပြင်ပြင် ဖြစ်ပေတော့မည်။

နီးသည် အားမူတွင် ကိုယ်ဝန်အရင့်အမာကြီး ဖြစ်တည်နေချေပြီ။

ထိုရင်သွေးသည် သူတို့ အနှစ်နှစ်အလလက တောင့်တခဲ့သော အနီးဆုံးကလေးဖြစ်လေရာ ဖော်မပြတတ်အောင် ပျော်ရွှင်စွာနှင့် အရိပ်တကြည့်ကြည့် ဂရုစိုက်ခဲ့ကြ၏။

ဝမ်းဆွဲသည်ကြီး ရော်ဆေးလာက အားမူ၏ကိုယ်ဝန်ကို မကြာခဏ စစ်ဆေးပြီး

*"ဒီမှာ စောသာထူး၊ အားမူ့ဗိုက်ထဲက*



www.burmeseclassic.com

www.burmeseclassic.com



*ကလေးဟာ ယောက်ျားလေးပဲ၊ ငါ ကြက်ရိုးမေခင်လည်း သေသေချာချာ ဆေးပြီးပြီ၊ ယောက်ျားလေးလို့ပဲ အဖြေထွက်တယ်၊ ငါ့စကားကိုမယုံလို့ အလောင်းအစား လုပ်ချင်တယ်ဆိုရင် ဝက်တစ်ကောင်နဲ့ အနံ တစ်ဝလယ်ကြေးတောင် လောင်းလိုက်ချင်သေးတယ်၊ ယောက်ျားကလေးမှ ယောက်ျားကလေးပဲဟေ့"*

ဟု အာမခံခဲ့၏။

ဓောသာထူးသည် သူ၏မုဆိုးအလုပ်ကို အမွေပေးရန် သား ယောက်ျားကလေးကိုသာ မျှော်လင့်မိရာ ဝမ်းဆွဲသည်ကြီးစကား ကြောင့် အားတက်ခဲ့ရ၏။

သူတို့၏အသက်အရွယ်အရ နောက်ထပ် သားသမီး ပွားစည်းရန် အခြေအနေပေးနိုင်မည်မဟုတ်ချေ။

ထိုကလေးသာ သူတို့အတွက် အားထားရာ ဖြစ်ပေတော့ မည်။

မုဆိုး ဓောသာထူးသည် ထိုရင်သွေးကလေး၏နောင်ရေး





ကို မျှော်၍ နတ်ကြီးတောသို့ဝင်ရောက်ရန် ဆုံးဖြတ်ခဲ့ခြင်းသာ ဖြစ်၏။

သူ့ကို နတ်ကြီးတောသို့ဝင်ရန် စေခိုင်းသူမှာ သူတို့ အလယ်ရိုးမတောင်ခြေရွာကလေးတွင် အချမ်းသာဆုံးဟုဆိုရမည့် မြေပိုင်ရှင် သူဌေးကြီး ဦးရွှေလုံးဖြစ်၏။

ဦးရွှေလုံးသည် ဆင်များကို မွေးမြူကာ ဘုံဘေဘားမား သစ်ကုမ္ပဏီသို့ပင် ငှားရမ်းထား၏။ ဦးရွှေလုံးတွင် ဇနီးသည် ဆုံးပါး သွားလေရာ ချစ်လုံးဟူသော သားတစ်ယောက်နှင့် အဖော်ပြုနေထိုင် ၏။

ချစ်လုံးသည် လွန်စွာဆိုးသွမ်းသူသာ ဖြစ်၏။ သူဌေး ဦးရွှေလုံးက သားကို ဝေးလှသောမြို့တွင်ပို့ကာ ငွေကုန်ကြေးကျ များစွာခံ၍ ကျောင်းထားပေးခဲ့၏။

ချစ်လုံးကမူ တစ်နှစ်ခန့်အကြာတွင် ကျောင်းမှ ကိုယ်တိုင် ထွက်၍ ရွာသို့ပြန်ရောက်လာ၏။

ချစ်လုံးကမူ ဦးရွှေလုံးကို

*"ကျုပ် အဖေနဲ့ခွဲပြီးမနေနိုင်ဘူးဗျာ၊ ဒီမှာ*



www.burmeseclassic.com

*ဈေးတတ်လို့ကော ဘာလုပ်မှာလဲ၊ အမေပိုင်ဆိုင်သမျှ ပစ္စည်းတွေက ကျုပ်တစ်သက် စားမကုန်ပါဘူး''*

ဟု ပြောလေ၏။

ဦးရွှေလုံးက သား၏အလိုကျ လိုက်လျောခဲ့၏။

အနှစ်တွင်မူ ချစ်လုံးသည် မြို့တွင် ကျောင်းကို ကောင်းစွာမတက်ဘဲ လူဆိုး၊ လူပေများနှင့်ပေါင်းသင်းကာ ဆိုးသွမ်းချင်တိုင်း ဆိုးသွမ်းခဲ့၏။

မကောင်းမှုမှန်သမျှကျူးလွန်ရင်း မကြာခဏ ရန်ပွဲများ ဖြစ်ပွားပဲတတ်၏။

ထို့ကြောင့် မြို့တွင် သူ့အတွက် ရန်ငြိုးရန်စများ ပေါ်ပေါက်လာခဲ့ရာ ဆက်လက်နေထိုင်ရန် မရဲတော့ဘဲ ရွာသို့ နောက်ကြောင်းပြန်လှည့်ခဲ့ခြင်းသာ ဖြစ်၏။

ထိုအခါ ချစ်လုံးနှင့်အတူ မြို့မှ မကောင်းသည့်အကျင့်စရိုက်မှန်သမျှ ကပ်ပါလာခဲ့၏။

ချစ်လုံးသည် အဖော်အပေါင်း စုံလင်စွာနှင့် အရက်



သောက်၏။

ကြက်တိုက်၏။

မိန်းမပွေ၏။

သူသည် ရွာသို့ပြန်ရောက်ပြီး နှစ်အနည်းငယ်အတွင်း၌ပင် အားလုံးက အော်ကျော့လန့်ရသော လူရှုပ်လူပွေတစ်ယောက် ဖြစ်လာခဲ့၏။

ယခုတော့ ချစ်လုံးသည် မရှုပ်မပွေနိုင်တော့ဘဲ အိပ်ရာထက်တွင် ပက်လက်လန်နေချေပြီ။

သူသည် မစားနိုင် မသောက်နိုင်နှင့် တစ်နေ့တခြား အားအင်ဆုတ်ယုတ်လာပြီး ထူးဆန်းသော ဝေဒနာတစ်မျိုးကို ခံစားနေရ၏။

ဦးရွှေလုံးသည် သားအတွက် အရပ်တကာလှည့်ကာ ဆရာမျိုးစုံ ရှာဖွေပြီး ကုသသော်လည်း အကြောင်းမထူးခဲ့ချေ။

နောက်ဆုံးတွင် ပိတ်မြူစင်ကြယ်ဝတ် ဆေးဆရာကြီးတစ်ဦး၏ မိန့်မှာချက်ဖြင့် မုဆိုးစောသာထူးထံ ရောက်ရှိလာ၏

"ကျုပ်သား ချစ်လုံးရဲ့ပယောဂကိုကုဖို့
ဆော်ဂျီဂမုန်း လိုက်တယ်၊ အဲဒီဂမုန်းဟာ နတ်ကြီး
တောမှာပဲရှိတယ်လို့ ဆရာကြီးက လမ်းညွှန်တယ်၊
ဆော်ဂျီဂမုန်းကို ဆောင်ကြဉ်းပေးနိုင်ရင် မုဆိုးကြီးတို့
မိသားစုကို အိမ်သစ်တစ်လုံးဆောက်ပေးမယ်၊
လုပ်ကိုင်စားလို့ရအောင် လယ်တစ်ကွက်ရှင်းမယ်၊
ငွေသားချည်းပဲ နှစ်ထောင်တိတိ ဆုချမယ်"

ဟု နိုင်းစေလေတော့၏။

သတ္တိအရာ၌ မညံ့သော ဓောသာထူးသည် နတ်ကြီးတော ဟူသည့် အသံကြားလျှင်ပင် ကျောစိမ့်၍ ကြက်သီးတဖြန်းဖြန်း ထလာ၏။

နတ်ကြီးတောဟူသည် မည်သည့်တောမျိုးမှန်း အားလုံးက သဘောပေါက်ပြီး ဖြစ်၏။

သို့သော် နတ်ကြီးတောသို့ဝင်ရမည့်အတွက် ရရှိမည့် ဆုလာဘ်ကလည်း မက်လောက်စရာဖြစ်၏။

ထိုခေတ်အခါက ကျေးခေါင်းတံဆိပ် ရွှေဂါးတစ်ပြားလျှင်





ငွေ (၂၀)ကျပ်မျှသာရှိလေရာ ငွေသားချည်း (၂၀၀၀) တိတိဟူသော စကားနှင့်ပင် ဓောသာထူး၏ တွေဝေစိတ်ကို ပျောက်ပျက်စေ၏။

ထို့ကြောင့် မုဆိုးဓောသာထူးသည် ဝါးခေးတံကို တစ်ချက် နှစ်ချက်မျှ ဖွာ၍ ဦးခေါင်းကို

"ဘာပဲဖြစ်ဖြစ် ကျုပ်နတ်ကြီးတောကိုဝင်ပြီး
ဆော်ဂျီဂမုန်းကို မရရအောင် ယူခဲ့ပေးမယ်ဗျာ"

ဟု ကတိပေးလိုက်တော့၏။

ဓောသာထူး၏စကားကြောင့် ကိုယ်ဝန်ရင့်ရင့် လင်စေ့နှင့် အားမူသည် စိုးရိမ်ထိတ်လန့်ကာ မျက်လုံးပြူးကျယ်သွား၏။

ထိုအခါ ဓောသာထူးက တစ်ရုံတစ်ရာပြောချင်ဟန်ပြင်နေသော အားမူကို လက်ကာပြပြီး

"ဇော... အားမူ၊ နင်နဲ့ငါ ဒီအတိုင်းနေလည်း
ဟောဒီ တဲစုတ်ကလေးဘဝက တက်မှာမဟုတ်ဘူး၊
ဗိုက်ထဲကကလေးအတွက် ငါတော့ ရှုံးစားမယ်လို့
ဆုံးဖြတ်ပြီးပြီ၊ ဘာမှကန့်ကွက်ဖို့ မကြိုးစားနဲ့

www.burmeseclassic.com



တော့"

ဟု အပြတ်ပြောလေတော့၏။

ထို့နောက် စောသာထူးသည် နတ်ကြီးတောသို့ဝင်ရန် အဆော်အမြစ် လိုအပ်လေရာ ရွာထဲမှ သူနှင့် မကြာခဏ တောလည် ထွက်ရာတွင် လိုက်ပါတတ်သော စံထူးနှင့်တွေ့ပြီး

"ဒီမှာ စံထူး၊ ငါ နတ်ကြီးတောကိုဝင်မယ် ဆိုတာ မင်း သိပြီးပြီ မဟုတ်လား၊ မင်း ငါနဲ့ လိုက်ပါ၊ ငါရလာမဲ့ ဆေးထဲက မင်းကို ငွေ(၅၀၀) ခွဲပေးမယ်"

ဟု ခေါ်လေ၏။

စံထူးက ပျာပျာသလဲ ငြင်းဆန်ပြီး

"ငွေတစ်ထောင်ပေးမယ်ဆိုလည်း မလိုက် ဘူး၊ တစ်သောင်းပေးမယ်ဆိုလည်း မလိုက်ဘူး၊ မင်းကိုတော့ တစ်ရွာလုံးက ရူးနေပြီလို့ ပြောကုန် ကြပြီ"

ဟု ဆိုလေ၏။





ထိုအခါ စောသာထူးသည် လက်လျှော့ပြီး သူတို့ရွာနှင့် (၁၀)မိုင်မျှ ကွာဝေးသော ညောင်ကိုင်းရွာရှိ မိတ်ဆွေဖြစ်သူ မုဆိုး သာစံကြီးထံ ရောက်လာပြန်၏။

သာစံကြီးက အကြောင်းစုံကိုသိလျှင် ပါးစပ်အဟောင်းသားနှင့် စောသာထူးကိုကြည့်ပြီး

"ဒီမှာ ကိုယ့်လူ၊ မင်းနဲ့အတူ ငါ အဖော် မလိုက်နိုင်သလို မင်းကိုလည်း မသွားစေချင်ဘူး၊ အသိဉာဏ်ရှိတဲ့လူမှန်သမျှ ကိုယ်သေတွင်း ကိုယ် မတူးကြဘူးကွ၊ အဲဒီလိုပဲ နတ်ကြီးတောရဲ့အကြောင်း ကို သိသူမှန်သမျှ အဲဒီတောကို ခြေချဖို့ ယောင်လို့ တောင် စဉ်းစားမှာ မဟုတ်ဘူး၊ မင်းမသိသေးရင် ငါပြောပြမယ်၊ တောနောက်တာ၊ တောချောက်တာ၊ တောလှည့်တာတွေလို အကြမ်းတကာ အကြမ်းဆုံး တောထဲမှာတော့ နတ်ကြီးတောက ထိပ်ပဲ"

ဟု ပြောလေ၏။

စောသာထူးက အံကြိတ်ပြီး



www.burmeseclassic.com

www.burmeseclassic.com



"ဘယ်လောက်ကြွမ်းကြွမ်း ငါကတော့ နောက်မဆုတ်တော့ဘူး"

ဟု ဆိုလေရာ မုဆိုးသာခံကြီးက

"ငါ ထပ်ပြီး မင်းမသိသေးတဲ့အကြောင်း တစ်ခု ပြောပြမယ်၊ အဲဒီအကြောင်းဟာ ငါ့ရဲ့ ဦးလေးအရင်း ဦးဖိုးထွားကြီးကိုယ်တိုင် လူငယ်ဘဝက နတ်ကြီးတောမှာ ကြုံတွေ့ခဲ့ရတဲ့ အဖြစ်အပျက်ပဲ၊ နတ်ကြီးတောရဲ့တစ်နေရာမှာ ရှေးဟောင်း မြို့ပျက်ကြီးတစ်ခု ရှိတယ်လို့ဆိုတယ်၊ မြို့ပျက်ရဲ့ တစ်နေရာမှာ ထူးဆန်းတဲ့ပုံသဏ္ဌာန်နဲ့ လူသေတွေကို မြှုပ်နှံထားဟန်ရှိတဲ့ အုတ်ဂူကြီးကိုးလုံးလည်း ရှိတယ် လို့ဆိုတယ်၊ အုတ်ဂူကြီးတွေကို အစဉ်အတိုင်းပဲ နဝရတ်ကိုးပါးထဲမှာ ပါဝင်တဲ့ ရတနာတွေရဲ့အမည်ကို ပေးထားတယ်လို့ ဆိုတယ်၊ အဲဒီ အုတ်ဂူကြီးကိုးလုံးကိုလည်း လူထက် သုံးဆလောက် ကိုယ်ခန္ဓာကြီးပြီး သိဒ္ဓိတန်ခိုးအပြည့်ရှိတဲ့





လူ့ဘီလူးကြီးတစ်ကောင်က စောင့်ကြပ်နေတယ်တဲ့၊ အလွယ်ပြောရရင်တော့ "ဂူကိုးလုံးနဲ့အစောင့်ဘီလူး" ပေါ့ကွာ၊ မင်းအနေနဲ့မယုံရင်တော့ ပုံပြင်လို့သာ မှတ်လိုက်ပေတော့"

ဟု စကားစလေတော့၏။

❀ ❀ ❀ ❀ ❀ ❀



www.burmeseclassic.com

www.burmeseclassic.com



ရှုကိုးလုံးနဲ့အစောင့်ဘီလူး

ရေစီးညင်သာပြီး များစွာမကျယ်ဝန်းလှသော်လည်း ချောင်းကလေး၏ တစ်ဖက်ကမ်းသို့ရောက်ဖူးသူ ရှားလှ၏။ ထိုချောင်းကလေးသည် နတ်ကြီးတောစပ်တွင်တည်ရှိပြီး နတ်ကြီးတော၏ နယ်နိမိတ်ကို သတ်မှတ်ထားသလိုရှိ၏။

ထို့ကြောင့် နတ်ကြီးချောင်းဟုပင် အမည်တွင်၏။





တစ်နေ့သ၌ နတ်ကြီးတော၏ အခြားတစ်ဖက်မှ ချောင်းကမ်းစပ်သို့ လူစုလူဝေးကြီးသည့် အိုးစည်ဗုံမောင်း အတီးအမှုတ်များနှင့် ဆူညံစွာ ရောက်ရှိလာကြ၏။

လူစုလူဝေးထဲတွင် လူအများစုသည် လူငယ် လူရွယ်များသာ ဖြစ်၏။

သူတို့သည် ရှင်ကိုကော့ပြီး လူများကြားတွင် ဟန်ပါပါ လှမ်းလာနေသော လူတစ်ယောက်ကို ဝန်းရံလိုက်ပါလာကြ၏။

လိုအတဲမှ အသံစွာစွာနှင့် လုံးကြီးပေါက်လှ မိန်းမပျိုလေး တစ်ယောက်က

*"ကိုရှင်ဖိုးထွားကြီးတို့ကတော့ ဟောဒီ တစ်နယ်လုံး သူ့ရှင်ပြုအရာမှာ စံတင်ရတော့မဲ့ သူပဲ"*

ဟု ပြောလေရာ လူငယ်ကလေးတစ်ယောက်က ရှင်ကို ကော့ပြီး လိုက်ပါလာသူ၏ လက်မောင်းလုံးတုတ်တုတ်ကြီးကို ကိုင်၍

*"ကျုပ်က ကိုကြီးဖိုးထွားလိုပဲ သိပ်ကြီး*

မျိုး

www.burmeseclassic.com



*ထွားကြိုင်းသန်မာချင်တာဗျ၊ ကိုကြီးဖိုးထွားတို့က ဘဝက်အကျိုးပေးကောင်းတော့ ဒီလို သန်မာထွားကြိုင်းနေတာပေါ့၊ ဟဲ ဟဲ… နတ်ကြီးတောက အပြန်ဆိုရင် ဒီထက်ပိုပြီး ရွာကအပျိုချောကလေးတွေကြားမှာ မျက်နှာပွင့်ဦးမှာ မြင်ယောင်သေးတယ်”*

ဟု ဆိုလေ၏။

ဖိုးထွားက ရင်ကိုပို၍ကော့ကာ တိုက်ပွဲဝင်တော့မည့် စစ်သူကြီးတစ်ယောက်၏ တည်ငြိမ်ခန့်ညားမှုမျိုးဖြစ်အောင်ပြုံး၍ အားလုံးကို လက်ဝှေ့ယမ်းပြီး

*“ကျုပ် ဖိုးထွား ဟောဒီကလူတွေ အကြောက်ကြီးကြောက်နေတဲ့ နတ်ကြီးတောထဲမှာ (၁၀)ရက်တိတိ နေထိုင်ပြီး ကျုပ်ရဲ့ သူရသတ္တိကို မှတ်ကျောက်တင်မယ်၊ (၁၀)ရက်ပြည့်တဲ့နေ့ ဒီအချိန်၊ ဒီနေရာမှာ ပြန်ဆုံကြမယ်၊ အထူးသဖြင့် ကျုပ်တို့ရွာက အချောအလှကလေးတွေအတွက်*





*တောနက်ထဲက ရှားပါးသစ်ခွပန်းတွေ လက်ဆောင်အဖြစ် ယူလာပေးဖို့ ကတိပေးတယ်”*

ဟု အော်ဟစ်လိုက်၏။

အားလုံးက လက်ခုပ်လက်ဝါးတီးပြီး အားပေးကြ၏။ ထို့နောက် ဖိုးထွားကြီးက အချိန်မဆွဲလိုတော့ဟန်နှင့် ကမ်းစပ်ရှိ သစ်ဖောင်ဆီသို့ ခြေလှမ်းပြင်ကာ

*“ကဲ ကဲ… အားလုံးပဲ ကျုပ်သွားပြီ၊ ကျုပ်အမေ ဒေါ်စိန်ထွားကြီးကိုလည်း ကျုပ်အတွက် စိတ်မပူပန်ဖို့ ပြောပေးကြပါ”*

ဟု မှာလေ၏။

ဖိုးထွားသည် သစ်ဖောင်ပေါ်တက်ပြီး ထိုးဝါးကို ကိုင်စွဲလိုက်မိလျှင်ပင် ဘာကြောင့်မှန်းမသိ ရင်ထဲတွင် ဒိန်းခနဲခုန်သွား၏။

သူသည် အန္တရာယ်တွေများလှသော နတ်ကြီးတောဟူသည့် အမိုက်အမှောင်တိုက်ကြီးအတွင်းသို့ တကယ်ပင် တိုးဝင်ရတော့မည် ဟူသောအသိကြောင့် ရှုတ်တရက် ခြေဖျားလက်ဖျားများ



www.burmeseclassic.com

www.burmeseclassic.com



အေးစက်လာ၏။

ချက်ချင်းပင် နောက်ကြောင်းသို့ ပြန်လှည့်ပြေးချင်စိတ် ပေါက်လာ၏။

ကမ်းစပ်၌ ကျန်ရစ်ခဲ့သူများက အိုးစည်ဗုံပေါင်းများ တီးခတ်ပြီး ဆူညံစွာ အော်ဟစ်နှုတ်ဆက်နေ၏။

သူသည် နောက်ကြောင်းသို့ပြန်လှည့်ခဲ့လျှင် ထိုသူများကြားတွင် စောစောကဖြစ်ပေါ်ခဲ့သော အထင်ကြီးလေးစားမှုများ ပျောက်ပျက်သွားတော့မည်ဖြစ်၏။

ထို့ကြောင့် ဖိုးထွားကြီးသည် စိတ်တွင်းမှ

*"ဟယ်… ဖြစ်ချင်ရာဖြစ်၊ ဒီအခြေအနေရောက်မှ နောက်ဆုတ်လို့မဖြစ်တော့ဘူး၊ ငါကလည်း အလှူပွဲမှာ နတ်ဆော့မိတာကိုး၊ ဟိုအကောင် ကာလသားခေါင်း အောင်ကြီးကလည်း မခံချင်အောင် မြှောက်ပင့်ပေးတာကိုး၊ နတ်ကြီးတောထဲမှာ (၁၀)ရက်လုံးလုံး ငါ ဘယ်လိုနေရပါ့မလဲ"*

ဟု တွေး၍ စိတ်သောကကြီးစွာ ဖြစ်ပေါ်နေသော်လည်း





ဟန်ကိုယ်ဖို့အနေနှင့် နှုတ်ဆက်သူများကို ပြန်လည်လက်ဝှေ့ယမ်းပြကာ ထိုးဝါးကို အားစိုက်ထိုးလိုက်တော့၏။

ထိုအချိန်၌ ရွာထဲတွင် ဖိုးထွား၏မိခင် ဒေါ်စိန်ထွေးသည် အရှူးမီးဝိုင်းဟန်နှင့် ထမီကို စွန်တောင်ဆွဲရင်း ရွာလယ်လမ်းအတိုင်း ပြေးလွှားကာ

*"ဘယ်မလဲ ငါ့သားကလေး ဖိုးထွား၊ နတ်ကြီးတောကို ဝင်မလို့ဆို၊ ဒီလိုအရူးအပေါကလေးကို ဘယ်က ကလေကာဝတွေက မြှောက်ပင့်ပေးလိုက်တာလဲ၊ ဒီကိစ္စ သူကြီးမင်းဆီကို အကြောင်းကြားပြီး တိုင်တန်းရမယ်"*

ဟု အော်ဟစ်လေ၏။

ထိုအခါ ဖိုးထွားကို အားပေးအားမြှောက်ပြု၍ ပြန်လာကြသော ကာလသား၊ ကာလသမီးများသည် ဒေါ်စိန်ထွေးကြီးကို မြင်တွေ့လျှင် အလျှို အလျှို လူစုခွဲ၍ ကိုယ်ယောင်ပျောက်သွားကြ၏။

နောက်ဆုံးတွင် ရွာ၏သူကြီးမင်းသည် နဖူးကြီးပြောက်မနှင့်



www.burmeseclassic.com

www.burmeseclassic.com



ရှိနေသော ခေါင်းစိန်တွေများကို နှုတ်သိမ်ပြီး

"ဒီမှာ မစိန်ထွား၊ ကျုပ် လူငယ်တွေ အားလုံးကို သေသေချာချာ မေးပြီးပြီ၊ အလှူပွဲမှာ သူတို့ဆုံတွေ့ကြတုန်း ဖိုးထွားက သူဟာ တစ်လောကလုံးမှာ သတ္တိအရှိဆုံး၊ အရဲဝံ့ဆုံးလို့ ပြောတယ်ဆိုပဲ၊ ဒီလိုနဲ့ တစ်ယောက်တစ်ခွန်း အနိုင်အထက်ပြောကြရင်း နောက်ဆုံးတော့ ဖိုးထွားဟာ ဘယ်သူမှ ခြေမချရဲတဲ့ နတ်ကြီးတောကို ဝင်ပြီး (၁၀)ရက်တိတိ နေထိုင်ပြမယ်လို့ အားလုံးကို စိန်ခေါ်ခဲ့တယ်၊ လူငယ်တွေဆိုတော့ ဘာမှဆင်ခြင်တိုင်းထွာမနေဘဲ အလှူပွဲမှာ အသုံးပြုခဲ့တဲ့ အိုးစည်ဗုံမောင်းတွေနဲ့ ကျုပ်တို့လူကြီးတွေတောင် မသိဘဲ ဖိုးထွားရဲ့နတ်ကြီးတောဝင်ပွဲကို လုပ်ခဲ့ကြတာပဲ၊ ဒါကို ကျုပ်က ဘယ်သူ့ကို အပြစ်ယူရမှာလဲ၊ အပြစ်ယူမယ်ဆိုရင်လည်း ရွာထဲက လူငယ်တွေ အားလုံးကို ကျုပ်ရဲ့ထိတ်တုံးနဲ့ ခတ်ထားဖို့ပဲရှိတော့





တယ်၊ နတ်ကြီးတောကိုဝင်သွားတဲ့ ဖိုးထွားရဲ့ နောက်ကို အချိန်မီလိုက်ပြီး ပြန်ခေါ်ဖို့ဆိုတာလည်း အဲဒီကိုလိုက်ဝံ့တဲ့လူက မရှိဘူးဗျ၊ ဒီတော့ ကျုပ်တို့ ဖိုးထွားပြန်အလာကိုပဲ စောင့်ကြရတော့မှာပဲ"

ဟု ပြောလိုက်တော့၏။

ထိုအချိန်၌ ဖိုးထွားသည် လွန်စွာကြီးမားလှသော ညောင်ကြပ်ကြီးတစ်ပင်အောက်သို့ ရောက်ရှိနေ၏။

သူသည် ပါလာသော ရိက္ခာထုပ်၊ ခေါင်းအုံးနှင့် လုံချည်ကိုချကာ မြေတွင် ပြားပြားဝပ်ပြီး ညောင်ကြပ်ပင်ကြီးကို လက်အုပ်ချီရင်း

"ဟောဒီက တောစောင့်၊ တောင်စောင့်၊ အရှင်ကြီး၊ အရှင်မြတ်တို့ခင်ဗျား၊ ကျွန်တော်မျိုး အမိုက်အမဲကလေး မောင်ဖိုးထွား နတ်ကြီးတောကို ဝင်ခဲ့ပါပြီ၊ သားတော်ကလေးကို သနားညှာတာသော အားဖြင့် ဘေးဒုက္ခအပေါင်းမှ ကင်းဝေးအောင် စောင့်ရှောက်ကာယ်မပါလို့ ဂုဏ်သသမှ အစဉ်



www.burmeseclassic.com

www.burmeseclassic.com



*ဖြူပြီး တောင်းဆုချွေရပါတယ်ခင်ဗျား"*

ဟု တတ်သရွေ့ မှတ်သရွေ့ အော်ဟစ်ဆုတောင်းလေ၏။

သူ၏ရင်ထဲ၌လည်း အင်အားတို့ ပြည့်ဝလာသလို ခံစားလိုက်ရ၏။

ဤသို့ဖြင့် ဖိုးထွားသည် တောတွင်းသို့ ဆက်လက်ဝင်ရောက်လာခဲ့၏။

ထိုသို့သွားလာရာတွင် သူသည် လမ်းကို ကောင်းစွာမှတ်မိစေရန် ဆောင်ဓါးနှင့် သစ်ပင်ကြီးများတွင် ဓါးထစ်ရာပြုလုပ်ကာ အမှတ်အသားပြု၏။

တစ်နေရာသို့ရောက်လျှင် ဖိုးထွားသည် မြင်တွေ့လိုက်ရသော မြင်ကွင်းကြောင့် ခြေလှမ်းက အလိုလိုရပ်တန့်သွား၏။ မြင်ကွင်းက သာယာလှ၏။

ထိုနေရာတွင် မြက်ခင်းစိမ်းစိမ်းရှိ၏။ မြက်ခင်းစိမ်းပေါ်တွင် ယုန်ကလေးများက ခုန်ပေါက်ပြေးလွှားနေ၏။ သူတို့သည် ဖိုးထွားကို မြင်တွေ့သော်လည်း ကြောက်လန့်ဟန်မရှိဘဲ နေမြဲအတိုင်းသာ





သွားလာနေကြ၏။

သစ်ပင်ကြီးများထက်တွင် သစ်ခွပန်းရောင်စုံတို့က မြေပြင်တွင် တောပန်းများနှင့်အပြိုင် လှချင်တိုင်းလှနေ၏။

ဖိုးထွားက ကျောက်တောင်နံရံတစ်ခုမှ စီးကျနေသော စမ်းပေါက်တစ်ခုကိုတွေ့လျှင် စိတ်လက်ပေါ့ပါးစွာနှင့်

*"ဟုတ်ပြီ၊ ဒီနေရာကလေးက သာယာတာပဲ၊ ငါ ဒီမှာပဲ စခန်းချရမယ်၊ ဒီလိုသာယာတဲ့ ရှုခင်းမျိုးရှိတယ်ဆိုတာ ရွာကလူတွေ အိပ်မက်တောင် မက်ဖူးမှာမဟုတ်ဘူး၊ ဟား ဟား... နတ်ကြီးတော နတ်ကြီးတောနဲ့ လူတွေအနားတောင်မသီဝံ့တဲ့နေရာက တကယ်တော့ဘာမှမဟုတ်ပါလား၊ ငါ့မှာပါတဲ့ရိက္ခာတွေကုန်ရင် သုတ်ကိုင်းကလေးတွေ၊ ထောင်ချောက်ကလေးတွေဆင်ပြီး တောသတ္တဝါကလေးတွေ ဖမ်းဆီးသတ်ဖြတ်လို့ရတာပဲ၊ ဒီအတိုင်းသာဆိုရင် ဆယ်ရက်မဟုတ်ဘူး၊ တစ်သက်လုံးလည်း နေရဲ*



www.burmeseclassic.com

www.burmeseclassic.com



*တယ်”*

ဟု ရေရွတ်လိုက်၏။

ထို့နောက် ဖိုးထွားသည် လေကလေးတချွန်ချွန်နှင့် သူ၏ ဝမ်းဗိုက်ကို ဖြည့်တင်းရန် ပြင်ဆင်၏။

သူ့တွင် ဆန်နှင့် အသားခြောက်များပါ၏။ မကြာမီ ကြီးမားသော ကညင်ပင်ကြီး၏အခြေ မြေကွက်လပ်တွင် မီးပုံကြီး တစ်ပုံဖို၍ ဝါးဆစ်ပိုင်းကို အသုံးပြုကာ ထမင်းချက်ပြီး အသား ခြောက် ဖုတ်က အသင့်ရှိနေချေပြီ။

ကညင်ပင်ကြီး၏ ခွဆုံတွင်လည်း အိပ်စက်ရန် ဝါးပိုးခြမ်း များ နှင့် ယာယီလင့်စင်တစ်ခု တည်ဆောက်ပြီးချေပြီ။ ဖိုးထွားသည် ထမင်းမစားသောက်မီ တစ်စုံတစ်ရာကို သတိရပြီး အင်ဖက်တစ်ခု နှင့် ထမင်းဟင်း အနည်းငယ်ကိုပုံကာ ဆိုင်ရာအစောင့်အရှောက် တို့အား ပူဇော်ပသလေ၏။

ညသို့ရောက်လျှင် အေးချမ်းသာယာသော ပတ်ဝန်းကျင် အခြေအနေကြောင့် စိတ်ပူပန်မှုကင်းစွာနှင့် လင့်စင်ထက်၌ အိပ်စက် ရန် ပြင်၏။





ကညင်ပင်ကြီး၏အခြေရှိ မီးပုံမှာ ထင်းခြောက်တုံးကြီးများ ထည့်ထားလေရာ တစ်ညတာအတွက် တငွေ့ငွေ့တောက်လောင်နေ ပေလိမ့်မည်။

လဆုတ်ရက်ဖြစ်လေရာ အလင်းရောင်က အားနည်းလှ သော်လည်း ညဉ့်နက်လျှင် လက တဖြည်းဖြည်း ပေါ်ထွက်လာ ပေတော့မည်။

ဖိုးထွားသည် ထမင်းကို တဝတပြစားသောက်ထားလေရာ လင့်စင်ထက်တွင် ခေါင်းချလိုက်သည်နှင့် အိပ်ပျော်သွားတော့ ၏။

၎င်းသည် ညသန်းခေါင်အချိန်၌ ရုတ်တရက်အိပ်စက်ရာမှ နိုးလာ၏။

လင့်စင်ထက်တွင် ပက်လက်လှန်နေသော သူ၏မျက်နှာ နှင့် တစ်တန်းတည်း မြင်တွေ့ရသည်က မှုန်ဝါးဝါး အလင်းရောင်နှင့် ထွက်ပြူနေသော လကလေးဖြစ်၏။

သူသည် လကို မမှိတ်မသုန်ကြည့်ရှုရင်း ထူးခြားသော မြင်ကွင်းကို သတိပြုမိသွား၏။ လရောင်က အရွက်အလက်များ



www.burmeseclassic.com

www.burmeseclassic.com



ကင်းမဲ့နေသော သစ်ကိုင်းသစ်ခက်များကြားမှ ထိုး၍ ကျဆင်းနေ၏။

သူစခန်းချရာ ကညင်ပင်ကြီးသည် အရွက်၊ အခက် အလက်များ စေ့စေ့သိပ်သိပ်နှင့် နေပျောက်ပင်မထိုးကြောင်း သိရှိပြီး ဖြစ်၏။

သူသည် ခေါင်းကို မော့ဝဲကြည့်လေရာ အရိုးပြိုင်းပြိုင်းရှိနေသော သစ်ကိုင်း၊ သစ်ခက်များကိုသာ မြင်တွေ့ရ၏။

ထို့ကြောင့် ဖိုးထွားသည် ခေါင်းကိုကုတ်၍ ငုတ်တုတ်ထိုင်ကာ

*"ဘယ်လိုဖြစ်တာလဲ၊ ငါ လင့်စင်ထိုးထားတဲ့*

*အပင်ကြီးက သစ်ခြောက်ပင်ကြီးဖြစ်နေပါလား"*

ဟု အံ့သြတကြီး ရေရွတ်လိုက်၏။

တစ်ဆက်တည်းပင် သူသည် လင့်စင်၏ဝါးကြမ်းထက်မှ ပြောင်ချောချောအရာကြီးတစ်ခုကို စမ်းသပ်မိ၏။

ထိုအရာကြီးမှာ ဖိုးထွား၏လက်နှင့်ထိကိုင်မိလျှင်ပင် တလှုပ် လှုပ်နှင့် လှုးလွန့်လာ၏။

ဖိုးထွားသည် ထိုအရာကြီးပေါ်တွင် ခေါင်းတင်၍ အိပ်စက်





ခဲ့ခြင်းသာဖြစ်၏။

သူသည် မျက်လုံး အဆမတန်မြူးကျယ်ကာ

*"ဟိုက်... စပါးကြီးမြွေကြီးပါလား၊*

*ဒီကောင်ကြီး ငါ့ရဲ့ လင်စင်ပေါ်ကို ဘယ်လိုရောက်*

*လာတာလဲ၊ တစ်ချိန်လုံး ငါနဲ့အတူရှိနေတာပါမဲ*

*လား"*

ဟု ထိတ်လန့်တကြား တွေးလိုက်မိ၏။

သူသည် မြေပြင်မှ မီးပုံဆီသို့ အကြည့်ရောက်သွားပြန်၏။ မီးပုံမှမီးက အရှိန်အဟုန်နှင့် တောက်လောင်ဆဲသာရှိ၏။

ဖိုးထွားက လျှင်မြန်စွာပင် စပါးကြီးမြွေရန်မှ လွတ်ကင်းစေရန် သစ်ခြောက်ပင်ကြီးကို တွယ်ကပ်ပြီး ဆင်းသက်လာ၏။ မီးပုံမှ အလင်းရောင်က ပတ်ဝန်းကျင်ကို ကောင်းစွာမြင်နိုင်လောက်အောင် လင်းလက်နေ၏။

ဖိုးထွားအတွက် မြင်သမျှအရာတိုင်းက ပတ်ဝန်းကျင် အသစ်၊ နေရာသစ်သို့ ရောက်ရှိသွားသလို ဖြစ်စေ၏။

အဘယ်ကြောင့်ဆိုသော် အလင်းရောင်မပျောက်မီက



www.burmeseclassic.com

www.burmeseclassic.com



တွေ့ခဲ့သော မြက်ခင်းစိမ်းကလည်း ယခု ကန္တာရလွင်တီးခေါင်လို ချုံပုတ်များ ပြည့်နှက်နေ၏။

တောပန်းရောင်စုံတို့ နေရာအနှံ့အပြား ဖူးပွင့်နေကြသည်ကို မျက်ဝါးထင်ထင် မြင်ခဲ့ရသော်လည်း ယခု ကြည့်လေရာတွင် အရိုးငေါငေါနှင့် သစ်ခြောက်ပင်များ ဝိုင်းရံထားသော သစ်ခြောက်တောကြီးလို ဖြစ်နေ၏။

ဖိုးထွားသည် ရင်ဘတ်ကို လက်နှင့်ဖိပြီး

*"ဘုရား... ဘုရား... ငါ့ကို တောခြောက်ပြီထင်တယ်"*

ဟု ရေရွတ်လိုက်၏။

ထိုအခိုက် ခပ်လှမ်းလှမ်းမှ အလင်းရောင်တစ်ချက် လက်သွားကာ ဖျတ်ခနဲ၊ ဖျတ်ခနဲ အခြားအလင်းရောင်များပါ ပေါ်ထွက်လာသည်ကို တွေ့ရ၏။

ကြီးမားသော မြေစိုက်မီးတုတ်ကြီးများကို စီတန်းပြီး တစ်စုံတစ်ယောက်က လိုက်လံထွန်းညှိလိုက်သလို လင်းထိန်သွား၏။

ဖိုးထွားသည် ထိတ်လန့်နေရာမှ အားတက်သွား၏။





သူ့စိတ်ထဲတွင် မျက်စိလည် လမ်းမှားလာသော သစ်တောဝန်ထမ်းများ ထိုနေရာတွင် စခန်းချနေသည်ဟု ထင်မှတ်သွားခြင်းကြောင့် ဖြစ်၏။

သူသည် ထိုနေရာသို့ လျှင်မြန်စွာ ထွက်ခွာလာ၏။ မီးတုတ်ကြီးများ မြေတွင် စီတန်းစွာရှိနေ၏။ မီးတုတ်များမှာ ကြီးမားလှသော လေးထောင့်စပ်စပ် အုတ်ဂူကြီးများရှေ့တွင် စိုက်ထူထားခြင်းဖြစ်၏။

ဖိုးထွားသည် လူသားတစ်စုံတစ်ယောက်ကိုမျှ မတွေ့သော်လည်း အုတ်ဂူကြီးများကို စိတ်ဝင်စားကာ ပတ်ဝန်းကျင်ကို ခေတ္တမျှ မေ့လျော့သွား၏။

ထိုအခိုက် မြေကြီးထဲမှ သိမ့်ခနဲ၊ သိမ့်ခနဲ တုန်လှုပ်ပြီး သူ၏နောက်ကျောဘက်မှ မှန်မှန်ထွက်ပေါ်လာသော ခြေသံလိုလို အသံကြီးကို ကြားလိုက်ရတော့၏။

ဖိုးထွားသည် နောက်သို့ ဆတ်ခနဲလှည့်လိုက်၏။ မီးတုတ်များ အလင်းရောင်နှင့် မြင်တွေ့လိုက်ရသော မြင်ကွင်းကြောင့် ရုတ်တရက် အသက်ရှူရပ်တန့်သွားသလို ခံစားလိုက်ရ၏။



www.burmeseclassic.com

www.burmeseclassic.com



သာမန်လူထက် (၃)ဆမျှ ထွားကြိုင်းသော အရိပ်မည်းကြီးက သူ့ထံ လှမ်းလာနေ၏။

ဖိုးထွားသည် ကျောက်ရုပ်တုလို တောင့်တောင့်ကြီး ရှိနေ၏။

အရိပ်မဲကြီးက မှန်မှန်ပင် လှမ်းလာနေ၏။

ဖိုးထွားအတွက် စိုးရိမ်ထိတ်လန့်စိတ်က အဆုံးစွန်ထိ ဖြစ်ပေါ်နေချေပြီ။ တဖြည်းဖြည်း ဝိပြင်လာသော အရိပ်မည်းကြီး၏ ခြေလက်များနှင့် တစ်ကိုယ်လုံးသည် အမွေးအမျှင်တို့နှင့် ဖုံးလွှမ်းနေ၏။

၎င်း၏ခြေသံကလည်း မိုးခြိမ်းသံတမျှ ကျယ်လောင်သည်ဟု ထင်မှတ်ရကာ မည်မျှအင်အားကြီးမားသည်ကို ခန့်မှန်းနိုင်၏။

အရိပ်မည်းကြီး၏ ကြီးမားဝိုင်းစက်သော မျက်လုံးအစုံက နီရဲကာ အရောင်တဖျတ်ဖျတ်လက်နေ၏။

အရိပ်မည်းကြီးသည် ဖိုးထွား၏ရှေ့တည့်တည် ရောက်ရှိလာကာ ခေါင်းကိုငုံ့ပြီး





*"သွားစမ်း... သွားစမ်း၊ နောက် ဘယ်တော့မှ နတ်ကြီးတောကို ခြေချဖို့ မကြိုးစားနဲ့"*

ဟု အသံသြသြကြီးနှင့် ပြောလေ၏။

ဖိုးထွားသည် ဒူးညွှတ်၍ လဲပြိုသွား၏။ သူသည် ကြောက်လန့်ပြီး ထွက်ပြေးရန်မဆိုထားနှင့် ခြေအစုံက မတ်မတ် ရပ်ရန်ပင် ခက်ခဲနေ၏။

ရွာတွင် အထွားကြိုင်းဆုံး ဖိုးထွားသည် အရိပ်မဲကြီးရှေ့တွင် ကလေးငယ်တစ်ယောက်လိုသာ ဖြစ်နေ၏။ အရိပ်မည်းကြီးက ခါးကိုကိုင်းပြီး ဒူးထောက်ကာ လဲပြိုနေသော ဖိုးထွား၏မျက်နှာအနီးသို့ ၎င်း၏လက်ကြီးကို ဇွေ့ယမ်းပြီး

*"ငါက ဟောဒီက ဝူကြီးကိုးလုံးကို စောင့်ရှောက်နေတဲ့ အစောင့်ပဲ၊ ဟောဒီဝူကြီးကိုးလုံးထဲမှာ ငါ့ရဲ့ဘခင်မလေးကိုးပါး ရှိနေတယ်"*

ဟု အသံသြသြကြီးနှင့် ပြောပြန်၏။

ဖိုးထွားသည် မျက်လုံးပြူးကြောင်ကြောင်ဖြစ်ပြီး အရိပ်မည်း

www.burmeseclassic.com



ကြီး၏ နဖူးခေါင်းမွှေးကြီးနှင့် ချုံထက်သော အစွယ်များထွက်နေသော ပါးစပ်ကို အနီးကပ်မြင်တွေ့ကာ တုန်ရင်စွာနှင့်

"ကြောက်ပါပြီဗျာ၊ နောက်... နောက်ဆို နတ်ကြီးတောဘက်ကို ယောင်လို့တောင် ခြေဦး မလှည့်တော့ပါဘူး လူ့ဘီလူးကြီးရယ်"

ဟု တောင်းပန်လေတော့၏။ လူ့ဘီလူးကြီးက ဆတ်ခနဲ ရပ်တန့်ပြီး

"ကောင်းပြီ၊ မင်းကို ဒီတစ်ခါ ခွင့်လွှတ် လိုက်မယ်၊ အဲဒီအတွက် မင်းက ငါ့ကို တစ်ခု ပြန်ပြီးလုပ်ဆောင်ပေးရမယ်၊ ဒီနေ့ဟာ ငါ့ရဲ့သခင်မ လေးတွေ သေဆုံးသွားတဲ့ နှစ်ပေါင်းတစ်ရာတိတိ ပြည့်တဲ့နေ့ပဲ၊ သူတို့ကို ဂုဏ်ပြုရမယ်၊ သူတို့ဟာ ယော်ရွယ်နုပျိုတဲ့ အပျိုစင်လေးတွေဖြစ်ပြီး တေး သီချင်းနဲ့ ပျော်ပါးကခုန်တာကိုလည်း အလွန်ပဲ နှစ်သက်ကြတယ်"

ဟု ဆိုလေ၏။





ထို့နောက် ထူးဆန်းစွာပင် လူ့ဘီလူးကြီးသည် ခြေလက် များကို ကွေးညွှန်ခုန်ပေါက်ကာ အုတ်ဂူများကြားတွင် လှည့်ပတ် ကခုန်၏။

ဖိုးတွားသည် လူ့ဘီလူးကြီး၏ စေခိုင်းမှုအတိုင်း ပါးစပ်မှ ဆိုင်းတီးကာ လက်ခုပ်တဖြောင်းဖြောင်းနှင့် ရှိနေ၏။

လူ့ဘီလူးကြီးကလည်း တေးသီချင်းများ သီဆို၏။

၎င်း၏ တေးသီချင်းမှာ ဂူကြီးကိုးလုံးထဲမှ နဝရတ်ကိုးပါး မင်းသမီးကလေးများ၏ လှပချောမောမှုများကို စာဖွဲ့ထားခြင်းသာ ဖြစ်၏။

ထို့အပြင် သူသည် ထိုမင်းသမီးကလေးများ၏ ရုပ် အလောင်းများနှင့်တကွ ဂူအသီးသီးတွင်ထည့်သွင်းထားသော မင်းသမီးကလေးများ၏ အမည်အတိုင်းရှိသည့် ရတနာများကိုလည်း နှစ်ပေါင်းများစွာ သစ္စာရှိရှိ ကာကွယ်စောင့်ရှောက်နေကြောင်း တို့ဖြစ်၏။

လူ့ဘီလူးကြီးသည် ပျော်ရွှင်စွာနှင့် မမောတမ်း ကခုန် လျက်သာ ရှိ၏။

www.burmeseclassic.com



ဖိုးထွားသည်လည်း မရပ်နားရဲဘဲ ပါးစပ်ဆိုင်းနှင့် လက်ခုပ်ကို တီးနေရရှာ၏။

နောက်ဆုံးတွင် ကောင်းကင်၌ ရောင်နီပေါ်လာမှပင် လူ့ဘီလူး ကြီးက တုံ့ခနဲရပ်တန့်ပြီး ဖိုးထွားကို မျက်လုံးနီကြီးနှင့် စူးစိုက်ကြည့်ကာ

*"သွားပေတော့၊ နတ်ကြီးတောကနေ ဝေးရာကိုသွားပေတော့"*

ဟု အမိန့်ပေးလေ၏။

ဖိုးထွားသည် အခွင့်ရလျှင်ပင် နောက်ကြောင်းသို့ ပြန်လှည့်မကြည့်တော့ဘဲ တစ်ချိုးတည်း ခြေကုန်သုတ်လေ၏။

သူသည် ပြေးလွှားရင်း အတန်ကြာလျှင် သူမှတ်သားထားခဲ့သည့် သစ်ပင်များမှ အမှတ်အသားများကိုတွေ့ပြီး ထိုလမ်းအတိုင်း ခရီးဆက်၏။

သို့သော် သူသည် ဆက်လက်ပြေးလွှားနေရင်း ထိုနေရာတွင်သာ တဝဲလည်လည်ဖြစ်နေမှန်း သတိပြုမိ၏။ ထူးဆန်းစွာပင် သစ်ပင်တိုင်း၌ အမှတ်အသားများရှိနေ၏။





ဖိုးထွားသည် ထိုအဖြစ်ကြောင့် ရပ်တန့်၍လည်း မနေရဲချေ။

သူသည် ပြေးလွှားဆဲသာဖြစ်၏။

နောက်ဆုံးတွင် ဖိုးထွားအတွက် မဟာန်နိုင်တော့ဘဲ မှိုင်းခနဲလဲကျကာ သတိကင်းလွတ်သွားတော့၏။

www.burmeseclassic.com



**နဝရတ်ကိုးပါးရတနာသိုက်**

မှဆိုးသာခံကြီးသည် လက်ဖက်ရည်ကြမ်းကို တစ်ခွက်ပြီး တစ်ခွက် သောက်လိုက် ရှူကိုးလုံးနှင့် အစောင့်ဘီလူးကြီး၏ အကြောင်းကို ပြောလိုက်ဖြင့် ရှိနေ၏။

ထို့နောက် သာခံကြီးက စကားကို လက်စသတ်ပြီး

*"အဖြစ်အပျက်ကတော့ အဲဒါပဲ စောသာထူး၊ တကယ်တော့ ငါ့ရဲ့ဦးလေး ဦးဖိုးထွားဟာ မထင်*





*မှတ်ဘဲ လွန်ခဲ့တဲ့နှစ်ပေါင်းတစ်ရာ ကျော်ကရှိခဲ့တဲ့ နဝရတ်ကိုးပါးသိုက်ကို ရောက်သွားခဲ့တာပဲ၊ နဝရတ်ကိုးပါးသိုက်ဆိုတာ တို့ငယ်စဉ်ကတည်းက လူကြီးသူမတွေပြောခဲ့ဖူးတဲ့ ပုံပြင်လိုလို ဒဏ္ဍာရီလိုလို နတ်ကြီးတောထဲမှာရှိတဲ့ သိုက်တစ်ခုဆိုတာ မင်းလည်းကြားဖူးမှာပါ၊ မင်းသမီးလေးကိုးပါးဟာ နဝရတ်ကိုးပါးရဲ့ ရတနာအမည်အတိုင်း ဣန္ဒနီလာ မင်းသမီး၊ စိန်မင်းသမီး၊ ဂေါမုတ်မင်းသမီး၊ ဥဿဖယားမင်းသမီး၊ မြမင်းသမီး၊ သန္တာမင်းသမီး၊ ပုလဲမင်းသမီး၊ ကြောင်မင်းသမီး၊ ပတ္တမြားမင်းသမီး တွေပဲလို့ဆိုတယ်၊ အဲဒီလိုပဲ သူတို့ရဲ့ရုပ်အလောင်း တွေရှိတဲ့ အုတ်ဂူကြီးတွေထဲမှာ ဣန္ဒနီလာမင်းသမီး ရဲ့အုတ်ဂူဆိုရင် ဣန္ဒနီလာ ကျောက်မျက်တွေ အပြည့်အသိပ်ရှိနေပြီး စိန်မင်းသမီးရဲ့အုတ်ဂူထဲမှာ ဆိုရင် စိန်တွေအပြည့်အသိပ်ရှိနေတယ် စသည်ဖြင့် ရတနာတွေ ထည့်သွင်းထားတယ်တဲ့၊ အဲဒီနဝရတ်*



www.burmeseclassic.com

www.burmeseclassic.com



ထိုသိုက် ဘယ်လိုဖြစ်တည်လာသလဲဆိုတာတော့ ဘယ်သူမှမသိဘူး”

ဟု ဆိုလေ၏။

စောသာထူးသည် ထိတ်လန့်ဖွယ်အကြောင်းများကို နားထောင်ပြီး ခေါင်းယမ်းကာ

“အဲဒါတွေကိုယုံဖို့တော့ တော်တော်ခက်တယ်”

ဟု ပြောလေ၏။ သာစံကြီးက ဆတ်သားခြောက်ဖုတ်ကို ဝါးရင်း

“မင်းမယုံရင်လည်း မတတ်နိုင်ဘူး၊ တစ်ခုတော့ရှိတယ်၊ အဲဒီအဖြစ်အပျက်ကို ကိုယ်တွေ့ကြုံခဲ့ရတဲ့ ဦးလေးဦးဖိုးထွားဟာ အခုထိ ရွာမှာ သက်ရှိထင်ရှားရှိနေတုန်းပဲ၊ သူဟာ ဒီအကြောင်းတွေကို ဘယ်သူ့ကိုမှ ပြောမပြခဲ့ဘူး၊ မင်းသွားမေးရင်လည်း အဖြေပေးမှာမဟုတ်ဘူး၊ အဲဒီအချိန်က သူဟာ နတ်ကြီးတောထဲမှာ ထိတ်လန့်တုန်လှုပ်ခဲ့ရတဲ့





မြင်ကွင်းတွေနဲ့ ကြုံတွေ့ပြီး ရွာကိုပြန်ရောက်တော့လည်း ဘယ်သူ့ကိုမှ မျက်နှာမပြရဲအောင် အရှက်ရခဲ့တယ်ကွ၊ သူဟာ နတ်ကြီးတောထဲမှာ တဝဲလည်လည်နဲ့ ပြေးလွှားရင်း သတိကင်းလွတ်သွားခဲ့တယ်၊ သတိပြန်ရလာတဲ့အခါမှာတော့ နတ်ကြီးချောင်းရဲ့ ကမ်းစပ်ကိုရောက်နေတာ တွေ့ရတယ်၊ မိုးကလင်းနေပြီဆိုတော့ တစ်ဖက်ကမ်းကလာနေတဲ့ လှေစုလှေဝေးကြီးကိုလည်း လှမ်းတွေ့လိုက်ရတယ်၊ သူ့အမေ ဒေါ်စိန်ထွားနဲ့ သူကြီးဦးဆောင်တဲ့ ရွာသားတွေပေါ့ကွာ၊ ဒေါ်စိန်ထွားက သူ့သားထွက်သွားပြီး နောက်တစ်နေ့မှာပဲ သူကြီးကို အပူကပ်ပြီး နတ်ကြီးချောင်းတစ်ဖက်ကမ်းက အခြေအနေကို စောင့်ကြည့်မယ်လို့ တိုက်တွန်းခဲ့တာကိုး၊ ဒီမှာတင် ရွာသားတွေဟာ ဖိုးထွားကို ချောင်းကမ်းစပ်မှာ လဲနေတာမြင်တွေ့ပြီး ဝိုင်းဝန်းလှောင်ပြောင်ခဲ့ကြတယ်၊ ဘာကြောင့်လဲဆိုရင်



www.burmeseclassic.com

www.burmeseclassic.com



*သူတော နတ်ကြီးတောကိုမဝင်ဘဲ ချောင်းစပ်မှာတင် တစ်ညလုံးရှိနေတယ်လို့ အားလုံးက သတ်မှတ်လိုက်ကြလို့ပဲ၊ ဦးဖိုးထွားဟာ သူကြုံတွေ့ခဲ့ရတာတွေကို ရွာသားတွေဆီ ဖောက်သည်ချရင်လည်း ဘယ်သူမှ ယုံကြည်မှာမဟုတ်မှဲအတူတူ အဲဒီအဖြစ်အပျက်ကို နှုတ်ပိတ်ထားလိုက်တော့တယ်၊ ထင်ချင်ရာထင်ကြပါစေလို့လည်း သဘောထား လိုက်တော့တယ်၊ ငါ့ကိုတောင်မှ မုဆိုးဖြစ်ငဲ့အတွက် မတော်တဆ နတ်ကြီးတောဘက်ကို ရောက်သွားမှာစိုးလို့ သူ့အကြောင်းတွေ တိုးတိုးတိတ်တိတ် ဖွင့်ပြောခဲ့တာကွ၊ ငါကတော့ ဦးလေးဦးဖိုးထွားရဲ့ စကားတွေကို ယုံကြည်တယ်"*

ဟု ပြောပြန်၏။

စောသာထူး၏ခေါင်းထဲတွင် ရှုပ်ထွေးလျက်ရှိ၏။

ထို့နောက် ၄င်းသည် လက်သီးကို ကျစ်ကျစ်ပါအောင် ဆုပ်၍





*"စောသာထူးတို့က လုပ်ရင်လည်း အပြတ်ပဲ လုပ်တယ်ဟော၊ ငါ့သားနဲ့ ငါ့မယားရှေ့ရေးအတွက် နတ်ကြီးတောကို မဖြစ်မနေဝင်မယ်ကွာ၊ မုဆိုးဆိုတာ တောထဲမှာ အန္တရာယ်တွေနဲ့ မပြတ်ကြုံတွေ့နေရတာပဲ၊ သေတစ်နေ့၊ မွေးတစ်နေ့ပဲ သာဖကြီးရေ"*

ဟု ကြုံးဝါးလိုက်တော့၏။

ဤသို့ဖြင့် စောသာထူးသည် သာဖကြီးအား အဖော်စပ်၍ မရသည့်အပြင် တုန်လှုပ်ဖွယ်ရာ အကြောင်းများကိုပါ ကြားခဲ့ရ၏။

ထိုအတိုင်းဆိုလျှင် စောသာထူးအတွက် တစ်ကိုယ်တည်းသာ နတ်ကြီးတောသို့ ဝင်ရပေလိမ့်မည်။ သူနှင့်အတူ မည်သူက အဖော်လိုက်ဝံ့ပါမည်နည်း။

ထို့နောက် စောသာထူးက အချိန်မဆိုင်းတော့ဘဲ ခရီးထွက်ရန် ပြင်ဆင်လေရာ ကိုယ်ဝန်အရင့်အမာကြီးနှင့် အားမူက

*"ဇေ့… စောသာထူး၊ နင့်ကို တားမရလို့*



www.burmeseclassic.com

www.burmeseclassic.com



ဆက်ကြည့်ရှုရတာ ငါ စိတ်မချဘူး၊ နင် တောဝင်ရင် ကညင်ပင်မောင်နှမနတ်ကွန်းကို သေသေချာချာ ဦးခိုက်သွားပါ''

ဟု မှာလေ၏။

ဦးရွှေလုံးကြီးက ထပ်၍

''စောသာထူး၊ ဇော်ဂျီဂမှန်းမှာ ဇော်ဂနီနဲ့ ဇော်ဂနက်ဆိုပြီး နှစ်မျိုးရှိတယ်၊ ဆရာကြီးလိုအပ်တာ နှစ်မျိုးစလုံးပဲ၊ မင်းရဲ့မိန်းမအတွက်လည်း ဘာမှမပူနဲ့၊ ငါတို့ သေသေချာချာ စောင့်ရှောက်ထားမယ်၊ ဆရာကြီးကတော့ အဲဒီဇော်ဂျီဂမှန်းကို (၁၀)ရက်အတွင်းမှ မရရင် ငါ့သား ရွှေလုံးရဲ့ပယောဂကိုကုမဲ့ဆေးဖော်ဖို့ အချိန်မမီတော့ဘူးလို့ ဆိုတယ်၊ ဒါကြောင့် မင်းအနေနဲ့ ဒီကို (၁၀)ရက်အတွင်း အရောက်ပြန်လာစေချင်တယ်''

ဟု မှာပြန်၏။

နတ်ကြီးတောသို့ရောက်ရန် သူတို့ရွာမှနေ၍ တစ်တောဝင်





တစ်တောင်တက်ကာ တစ်နေ့လုံး ခရီးကြမ်းနှင်ရပေမည်။

စောသာထူး ခရီးထွက်မည့်နေ့တွင် တစ်ရွာလုံး ရွာပြင်အထိ လိုက်လံပို့ဆောင်ကြ၏။

စောသာထူးသည် ရွာပြင်တွင် အားမွှနှင့်တကွရွာသားများတို့ နှုတ်ဆက်၍ ထွက်ခွာလာရာ အခါတိုင်းနှင့် မတူဘဲ စိတ်တထင့်ထင့်ရှိနေ၏။

အားမွှကမူ ကညင်ပင်မောင်နှမနတ်ကွန်းကို ဦးခိုက်၍ ဘေးကင်းရန်ကွာ ဆုတောင်းသွားရန် တဖွတ်တွတ် သတိပေးနေလေ၏။

စောသာထူးသည် သင်တိုင်းရှည်နှင့် လုံချည်ကို တိုတိုပင်ဝတ်ဆင်ထား၏။

ခါးတွင် လုံချည်မြဲစေရန် သားရေခါးပတ်ပြားကြီး ကိုပတ်၍ထား၏။

ကျောထက်၌ ပလိုင်းကြီးတစ်လုံးနှင့် လက်စွဲတော်ဓားလေးကို လွယ်ပိုး၍ထား၏။

သူ၏ နှုတ်ခမ်း၌မူ ဝါးဆေးတံကို မချတ်တန်ခဲ၍



www.burmeseclassic.com

www.burmeseclassic.com



ချည်ကြမ်းတစ်အက်တစ်ထည်ကို ခေါင်းတွင် ပေါင်းကာထား [illegible]။

သူ၏လက်တွင်း၌ ဓါးမတစ်ချောင်းကို ကျစ်ကျစ်ပါအောင် ဆုပ်ကိုင်ပြီး ရုတ်တရက်ပေါ်ပေါက်လာတတ်သော အန္တရာယ်များအတွက် လက်နက်အဖြစ် အသုံးပြုကာ တောတိုးရာတွင်လည်း လမ်းထွင်ရာ၌ အသုံးတည့်လေ၏။

ဤသည်မှာ မုဆိုးစောသာထူး၏ မပြောင်းလဲသော ပုံသဏ္ဍာန်သာဖြစ်၏။

ပြောင်းလဲနေသည်က သူ၏ လေးလံသောစိတ်နှင့် ခြေလှမ်းတို့သာ ဖြစ်၏။

စောသာထူးသည် ခါတိုင်းနှင့်မတူဘဲ နတ်ကြီးတောသို့ ဦးတည်ရာတွင် တက်ကြွလန်းဆန်းမှု ကင်းမဲ့နေလေ၏။

သူသည် အချိန်အတန်ကြာမျှ သွားလာမိလျှင် မြင့်မားသော ကညင်ပင်ကြီးနှစ်ပင်ရှေ့သို့ ရောက်လာ၏။

ထိုအပင်ကြီး များ၏အခြေ မြေကွက်လပ်တွင် နတ်ကွန်းတစ်ခုလည်းရှိ၏။





သူတို့တစ်ရွာလုံး တောဝင်၍ ဟင်းရွက်ခူးသည်မှအစ သစ်ခုတ်ဝါးခုတ်လုပ်သူများ၊ မုဆိုးများအားလုံး တောမဝင်မီ ဤနတ်ကွန်းတွင် မူဇော်ပသသွားကြမြဲဖြစ်၏။

မုဆိုးစောသာထူးမှာ မူလကတည်းက ထိုသူများနှင့် မတူသော စိတ်ထားရှိ၏။

သူသည် မည်သည့်အရာကိုမျှ ယုံကြည်ကိုးကွယ်ခြင်း မရှိချေ။ သူ၏ ရင့်ကျက်သောအတွေ့အကြုံနှင့် သန်မာတောင့်တင်းသော ခြေလက်များကိုသာ အားကိုးသူဖြစ်၏။

သူ မုဆိုးသက်တမ်းတစ်လျှောက် ကညင်ပင်မောင်နှမ နတ်ကွန်းရှေ့မှ အကြိမ်ကြိမ်ဖြတ်သန်းခဲ့၏။ တစ်ကြိမ်မျှ ဦးခိုက်ပူဇော်ခြင်း မပြုခဲ့ချေ။

ယခုလည်း နတ်ကွန်းရှေ့သို့ရောက်လျှင် အားမူ၏ အမှာစကားကို ကြားယောင်ပြီး ပြုံးလိုက်မိ၏။ သူ၏ခြေလှမ်းကမူ တုံ့ဆိုင်းခြင်းမရှိဘဲ တရွေ့ရွေ့ သွားလာနေဆဲ သာဖြစ်၏။



www.burmeseclassic.com

www.burmeseclassic.com



အသက်ကယ်ချွေကြိုး

မုဆိုး စောသာထူးသည် ကြည်လင်သော နတ်ကြီးချောင်းရေပြင်ကို စူးစိုက်ကြည့်နေ၏။ ချောင်း၏တစ်ဖက်ကမ်းတွင် နတ်ကြီးတော ရှိ၏။

သူသည် ညနေစောင်းအချိန်တွင် ထိုနေရာသို့ ရောက်လာခဲ့၏။





ချောင်းရေက တစ်ဖက်ကမ်းသို့ အလွယ်တကူ ကူးဖြတ်သွားလာနိုင်လောက်အောင် သူ၏ဒူးဆစ်မျှသာ နက်၏။

ကြည်လင်သောရေအောက်မှ ကျောက်တုံး ကျောက်စိုင်များ သွားလာကူးခပ်သောငါးများကို အတိုင်းသား မြင်တွေ့နေရ၏။

တစ်ဖက်ကမ်းသို့ အလွယ်တကူ ဖြတ်သန်းနိုင်သော်လည်း စောသာထူးသည် ချီတုံချတုံ ဖြစ်နေ၏။ နောက်တစ်နေ့မှပင် ချောင်းကိုဖြတ်၍ နတ်ကြီးတောသို့ဝင်တော့မည်ဟု ဆုံးဖြတ်လိုက်၏။

မကြာမီလည်း မှောင်စပျိုးတော့မည် မဟုတ်ပါလား။ သူသည် ထိုအချိန်တွင် မိတ်ဆွေဖြစ်သူ မုဆိုးသာဓိကြီးပြောလိုက်သည့် ဝှက်ိုးလုံးနှင့် အစောင့်ဘီလူးအကြောင်း ခေါင်းထဲသို့ ဖျတ်ခနဲ ရောက်လာ၏။

ထိုအခါ စောသာထူးသည် အလိုအလျောက်ပင် ကျောထဲတွင် စိမ့်ပြီး ကြက်သီးဖြန်းခနဲထသွား၏။ ချက်ချင်းပင် သူ့ကိုယ်သူ မကျေမနပ်နှင့်

"အယ်... ငါက ဘာဖြစ်နေတာလဲ၊ ငါ့လို မုဆိုးရင့်မကြီးက ဘာတွေကိုတွေးပြီး ကြောက်



www.burmeseclassic.com

www.burmeseclassic.com



ယုံနေရမှာလဲ၊ ဘယ်လိုအန္တရာယ်မျိုးတွေ ကြုံကြုံ
တုံးတိုက်တိုက် ကျားကိုက်ကိုက်ပဲပေါ့ကွာ၊ မမြင်ရ
တဲ့ ဟာတွေကိုလည်း မကြောက်ဘူး၊ မြင်ရတဲ့
ဟာတွေကိုလည်း မကြောက်ဘူး၊ သာဓုကြီးက
လူတကာကို အမြဲတမ်းနောက်ပြောင်နေတတ်
တော့ ငါ့ကိုလည်း ဒီအကြောင်းတွေ အတည်
ပေါက်နဲ့ နောက်ပြောင်ပြောလိုက်တာဖြစ်မှာပဲ၊
ဟုံးနှစ်ပေါင်းတစ်ရာလောက်က သေသွားတဲ့လူတွေ
အစောင့်ဘီလူးတွေဆိုတာ ဘယ်လိုလုပ်ရှိနိုင်
တော့မလဲ၊ သာဓုကြီး စိတ်ကူးယဉ်ပြီး နောက်ပြောင်
ပြောလိုက်တာ အမှန်ပါပဲ"

ဟု ရေရွတ်ကာ အားတင်းလိုက်၏။

ထို့နောက် စောသာထူးအတွက် စခန်းချရန် များစွာ ပြင်ဆင်
စရာမလိုချေ။

ထိုနေရာနှင့် မလှမ်းမကမ်းတောစပ်တွင် သစ်ခုတ်
သမားများ အသုံးပြုခဲ့သည့် စခန်းဟောင်းတစ်ခုရှိ၏။





စခန်းဟောင်းက မျက်စီးနေလောက်ပြီဖြစ်သော်လည်း
တစ်ညတာ အိပ်စက်ရန်အတွက်မူ အသုံးဝင်လောက်ပေဦးမည်။

စောသာထူးသည် စခန်းဟောင်းအနီး၌ ရာဘာရှူင်ပင်
တစ်ဖက်ရပ်တဲကလေးတစ်လုံး၏ ပေါက်ပြဲနေသော ထရံအကွယ်
မှ မိန်းမတစ်ယောက်၏ တရှုံ့ရှုံ့ ငိုကြွေးသံကို ကြားလိုက်ရလေ၏။

သူသည် ပါးစောင်မှဝါးဆေးတံကို ဆတ်ခနဲချွတ်ပြီး
မျက်ခုံးနှစ်ဖက် မြင့်တက်ကာ

"မိန်းမတစ်ယောက် ငိုနေတဲ့အသံပါလား၊
ဒီနေရာဟာ သစ်ခုတ်သမားတွေ၊ မုဆိုးတွေတောင်မှ
အသွားအလာမရှိသလောက်ပဲ၊ ခရီးသွားတွေဆိုတာ
လည်း တောလမ်းမှမပေါက်တော့ ဒီကို ရောက်စရာ
အကြောင်းမရှိဘူး၊ ဒါ... ဒါ နတ်ကြီးတောကို
မဝင်လာမီကတည်းက ငါ့ကို တောခြောက်တာများ
လား"

ဟု တွေးလိုက်မိ၏။

ငိုရှိုက်သံကမူ ဆက်လက်ထွက်ပေါ်ဆဲဖြစ်၏။



www.burmeseclassic.com

www.burmeseclassic.com

စောသာထူးသည် ဖြစ်ချင်ရာဖြစ်စေဟု သဘောထားကာ ထောင်တစ်ဖက်တွင် အသင့်ကိုင်ဆောင်ထားသော ဓါးမနှင့် ဝါးထရံတို့ ခုတ်ဆက် ပုတ်ပြီး

*"ဟော... ဟော ဘယ်သူလဲကွ၊ ငိုနေတာ"*

ဟု အသံပေးလိုက်၏။

ငိုသံက ရုတ်ခြည်းရပ်တန့်သွား၏။ ထိုအချိန်၌ စောသာထူးသည်လည်း တဲပေါက်ဝသို့ ရောက်ရှိသွားပြီဖြစ်၏။

တဲတွင်းရှိ ယိုင်နဲ့နဲ့ ကွပ်ပျစ်ပေါ်တွင် လဲလျောင်းနေသူတစ်ယောက်နှင့် ငိုကြွေးရာမှ ရပ်တန့်ကာ မျက်လုံးကလေးဝိုင်းပြီး သူ့ကိုကြည့်ရှုနေသော မိန်းကလေးတစ်ယောက်ကို တွေ့လိုက်ရ၏။

စောသာထူးက မျက်မှောင်ကြုတ်၍ ထိုသူနှစ်ဦးကို စူးစမ်းရင်း လူသားစစ်စစ်များဖြစ်ကြောင်း သေချာသွားလျှင်

*"ဝေ... မိန်းကလေး၊ နင်တို့ ဒီမှာ ဘာလုပ်နေတာလဲ၊ ဟိုအဘွားကြီးက ဘာဖြစ်တာလဲ၊ နင်တို့က ဘယ်ကလာပြီး ဘယ်ကို သွားမှာလဲ၊*





*ငါက မုဆိုးစောသာထူးပဲ"*

ဟု မေးခွန်းများ တရစပ်မေးပြီး သူ့ကိုယ်သူ မိတ်ဆက်၏။

မိန်းကလေးသည် ခရီးကြမ်းကို နှင်လာရဟန် နွမ်းလျနေ၏။ သူမ၏အသက်က (၂၀)ကျော်ရုံမှသာ ရှိပေမည်။ သူမသည် အရောင်အဆင်း လွင့်ပြယ်နေပြီဖြစ်သော ပင်နီရင်စေ့အင်္ကျီနှင့် ခပ်နွမ်းနွမ်း ပွင့်ရိုက်လုံချည်ကို ဝတ်ဆင်ထား၏။

သူမသည် သာမန်ကျေးတောသူကလေးတစ်ယောက်၏ အသွင်အပြင်မျိုးသာရှိ၏။ သို့သော် မုဆိုးစောသာထူးအတွက် မြင်တွေ့ဖူးသမျှ မိန်းမထဲတွင် ထိုမိန်းကလေးလောက် ခန္ဓာကိုယ်အချိုးအဆက်လှပသော၊ အသားအရည်ဝင်းဝါစိုပြေသော၊ နက်မှောင်ရှည်လျားပြီး ပိတုန်းရောင်တောက်နေသော ဆံကေသာပိုင်ရှင်မျိုးကို မမြင်တွေ့ခဲ့ဖူးချေ။

သူသည် မိန်းကလေးကို မေးခွန်းများမေးမြန်းပြီးလျှင် တစ်ဆက်တည်း သူမ၏လှပချောမောမှုကို သတိပြုမိ၏။ သူသည် အသက် (၂၀)လောက် ပြန်၍ငယ်သွားလျှင် ထိုမိန်းကလေးအား မြင်လျှင်မြင်ချင်း ချစ်ခွင့်ပန်မိမည်ဖြစ်၏။



www.burmeseclassic.com

www.burmeseclassic.com

မိန်းကလေးသည် အဘယ်ကြောင့်များ သက်ကြီးရွယ်အို အဘွားအိုတစ်ယောက်နှင့် ထိုနေရာသို့ ရောက်ရှိနေသည်မသိချေ။

အဘွားအိုမှာလည်း ကောင်းစွာကျန်းမာဟန်မတူချေ။ မိန်းကလေးက စောသာထူးကို ခြေဆုံးခေါင်းဆုံးကြည့်ပြီး နတ်ကြီးတောဘက်သို့ လက်ညှိုးညွှန်ကာ

*"ကျွန်မက, ဟော်ဒီ နတ်ကြီးတောထဲမှာ နေတဲ့ နတ်ကြီးတောသူပါရှင်"*

ဟု အဖြေပေး၏။

စောသာထူး၏နှုတ်ဖျားမှ ဝါးဆေးတံက ပြုတ်ကျသွား၏။ မျက်လုံးအစုံက ပြူးကျယ်ပြီး မိန်းကလေးကို တစ်လှည့်၊ နတ်ကြီးတောဘက်သို့တစ်လှည့် ကြည့်ရှုရင်း

*"မိန်းကလေး... မင်း ဘာတွေပြောနေတာလဲ၊ နတ်ကြီးတောဆိုတာ ဘယ်လိုနေရာမျိုးလဲ ဆိုတာ မင်းသိရဲ့လား၊ မင်းက နတ်ကြီးတောသူဆိုပြီး ငါ့ကို နောက်ပြောင်ပြောနေတာလား"*

ဟု ဆိုလိုက်၏။





မိန်းကလေးက ကွပ်ပျစ်ထက်မှဆင်းပြီး

*"ကျွန်မဟာ မွေးကတည်းက အခုအသက်အရွယ်ထိ နတ်ကြီးတောထဲမှာ ကြီးပြင်းခဲ့တာပါ၊ မုဆိုးကြီးကို နောက်ပြောင်စရာ အကြောင်းမရှိပါဘူး၊ လောလောဆယ် ကျွန်မတို့ မြေးအဘွား ဒုက္ခတွေ့နေတာပါ၊ ဒါကြောင့် မုဆိုးကြီးရဲ့ မလှီလားအဝ်တဲ့မေးခွန်းတွေကို ရပ်ပြီး ကျွန်မတို့ကို အကူအညီပေးစေချင်ပါတယ်"*

ဟု ပြောလေရာ စောသာထူးလည်း ကွပ်ပျစ်ထက်တွင် လဲလျောင်းနေသော အဘွားအိုထံ ယခုမှစိတ်ရောက်ပြီး

*"အဘွားက ဘာဖြစ်နေတာလဲ၊ ကျုပ်က ဘာအကူအညီပေးရမလဲ"*

ဟု မေးမြန်းလိုက်၏။

မိန်းကလေးက သက်ပြင်းချပြီး ဝေ့ဝဲလာသော မျက်ရည်စတို့ကြောင့် မျက်တောင်ကလေး ပုတ်ခတ် ပုတ်ခတ်လုပ်၍

*"ကျွန်မရဲ့အဘွားအသက်က အချိန်နဲ့အမျှ*



www.burmeseclassic.com

www.burmeseclassic.com



အရေးကြီးနေပါတယ်၊ ကျွန်မတို့ မြေးအဘွား နေလယ်ကတည်းက နတ်ကြီးတောရဲ့ နယ်နမိတ်ဖြစ်တဲ့ ဒီချောင်းကလေးကိုကျော်ဖြတ်ပြီး ဒီဘက်တောထဲကို ရောက်ခဲ့တာပါ၊ အဲဒီမှာ မျောက်တစ်အုပ်ရဲ့နှောင့်ယှက်တာကို ခံရပါတယ်၊ မျောက်တွေက လူကို အန္တရာယ်ဖြစ်လောက်အောင် မနှောင့်ယှက်ပေမဲ့ အဘွားရဲ့လည်မှာဆွဲထားတဲ့ ငွေဆွဲကြိုးကိုဖြုတ်ပြီး ထွက်ပြေးပါတယ်၊ ငွေဆွဲကြိုးက တော်တော်လေးကြီးမားပါတယ်၊ ဆွဲကြိုးနဲ့အတူ ငွေကြုတ်တစ်ခုပါ တွဲရက်ရှိနေပါတယ်၊ ကျွန်မတို့ မြေးအဘွား ဆွဲကြိုးကို ဖြုတ်ယူသွားတဲ့ မျောက်ရဲ့နောက်ကို လိုက်ပေမဲ့ ဘယ်လိုမှ အမိမဖမ်းနိုင်ခဲ့ပါဘူး၊ မကြာခင်လည်း မှောင်လာတော့မယ် မဟုတ်လား''

ဟု ဆိုလေ၏။

စောသာထူးက မျက်မှောင်ကြုတ်ပြီး





''မင်းတို့အတွက် ဒီငွေဆွဲကြိုးက ဘယ်လောက် အရေးကြီးနေလို့လဲ၊ ဒီတောထဲက မျောက်တွေက တော်တော်လေး သောင်းကျန်းကြတယ်၊ သူတို့ဟာ လူရဲ့အမူအကျင့်ကို အတုခိုးပြီး လုပ်တတ် ကြတယ်''

ဟု ပြောလေရာ မိန်းကလေးက ခေါင်းညိတ်ပြီး

''ဟုတ်ပါတယ်၊ အဲဒီမျောက်ဟာ အဘွားရဲ့ငွေဆွဲကြိုးကြီးကို သူ့ရဲ့လည်းပင်မှာဆွဲထားတာကို တွေ့လိုက်ရတယ်၊ တကယ်တော့ အဲဒီဆွဲကြိုးကို သာပြန်မရရင် အဘွားဟာ နောက်တစ်နေ့မကူးခင် အသက်သေဆုံးသွားလိမ့်မယ်''

ဟု ပြောဆိုလေ၏။

စောသာထူးက အူကြောင်ကြောင်နှင့်

''ငွေဆွဲကြိုးနဲ့ အဘွားအိုရဲ့အသက်က ဘယ်လိုသက်ဆိုင်နေလို့လဲ၊ ငါတော့ ဦးနှောက်ခြောက်လာပြီဗျ''



www.burmeseclassic.com

www.burmeseclassic.com



ဟု ဆိုလိုက်၏။

မိန်းကလေးက တလေးတစားပင် မျက်နှာငယ်ကလေးနှင့်

*"မှဆိုးကြီးရယ်… မလိုအပ်တဲ့မေးခွန်းတွေ မေးပြီး အချိန်မဖြုန်းပါနဲ့တော့၊ ကျွန်မပြောတာကို ယုံစမ်းပါ၊ ဒီညပဲ အဲဒီမျောက်ကို ဖမ်းပြီး ဆွဲကြိုးဖြန့်ရဖို့ မှဆိုးကြီးကို အကူအညီတောင်းပါရစေ"*

ဟု ပြောလေတော့၏။





**၆။ပြဒါး**

မုဆိုးစေသာထူးသည် ခေါင်းပေါင်းတဘက်ကိုဖြုတ်၍ မျက်နှာကိုပွတ်သပ်၏။ ခေါင်းကိုလည်း တဗျင်းဗျင်းမြည်အောင် ကုတ်ကာ

*"ဒီလိုတောနက်ထဲမှာ အမှောင်ကလည်း ကျတော့မယ်၊ မျောက်တစ်ကောင်ကို ဘယ်လို ရှာဖွေပြီး ဖမ်းဆီးရမလဲကွ၊ ငါလို မုဆိုး*



www.burmeseclassic.com

www.burmeseclassic.com



တစ်ယောက်မပြောနဲ့၊ မိုးပေါ်က သိကြားမင်းကြီး ဆင်းလာပြီးတောင် အဲဒီမျောက်ကို ဖမ်းဖို့ မလွယ်ဘူး"

ဟု ညည်းညူလေ၏။

မိန်းကလေးက ခေါင်းညိတ်ပြီး

"ဒီအခြေအနေအတိုင်းတွက်ကြည့်ရင် ဒီအလုပ်ဟာ မဖြစ်နိုင်ဘူးဆိုတာ မှန်ပါတယ်၊ ဒါပေမဲ့ ကျွန်မဆီမှာ မျောက်ကို ဖမ်းဆီးဖို့ နည်းလမ်းရှိပါတယ်၊ ဒါနဲ့ မုဆိုးကြီးက ဒူးလေး ပစ်ခတ်တာတော့ ကျွမ်းကျင်ပါတယ်နော်၊ ဒူးလေး ပစ်ချက်က ဘယ်လိုမှ အမှားအယွင်းခံလို့ မဖြစ်ဘူး"

ဟု ဆိုပြန်၏။

စောသာထူးက လက်မထောင်ပြီး

"ကျုပ်ရဲ့လက်ကို စိတ်ချပါ၊ ဆံခြည် တစ်မျှင်တောင် မလွဲစေရဘူး၊ တစ်ကောင်





တစ်ချက် စောသာထူးလက်ပဲ"

ဟု ခပ်ကြွားကြွားပြောလိုက်၏။

မိန်းကလေးက အားတက်သွားဟန်နှင့် မလှုပ်မယှက် လဲလျောင်းနေသော အသွားအိုကိုကြည့်ပြီး

"ဟုတ်ပြီလေ၊ အချိန်ရှိတိုင်း မျောက်ဖမ်းပွဲကို စကြရအောင်လား၊ ကျွန်မက မုဆိုးကြီးကို ပစ္စည်းလေးတစ်ခုပေးလိုက်မယ်၊ မုဆိုးကြီးက အဲဒီပစ္စည်းကလေးကို အသုံးပြုပြီး မျောက်တွေကို မြူဆွယ်ရမယ်၊ အဲဒီမျောက်တွေထဲမှာ ငွေဆွဲကြိုး ကြီး ဆွဲထားတဲ့မျောက်ကိုမြင်ရင် လက်မနှေးစေနဲ့ပေါ့၊ အဲဒီမျောက်ဆီက ငွေဆွဲကြိုးကို မိုးမလင်းခင် ရမှဖြစ်မယ်ဆိုတာ မုဆိုးကြီးကို ထပ်ပြီးသတိပေး လိုက်ပါရစေ"

ဟု ပြောကာ သူမ၏ ခရီးဆောင်အိတ်ဟောင်းကလေးထဲမှ ရှည်မျောမျော သံဖြူဘူးကလေးတစ်ခုကို ယူလေ၏။

ထိုအချိန်တွင် နေလုံးကြီးက တောင်စဉ်အထပ်ထပ်နောက်



www.burmeseclassic.com

www.burmeseclassic.com



ကွယ်တွင် ငုပ်လျှိုးသွားပြီဖြစ်ရာ အမှောင်ထုက လွှမ်းခြုံလာ၏။

မိန်းကလေးက ဆက်၍ သံဖြူဘူးကိုဖွင့်ရာ အတွင်းမှ ဥသျှစ်သီးခန့် လုံးဝန်းသောအရာတစ်ခုကိုထုတ်၍ လက်ဖဝါးပေါ်တင်လေ၏။

ထိုအရာမှ ဖြူဖွေးလင်းလက်သော အရောင်တို့ ထွက်ပေါ်နေ၏။

သူတို့အနီးတွင်လည်း ထိုအရာမှအလင်းရောင်ကြောင့် မီးတုတ်တစ်ခု ထွန်းညှိလိုက်သလို လင်းလက်နေ၏။

စောသာထူး၏နှုတ်ခမ်းမွေးနှစ်ဖက်က အပေါ်သို့ထောင်သွား၏။

သူသည် မိန်းကလေး၏လက်တွင်းမှ အလင်းရောင်အလုံးကြီးကို မျက်တောင်မခတ်တမ်းကြည့်ပြီး

*"ဒါ... ဒါကြီးက ဘာလဲ၊ စုန်းတွေရဲ့ မီးလုံးလား၊ စုန်းမီးတောက်တယ် ဆိုတာတော့ ကြားဖူးတယ်"*





ဟု အထိတ်တလန့် မေးမြန်းလိုက်၏။ မိန်းကလေးက ထိုအလုံးကြီးကို ပဝါဖြူတစ်စ၏ ထိပ်တစ်ဖက်တွင် ချည်နှောင်ထုပ်ပိုးပြီး

*"ဟောဒီအတိုင်း လွှဲရမ်းပြီးသွားလာရင် ဟော်တော်စိတ်ဝင်စားဖို့ ကောင်းမှာပဲ"*

ဟု ပြောကာ ပဝါစကို စောသာထူး၏လက်တွင်းသို့ ထည့် လေ၏။

စောသာထူးက ယောင်ရမ်းပြီး ပဝါစကို လှုတ်ချကာ

*"ငါ... ငါက ဒီစုန်းမီးလုံးကြီးကို ဘာလုပ်ရမှာလဲ၊ တန်တော့ မင်းတို့ဟာ နတ်ကြီးတောထဲမှာ နေတယ်ဆိုကတည်းက ငါစိတ်ထဲထင်နေတာ မှန်ပါပြီ၊ မင်းတို့ဟာ..."*

ဟု ဆိုလေရာ မိန်းကလေးက လက်ကာပြီးဟန့်တား၍

*"ကဲပါ မှဆိုးကြီးရယ်... အဓိပ္ပါယ်မဲ့ အချိန်တွေ မဖြုန်းပါနဲ့၊ ဟောဒီက မီးပြဒါးလုံးကို*



www.burmeseclassic.com

www.burmeseclassic.com



"ယူပြီး မျောက်အုပ်ရှိတဲ့နေရာကိုသွားပါ၊ မျောက်တွေကို အဲဒီမီးပြဒါးလုံးနဲ့မြှူဆွယ်ပြီး ခေါ်ပေတော့၊ အဲဒီအခါမှာ ငွေဆွဲကြိုးရှိတဲ့မျောက်လည်း ထွက်လာလိမ့်မယ်၊ ရှင်က အဲဒီမျောက်ကို အပိုင်ဖမ်းဖို့သာ ကြိုးစားပေတော့"

ဟု နှိုင်းစေလေ၏။

စောသာထူးသည် မြေပြင်မှ ပဝါစနှင့်ထုပ်ထားသော်လည်း အလင်းရောင်ထွက်ပေါ်နေသော အလုံးကြီးကို စူးစိုက်ကြည့်ပြီး ခေါင်းယမ်းကာ

"မဖြစ်ဘူး မိန်းကလေး၊ မင်းတို့နဲ့ငါ ဆက်ပြီးမပတ်သက်တာ ကောင်းလိမ့်မယ်၊ မင်းတို့ကို ငါ ဘာမှမကူညီနိုင်တော့ဘူး"၊

ဟု ငြင်းဆန်၍ ထိုနေရာမှ ထွက်ခွာရန်ပြင်၏။

မိန်းကလေးက လှုပ်လှုပ်ရှားရှားဖြစ်ပြီး သက်ပြင်းချကာ ပဝါစနှင့် မီးပြဒါးဟူသောအရာကို ကောက်ယူ၍

"ဟောဒါက မီးပြဒါးပါရှင်၊ မီးပြဒါးဆိုပေမဲ့





သူဟာ ပြဒါးရဲ့ ဂုဏ်သတ္တိအတိုင်း အေးမြတဲ့ အာနိသင်ရှိပါတယ်၊ ဒါဟာ ရှင် ထင်သလို ရန်းမီးလုံးမဟုတ်ပါဘူး၊ တစ်ခါတစ်ရံ လူတွေဟာ မသိဘူး၊ မကြုံဘူးတဲ့အကြောင်းအရာတွေနဲ့ ရင်ဆိုင်လာရတဲ့အခါ စိတ်စွဲရာကို ကောက်ချက်ချတတ်ကြတယ်၊ မှဆိုးကြီးအနေနဲ့ မြေလျှိုးမိုးပျံနိုင်တဲ့ ပြဒါးရှင်ဆိုတာ ကြားဖူးမှာပေါ့၊ တကယ်ဆိုရင် ပြဒါးဟာ ကြည်လင်သန့်ရှင်းတဲ့ အမျိုးအစားဖြစ်တယ်ရှင့်၊ သူ့ရဲ့ဗိတ်ခါတ်ဆိုတဲ့ ရေဓါတ်အားနည်းလို့ ပြန့်ကြဲပြီးလွင့်ပျံနေတတ်တာမျိုး မဟုတ်လား၊ အဲဒီပြဒါးမျိုးကို အခြားသတ္တုတစ်မျိုးမျိုးနဲ့ အချိုးအစားမျှတအောင် ပူးတွဲနိုင်ပြီဆိုရင် တန်ခိုးသိဒ္ဓိရှိတဲ့ပစ္စည်းဖြစ်သွားပြီလို့ အကြမ်းအားဖြင့် ပြောနိုင်တာပေါ့၊ တန်ခိုးသိဒ္ဓိဆိုတာကလည်း အကြီးအသေးအလိုက် ရှိသေးတာကိုး၊ အလင်းရောင်ထွက်တာတို့၊ ပျံသန်းနိုင်တာတို့



www.burmeseclassic.com

www.burmeseclassic.com



အလှဆင်နှပြီးမြောက်စေတာတွေပေါ့ရှင်၊ ဒီမီးပြဒါးက တော့ သာမန် အလင်းရောင်ပဲထွက်တဲ့ အရာတစ်ခု ပါ.''

ဟု ရှင်းပြ၏။ စောသာထူးက

''ဒါဆိုရင် ဒီမီးပြဒါးလုံးကြီးဟာ အင်္ဂလိယ နည်းနဲ့ စီရင်ထားတာပေါ့''

ဟု ရေရွတ်လိုက်ရာ မိန်းကလေးက

''အင်္ဂလိယနည်းအတိုင်းဆိုရင် ပြဒါးရှင်လို့ ခေါ်မှာပေါ့၊ ပြဒါးရှင်က ပြဒါးကိုသေအောင် သတ်ပြီးမှ ပြုလုပ်နိုင်တယ်လို့ဆိုတယ်၊ ပြဒါးသေ ဆိုတဲ့ဓါတ်ကို ဖိုထိုးပြီး ဓါတ်ချော်နဲ့ အာကာသ ဓါတ်ဆိုတဲ့ အခိုးဓါတ်ကို ဖမ်းနိုင်ရမယ်တဲ့၊ အဲဒီ လုံနဲ့နာဆိုတဲ့ခဲကို ပွဲကြေပြီး ရသတစ်ခုခုပေါ်မှာ ထပ်ရင် ရသပျက်စေခြင်း၊ ပြောင်းလွဲစေခြင်းလဲ ဖြစ်နိုင်ရမယ်တဲ့၊ အဲဒီဓါတ်ကို ချော်ဖိုထိုးရင် ချော်ပေါ်တက်ထိုင်ခြင်း၊ ချော်မထည့်ဘဲထိုးရင်





လုံထဲမှာ လှည့်လည်ကစားနေတတ်ခြင်း၊ အဲဒီလုံ ထဲမှာ သော်ကိုကြေပွပြီး ပြာကျစေနိုင်ခြင်းတွေ လည်း ဖြစ်ပေါ်ရမယ်လို့ဆိုတယ်၊ အဲဒီပြဒါးသေ လို့ခေါ်တဲ့ ပြဒါးသော်ပြာကို စိတ်ကူးရှိသလို သုံးဆောင်နိုင်ပြီး အသံဘိန္နဆေးလေးပါးနဲ့ဆက်ပြီး သိဒ္ဓိ တက်ရင် လုံမီးထဲမှ မီးပေါင်းများစွာနဲ့ထိုးပေမဲ့ မီးမစွဲဘဲ ညှပ်နှဲယူပြီး လက်ဝါးပေါ်တင်ရင်လည်း ရေခဲလို အေးနေသည်သာဖြစ်၏တဲ့၊ အဲဒါ ပြဒါးရှင် ရဲ့ ဓါတ်ပါပဲတဲ့၊ အဲဒီပြဒါးရှင်ဓါတ်ဟာ ပွဲအေးမှု၊ အမှုခစ်သိမ်းကို ခံနိုင်ခြင်း၊ လိုရာကိုပြီးမြောက် စေခြင်းဆိုတဲ့ သိဒ္ဓိလည်းရှိတယ်လို့ ဆိုကြတယ်၊ ဒါကို အင်္ဂလိယလမ်းစဉ်လိုက်စားနေတဲ့ လူတိုင်း သိနေကြတာပါရှင်''

ဟု ပြောပြန်၏။

စောသာထူးသည် စိတ်ကရှုပ်ထွေးလျက်သာရှိ၏။ မိန်း ကလေး၏ ရှင်းပြမှုကိုလည်း နားလည်သည်မဟုတ်ပါဘဲ သက်ခံ

www.burmeseclassic.com



လိုက်၏။

လောလောဆယ် မိန်းကလေး၏အရူးအရောက အတွားအိုအတွက် ပူပန်နေခြင်းကိုတောက်ပြီး အသက်အန္တရာယ်ကို စိုးရိမ်နေသည်က အမှန်ဖြစ်သည်ဟု တွေးမိ၏။

ထို့ကြောင့် နားမလည်သည့်ကိစ္စကိုထား၍ အချိန်မဆိုင်းဘဲ မျောက်ဖမ်းပွဲကျင်းပရတော့မည်ဟု လက်တွေ့ဆုံးဖြတ်လေ၏။

ထို့နောက် တောသာထူးသည် မိန်းကလေး လမ်းညွှန်လိုက်သည့်အတိုင်း မျောက်များနီအောင်းနေနိုင်သည့် ရေတံခွန်ကလေးအခြေရှိ သဖန်းတောအတွင်းရောက်လာခဲ့၏။

မိန်းကလေးသည် မျောက်များနောက်သို့လိုက်ရင်း ထိုနေရာသို့ ရောက်ခဲ့သည်ဆို၏။

အကြီးဆုံးသဖန်းပင်ကြီးတစ်ပင်ထက်တွင် ငွေဆွဲကြိုးကြီးဆွဲထားသောမျောက်က နီအောင်းစတည်းချနိုင်သည် ဟု ထင်မြင်ချက် ပေးလိုက်၏။

တောသာထူး၏လက်တွင်း၌ ပဂါစနှင့်အတူ လှည့်ပတ်ရင်း မီးပြဒါးလုံးကြီးက အလင်းရောင်စက်ဝိုင်းကြီးအဖြစ် ရှိနေ၏။





တောသာထူးသည် လက်တွင်းမှ ထူးဆန်းသည့်မီးပြဒါးလုံးကို ကိုင်ဆောင်ထားရသော်လည်း ရှိုတွန့်တွန့် ဖြစ်နေ၏။ ထိုအရာကို ဇေယျမ်းရင်း သွားလာနေရသည်ကိုလည်း ပျော်ရွှင်မိသလိုခံစားရ၏။

သူသည် မီးပြဒါးမှထွက်ပေါ်နေသော အလင်းရောင်နှင့်ပင် တောလမ်းကို အခက်အခဲမရှိ သွားလာနေနိုင်၏။ ထို့နောက် ရေတံခွန်ငယ်ကလေးတစ်ခုအနီးရှိ သဖန်းတောအုပ်သို့ ရောက်လာလေ၏။

သူသည် ထိုတောအုပ်အတွင်းဝင်ရောက်မိသည်နှင့် နေ့နေ့ညည အငြိမ်မနေတတ်ဘဲ လှုပ်ရှားဆူညံနေတတ်သော မျောက်အုပ်ကို သတိပြုမိ၏။

ထို့အပြင် အမှောင်ရိပ်ကွယ်များမှနေ၍ သူ့နောက်သို့ လိုက်ပါလာသော အရိပ်များကိုလည်းမြင်တွေ့နေရ၏။

မျောက်များသည် မီးပြဒါးလုံးကို စိတ်ဝင်စားနေကြချေပြီ။ တောသာထူးသည် မီးပြဒါးနှင့်မျောက်များကို မြူဆွယ်ရင်း ငွေဆွဲကြိုးကို ရရန်မှာ လွယ်မယောင်နှင့်ခက်ခဲကြောင်း စဉ်းစားမိ၏။



www.burmeseclassic.com

www.burmeseclassic.com



သူသည် ငွေဆွဲကြိုးဆွဲထားသော မျောက်ကိုမတွေ့မီမင် မီးပြဒါးကိုစိတ်ဝင်စားသည့် အခြားမျောက်များ၏အန္တရာယ်ပေးမှုကို ခံရနိုင်၏။

ထို့အပြင် မီးပြဒါးသည် မျောက်များ၏လက်တွင်းသို့ လုယက်ခံရကာ ပါသွားနိုင်၏။

သူ၏နံဘေးရှိ သစ်ပင်များထက်မှလည်းကောင်း၊ မြေပြင်မှ လည်းကောင်း လိုက်ပါလာသည့်အရိပ်များက ပိုမိုများပြားလာ၏။

ယခုအချိန်အထိတော့ မျောက်များမှာ ပုန်းလျှိုကွယ်လျှိုးဖြင့်သာ ရှိနေသေး၏။

စောသာထူးသည် လေးညှို့တင်ပြီး ပစ်ခတ်ရန် အသင့်ဖြစ်နေသော ဒူးလေးကို ညာလက်မှကိုင်စွဲ၍ မီးပြဒါးကို ကျန်လက်ဖြင့် မီးစက်ဝိုင်းပြီးဖြစ်အောင် ဝှေ့ယမ်းလာ၏။

သူသည် သဖန်းတောအလယ်ရှိ လွန်စွာကြီးမားလှသော သဖန်းပင်ကြီးတစ်ပင်အောက်သို့ ရောက်ရှိလျှင်ပင် ရိပ်ခနဲလှုပ်ရှားသွားသော အရိပ်ကြီးတစ်ရိပ်နှင့်အတူ သူ၏လက်တွင်းမှ မီးပြဒါးလုံး





သည်လည်း လက်လွှတ်ထွက်သွားတော့၏။

နွယ်ကြိုးတစ်ချောင်းကို ခိုတွယ်၍စီးနင်းလာသော မျောက်ကြီးတစ်ကောင်က စောသာထူး၏လက်တွင်းမှ မီးပြဒါးကို လုယက်သွားပေပြီ။

စောသာထူးသည် ဒူးလေးကို ပြင်လိုက်သော်လည်း မျောက်ကြီးက လျှင်မြန်စွာပင် သစ်ကိုင်းသစ်ခက်များကြားသို့ တိုးဝင်ပျောက်ကွယ်သွား၏။

သူသည် မျောက်ကြီးကို ကောင်းစွာမြင်တွေ့ခဲ့ရ၏။ မျောက်ကြီး၏လည်တိုင်တွင်ခွဲထားသော ငွေဆွဲကြိုးကြီးကို မီးပြဒါးရောင်နှင့် ပြိုးပြိုးပြက်ပြက် လင်းလက်သွားသည်ကိုလည်း တွေ့လိုက်ရ၏။

သစ်ကိုင်းသစ်ခက်များကြားတွင် မျောက်ကြီးမှာ ပျောက်ကွယ်သွားသော်လည်း မီးပြဒါးက တစ်နေရာမှတစ်နေရာသို့ ရွေ့လျားသွားလာလျက်သာရှိ၏။

စောသာထူးသည် မြေပါလည်းဆုံး၊ သားလည်းဆုံး အခြေအနေကြောင့် ဒေါသတထောင်းထောင်း ထွက်သွား၏။



www.burmeseclassic.com

www.burmeseclassic.com



သူသည် မှောင်ထဲတွင် အလဲလဲအပြိုပြိုနှင့် သစ်ပင်များ ထက်၌ ဝဲပျံသွားလာနေသော မီးပြဒါးနောက်သို့ သဲသဲမဲမဲ လိုက်လံလျက် ရှိလေ၏။

●● ●● ●● ●● ●● ●●





## နတ်ကြီးတောအဝင်

မုဆိုးစောသာထူးသည် မီးပြဒါးနောက်သို့လိုက်ရင်း တစ်ကိုယ်လုံး ဒဏ်ရာဗရပွဖြစ်နေချေပြီ။ သူသည် သစ်ပင်ကြီးများသို့ အကြိမ် ကြိမ် ဝင်၍တိုးမိ၏။

ခလုတ်ကန်သင်းများနှင့်ထိခိုက်ပြီး အကြိမ်ကြိမ် ဒလိမ့် ခေါက်ကွေးလဲပြို၏။ သို့သော် သူသည် မျောက်ကြီး၏လက်တွင်း သို့ ပါသွားသော မီးပြဒါးကို မျက်ခြေအပြတ်မခံချေ။



www.burmeseclassic.com

www.burmeseclassic.com



ဤသို့ဖြင့် ကျယ်ဝန်းသော ရေကန်တစ်ခု၏ အစပ်သို့ အရောက်တွင် မီးပြဒါးသည် မြေပြင်သို့ရွေ့လျားလာသည်ကိုတွေ့လိုက်ရ၏။

မျောက်ကြီးသည် သစ်ပင်ထက်မှဆင်းသက်လာချေပြီ။

စောသာထူးက မျောက်ကြီးနောက်သို့ ထက်ကြပ်မကွာလိုက်ပါလာခဲ့သည့်နည်းတူ အခြားမျောက်များစွာကလည်း ချူညံစွာ အသံပေးရင်း လိုက်ပါလာခဲ့၏။

မျောက်ကြီးက မြေပြင်သို့ဆင်းသက်လျှင်လည်း အခြားမျောက်များပါ ဆင်းသက်ဝိုင်းအုံလာကြ၏။

ထိုအခါ မျောက်ကြီးသည် ထူးဆန်းသောပစ္စည်းနှစ်ခုကို ပိုင်ဆိုင်ရလေရာ ဝမ်းသာရွှင်မြူးနေဟန်နှင့် မျောက်များအလယ်တွင် မီးပြဒါးကို ဖော့ယမ်းပြီး ခုန်ပေါက်အော်ဟစ်ကာ အောင်ပွဲခံနေလေ၏။

စောသာထူးသည် ရေကန်အစပ်ရှိ ချုံပုတ်တစ်ခုကို ကွယ်ကာ မျောက်အုပ်ကြီးကို ချောင်းမြောင်းကြည့်ရှုရင်း

*"ငါ ဘယ်လိုလုပ်ရပါ့မလဲ၊ မျောက်ကြီးကို*





*သတ်ပြီး ငွေခွဲကြိုးနဲ့ မီးပြဒါးကိုယူနိုင်တယ်ထားဦး၊ ဒီလောက်များပြားတဲ့ မျောက်အုပ်ကြီးက အလွယ်တကူ ပြန်ထွက်ဖို့ခက်တယ်"*

ဟု ရေရွတ်မိ၏။

ထိုအခိုက်တွင် စောသာထူးသည် မျောက်အုပ်ကြီးက ပိုမိုဆူညံကာ ဝရုန်းသုန်းကား ဖြစ်သွားသည်ကို တွေ့ရပြန်၏။

မီးပြဒါးကို ကိုင်ဆောင်ထားသောမျောက်ကြီးထံမှ အခြားမျောက်များက ငွေခွဲကြိုးနှင့် မီးပြဒါးကို ဝိုင်းဝန်းလုယက်ကြခြင်းဖြစ်၏။ မျောက်ကြီးမှာ ထိုမျောက်အုပ်ထဲတွင် အင်အားအကြီးမားဆုံးနှင့် အထွားကြိုင်းဆုံးဖြစ်၏။ မျောက်ကြီး၏ ပြန်လည်တိုက်ခိုက်မှုကြောင့် အခြားမျောက်များ တစ်ကောင်ပြီးတစ်ကောင် လွင့်စင်ကုန်၏။

စောသာထူးသည် မျောက်အုပ်နှင့်နီးနိုင်သမျှ နီးရန် တရွေ့ရွေ့တိုးကပ်လာခဲ့၏။ မျောက်ကြီးမှာ အခြားမျောက်များနှင့်တိုက်ခိုက်ရင်း ရေကန်စပ်သို့ရောက်ရှိလာသည့်နည်းတူ စောသာထူးသည်လည်း ဖျတ်ခနဲ အကြံတစ်ခုရလိုက်၏။



www.burmeseclassic.com

www.burmeseclassic.com



သူသည် ရေကန်တွင်းသို့ဆင်းသက်ပြီး မျောက်အုပ်ရှိရာဘက်သို့ ကူးခပ်လေတော့၏။ မျောက်ကြီးသည် အချိန်ကြာလာသည်နှင့်အမျှ အရေးနိမ့်ကာ ရေကန်စပ်သို့ တဖြည်းဖြည်း ဆုတ်ခွာလာရ၏။

သူ့တွင် ပြေးပေါက်ပိတ်နေချေပြီ။ သူသည် ထူးဆန်းသော ပစ္စည်းနှစ်ခုကို လက်လွှတ်ရပေတော့မည်။ မျောက်များက တစ်ကောင်ပြီးတစ်ကောင် သူ့ထံတိုးဝင်လာနေကြ၏။

ထိုအခိုက် မျောက်ကြီးကျောပေးထားရာ ရေကန်ထဲမှ လူတစ်ယောက်သည် ဘွားခနဲပေါ်လာလေ၏။

မျောက်ကြီးမှာ ထင်မှတ်မထားဘဲ အလစ်အငိုက်ခံလိုက်ရချေပြီ။ စောသာထူးက မျောက်ကြီးထံ ရေထဲမှတက်၍ လွှားခနဲခုန်ဝင်ပြီး ပူးကပ်လိုက်၏။

ထို့နောက် လူရောမျောက်ပါ ရေကန်တွင်းသို့ လုံးထွေးရင်း ဗွမ်းခနဲနှစ်မြုပ်သွားကြ၏။ မျောက်သည် ရေကြောက်သောသတ္တဝါဖြစ်နေသည်က စောသာထူးကို ကံကောင်းသွားစေ၏။

စောသာထူးက ရေထဲတွင် လုံးထွေးရင်း မျောက်ကြီးထံမှ





ငွေခွံကြိုးနှင့် မီးပြဒါးကို ရယူလိုက်နိုင်၏။

နောက်ဆုံးတွင် စောသာထူးသည် တစ်ကိုယ်လုံး ရေများရွှဲစိုကာ ဒဏ်ရာအနာတရများနှင့် တဲရှေ့သို့ရောက်လာခဲ့၏။

သူသည် မျောက်ကြီးကို ရေနစ်ပြီးသတ်ဖြတ်ခဲ့၏။ ထို့နောက် သဖန်းတောမှ လျှင်မြန်စွာထွက်ခွာလာရာ မျောက်အုပ်က ဆက်လက်လိုက်ပါလာခြင်း မရှိတော့ပေ။

စောသာထူး၏လက်ထဲတွင် မီးပြဒါးကိုကိုင်ဆောင်ထား၏။ လည်တိုင်တွင် ငွေခွံကြိုးကြီးကို ဆွဲထား၏။

တဲတွင်း၌ ကညင်ဆီမီးတိုင်တစ်တိုင်း ထွန်းညှိထားပြီး မိန်းကလေးကို အသင့်တွေ့ရ၏။ မိန်းကလေးက စောသာထူးကိုမြင်လျှင် မျက်နှာရွှင်ပြကာ ငွေခွံကြိုးကိုယူ၍

*"မုဆိုးကြီး ဒီကိစ္စကို စွမ်းဆောင်နိုင်မယ်ဆိုတာ ကျွန်မ ယုံကြည်ပါတယ်၊ အတွားအတွက်စိတ်အေးရပြီ"*

ဟု ပြော၏။

စောသာထူးသည် ခြောက်သွေ့သော အဝတ်တစ်စုံကို



www.burmeseclassic.com

www.burmeseclassic.com



လဲလှယ်ဝတ်ဆင်နေချိန်တွင် မိန်းကလေးက အဘွားအိုကို ရှုမပြီး ငွေခွဲကြိုးနှင့်တွဲရက်ရှိနေသော ငွေကြုတ်ကိုဖွင့်၍ အဘွားအို၏ နှုတ်ခမ်းတွင်တော့ကာ

"အဘွားအတွက် အသက်ကယ်ဆေးရပြီ၊ မြန်မြန်သောက်လိုက်ပေတော့"

ဟု ပြောဆိုလေတော့၏။

စောသာထွေးသည် ကွပ်ပျစ်၏ဘာစ်နေရာတွင် အင်ဖက်ဖြင့် ထုံထားသော ထမင်းဟင်းများကို တွေ့လေရာ ဝမ်းဗိုက်ထဲတွင် တကြုတ်ကြုတ် မြည်လာ၏။

ထမင်းဟင်းများမှာ အငွေ့တထောင်းထောင်းနှင့် မွှေးပျံ့သော ရနံ့များ ထွက်ပေါ်နေ၏။ မိန်းကလေးက

"မုဆိုးကြီးအတွက် ကျွန်မ ညစာ အသင့်ပြင်ထားတယ်"

ဟု ဆိုလေရာ စောသာထွေးက ပါးစပ်ပြင်၍

"အိုး . . ဒါ ငါ့အတွက်လား၊ ကောင်းတယ်ဟေ့"

ဟု ရေရွတ်လိုက်၏။ မိန်းကလေးက ဆက်၍

"အနားက ဝါးကျည်တောက်ထဲမှာလည်း ဆန်အရက်ရှိ





တယ်"

ဟု ညှို့ဝတ်ပြုပြန်၏။

စောသာထွေးသည် ဝမ်းသာလုံးဆို့ပြီး အရက်ရှုကို ရေပင်မရောဘဲ ဝါးကျည်တောက်အတိုင်း တဂွပ်ဂွပ် မော့ချလိုက်၏။

မိန်းကလေးသည် မည်သို့ရှာဖွေချက်ပြုတ်ထားသည် မသိပေ။ ဟင်းက တောကြက်သားဆီပြန်ဖြစ်၏။

ထိုအခါ စောသာထွေးသည် အင်ဖက်အတွင်းပုံထားသော ထမင်းဟင်းများ တက်တက်ပြောင်မှပင် စားသောက်ခြင်းကို လက်စသပ်၏။

ထိုအချိန်အတွင်း ကွပ်ပျစ်ထက်တွင် လဲလျောင်းနေသော အဘွားအိုသည် ငွေကြုတ်အတွင်းမှ အသက်ကယ်ဆေးဟူသည်ကို သောက်၍ လူကောင်းပကတိ ပြန်ဖြစ်လာ၏။

စောသာထွေးသည် အစားအသောက်ကို မဲနေလေရာ အဘွားအိုကိုပင် သတိပြုမိဟန်မရှိချေ။

သူသည် စားသောက်ပြီးလျှင် ဝါးခနဲသန်းဝေလိုက်၏။ သူ၏ တစ်ကိုယ်လုံး နာကျင်ကိုက်ခဲနေချေပြီ။



www.burmeseclassic.com

www.burmeseclassic.com



ပင်ပန်းနွမ်းနယ်မှုကြောင့် အိပ်ချင်စိတ်ကို ထိန်း၍မရ ဖြစ်နေ၏။

မကြာမီ စောသာထူးသည် ကွပ်ပျစ်ထက်တွင် ခန့်ခန့်ကြီးလဲလျောင်းကာ တခေါခေါနှင့် အသံပေးလျက်ရှိလေတော့၏။

နောက်တစ်နေ့နံနက်တွင် စောသာထူးသည် အိပ်ရာမှ ကောင်းစွာ နိုးထလာ၏။

သူ၏တစ်ကိုယ်လုံးလည်း အားအင်တို့ ပြည့်ဖြိုးကာ ပေါ့ပါးလန်းဆန်းနေသလိုရှိ၏။

စောသာထူးက နိုးလျှင်နိုးချင်းပင် မိန်းကလေးနှင့် အဘွားအိုတို့မရှိတော့မှန်း သတိပြုမိ၏။ ထိုနှစ်ဦး မည်သည့်အချိန်က ထွက်ခွာသွားသည် မသိပေ။

ထိုအခါ စောသာထူးက ခေါင်းတဆတ်ဆတ်ညိတ်ကာ

"ဒီကောင်မလေး တော်တော်ကျေးဇူးကန်းတာပဲ၊ ငါ့ကိုတောင် နှုတ်ဆက်မသွားဘူး၊ သူတို့က ဘယ်ကိုသွားကြတာလဲ၊ နတ်ကြီးတောထဲမှာ နေတယ်လို့လဲပြောတယ်၊ သူတို့ဆီက မီးဖြဒါးက





တော့ တော်တော်ထူးဆန်းတာပဲ၊ အဘွားကြီးကလည်း ငွေဆွဲကြိုးကြီး နဲ့တွဲလျက် ငွေကြုတ်ထဲမှာ ထည့်ထားတဲ့ဟာတွေကိုသောက်ပြီး မြန်ကောင်းလာတယ်၊ မိန်းကလေးကတော့ အဲဒါဟာ အဘွားအတွက် အသက်တယ်ဆေးပဲတဲ့၊ ဒီအကြောင်းတွေ စဉ်းစားမိတာ ငါ့ခေါင်းထဲမှာ ချာချာလည်လာပြီ၊ ငါ့အတွက်က လုပ်စရာတစ်ခုပဲရှိတယ်၊ နတ်ကြီးတောကိုဝင်ပြီး ဓော်ဂျီဂမုန်းရှာဖို့ပဲ၊ ကျန်တာတွေ ဘာမှမစဉ်းစားတာ ကောင်းတယ်"

ဟု တစ်ကိုယ်တည်းရေရွတ်လိုက်၏။

ထို့နောက် စောသာထူးသည် နတ်ကြီးချောင်းစပ်သို့ ရောက်ရှိလာပြီး ရေတိမ်သောနေရာမှ တစ်ဖက်ကမ်းသို့ ကူးဖြတ်၏။

ပြီးလျှင် မည်သူမျှခြေမချရဲဟု နာမည်သတင်းကြီးနေသော နတ်ကြီးတောသို့ ဝင်ခဲ့လေတော့၏။

စောသာထူးသည် ချောင်းစပ်မှတက်၍ တစ်လှမ်း နှစ်



www.burmeseclassic.com

www.burmeseclassic.com



လှမ်းရှု လှမ်းမိလျှင်ပင် တောကျီးကန်းများက သစ်ပင်ထက်မှ ငှန်းခနဲ ထပျံကြလေရာ တံ့ခနဲဖြစ်သွား၏။

တောကျီးကန်းများသည် စောသာထူး၏ခေါင်းရင်း ထက်တွင် ပျံဝဲရင်း ဆူညံစွာအော်မြည်နေကြ၏။ စောသာထူးက တောကျီးကန်းများကို မော့ကြည့်ပြီး ဒေါသတကြီးနှင့်

*"တောက်... ဒီကောင်တွေ တော်တော်ဆိုး ဝါလား၊ တော်ရုံမှဆိုးဆိုရင်တော့ တောဝင်စင်ခြင်း နိမိတ်မကောင်းဘူးဆိုပြီး နောက်ကြောင်း ပြန် လှည့်သွားမှာပဲ၊ ငါကတော့ မလှည့်ဘူးဟေ့"*

ဟု ကြုံးဝါး၏။

အချိန်အတန်ကြာတွင် တောကျီးကန်းများကြောင့် စိတ် အနှောင့်အယှက်ဖြစ်ရသည်မှလွဲ၍ ချောချောမောမောပင် တောင် စောင်းတစ်ခုသို့ ရောက်ရှိလာ၏။

စောသာထူးသည် ဝါရင့်မှဆိုးပီပီ ဖတ်ဝန်းကျင်အနေ အထားများကို စေ့စေ့စပ်စပ် လေ့လာပြီး

*"ဟောဟိုတောင်စောင်းမှာ ကျောက်ဂူ*





*ကလေးတစ်ခုပါလား၊ ငါ့အတွက် တောထဲမှာ ဒီအတိုင်း စခန်းချရတာထက်စာရင် ကျောက်ဂူက ပိုပြီးလုံခြုံမှုရှိနိုင်တယ်"*

ဟု တွေးမိကာ လှတစ်ရပ်ခန့်အမြင့်တွင် ဖြစ်ပေါ်နေသော ဂူပေါက်သို့ ကုတ်တွယ်၍ တက်လေ၏။

ဂူပေါက်သို့ရောက်လျှင် အတွင်းပိုင်း၌ လူတစ်ကိုယ်စာ နေထိုင်ရုံမျှမက ကျယ်ဝန်း၍ အလင်းရောင်ကောင်းစွာရရှိကြောင်း တွေ့ရ၏။

ထူးဆန်းသည်က ဂူအတွင်းပိုင်းသည် သဘာဝအတိုင်း မဟုတ်ဘဲ တစ်စုံတစ်ယောက်က ပြုပြင်ပြင်ဆင်ထားသကဲ့သို့ သစ်ရပ် သန့်ရှင်းနေ၏။

ထို့နောက် စောသာထူးသည် ဂူထဲသို့ဝင်ရောက်လာ၏။ ထိုအခါ ဂူပေါက်က ခေါ်းသေးဘဲ တစ်တောင့်ဆစ်ချိုးကဲ့သို့ မှောင်မဲ နေသော ဂူအတွင်းပိုင်းတစ်ခု ဖြစ်ပေါ်နေသည်ကို တွေ့ရပြန် ၏။

ထိုစဉ် ဂူအတွင်းပိုင်း အမှောင်ထဲမှ စူးရှရှအသံကြီးတစ်ခု



www.burmeseclassic.com

www.burmeseclassic.com



က ဟိန်းထွက်လာပြီး

"ဒီတို ဘာလာလုပ်တာလဲ၊ မြန်မြန်မြန်

ထွက်စမ်း၊ ဝေးရာကို သွားစမ်း"

ဟု ဟန့်တားခြင်းကို ထိတ်လန့်ဖွယ် ကြုံတွေ့လိုက်ရ၏။

❀ ❀ ❀ ❀ ❀ ❀





ထူးဆန်းသောငှက်တစ်ကောင်

စောသာထူးသည် ဂူ၏အတွင်းပိုင်း အမှောင်ရိပ်မှ ဟန့်တားသံကြောင့် ခေါင်းမွေးများထောင်ထသွား၏။

တစ်ဆက်တည်းမင် တဖြန်းဖြန်းနှင့် တစ်စုံတစ်ရာကို ရိုက်ပုတ်သံကြီးကိုပါ ကြားလိုက် ရ၏။

သို့သော် စောသာထူးသည် ရပ်တန့်နေရာမှ ဆံခြည် တစ်မျှင်စာမျှ မရွေ့လျားဘဲ



www.burmeseclassic.com

www.burmeseclassic.com



"ဥထဲက ဘယ်သူလဲဟေ့၊ ဘာကြောင့် ငါ့ကိုနှင်ထုတ်ရတာလဲ၊ ငါက မုဆိုးစောသာထူးပဲ၊ ရန်သူမဟုတ်ဘူး"

ဟု ပြန်လည်အော်ဟစ်လိုက်၏။ ထိုအခါ အမှောင်ထဲမှ တဖြန်းဖြန်းအသံကြီးပေါ်လာပြန်ကာ

"ဥထဲကို ကျူးကျော်လာတာရန်သူပဲ"

ဟု ပြောဆိုပြီး တစ်ဆက်တည်းပင် စောသာထူးထံ ကျောက်တုံး ခဲလုံးများ လွင့်ပျံလာလေတော့၏။

တဖြန်းဖြန်းရိုက်ခတ်သံပေါ်လာတိုင်း ကျောက်တုံးကျောက်ခဲများက ပိုမိုလွင့်ပျံလာ၏။ စောသာထူးသည် မထင်မှတ်ဘဲ အတိုက်ခိုက်ခံရသောကြောင့် လျှင်မြန်စွာဆုတ်ခွာကာ ဒေါသတကြီးနှင့်

"ဟေ့… သဏ္ဍိရှိရင် မှောင်ထဲက လက်သီးမှန်း မပြနဲ့ကွ၊ အပြင်ကိုထွက်ခဲ့၊ တစ်ပွဲတစ်လမ်း စမ်းရအောင်"

ဟု စိန်ခေါ်၏။ အမှောင်ထဲမှလည်း





"သဏ္ဍိရှိရင် ဝင်လာခဲ့ပါလား"

ဟု ပွဲတောင်း၏။

စောသာထူးသည် တွေဝေမနေဘဲ သူ၏လက်နက် ပစ္စည်းများကို ထား၍ အမှောင်ရိပ်ထဲသို့ လက်ချည်းဗလာ ဝင်ရောက်လာ၏။

မကြာမီ အမှောင်ရိပ်ထဲမှ တဖုန်းဖုန်း တခွပ်ခွပ်နှင့်အသံများ ပေါ်ထွက်လာပြီး စောသာထူးလည်း ဥရှေ့ဗိုင်းသို့ လွင့်စင်ထွက်လာ၏။

စောသာထူးက ကြုံးရုံး၍ထပြီး အမှောင်ရိပ်ထဲသို့ ပြေးဝင်သွားပြန်၏။ ထိုတစ်ချီတွင်လည်း စောသာထူးသည် မဟန်နိုင်ဘဲ လွင့်စင်ထွက်လာပြန်၏။

ထိုအခါ အမှောင်ရိပ်ထဲမှ

"ဘယ်လိုလဲ ကိုယ့်လူ၊ မယှဉ်နိုင်ရင် လာရာလမ်းကသာ ပြန်ပေတော့"

ဟု ပြောလေရာ စောသာထူးက မျက်မှောင်ကြုတ်ပြီး စိတ်တွင်းမှ



www.burmeseclassic.com

"အင်း… အမှောင်ထဲကကောင်က လက်သီးချက်တွေတော့ တော်တော်ပြင်းတာပဲ၊ ဒါပေမဲ့ သူနဲ့တိုက်ခိုက်ရတာ လူတစ်ယောက်နဲ့ တိုက်ခိုက်ရသလိုမဟုတ်ဘူး၊ တစ်ခုခုတော့ ထူးခြားတယ်၊ ဘာပဲဖြစ်ဖြစ် ငါ ဒီကောင့်ကို အနိုင်တိုက်ရမယ်"

ဟု တွေးမိ၏။

ထို့နောက် စောသာထူးသည် လက်စွဲတော်ဒူးလေးကိုပြင်ပြီး အမှောင်ရိပ်သို့ ချိန်ရွယ်ကာ

"ကဲ… ငါ့ရဲ့ဒူးလေးကို ယှဉ်ဝံ့ရင် ယှဉ်ပေတော့"

ဟု ပြော၍ ပစ်ခတ်လိုက်၏။

မြားတံသည် အမှောင်ရိပ်ထဲသို့ လျှင်မြန်စွာ တိုးဝင်သွားသလို ဖြန်းခနဲအသံကြီးပေါ်လာပြီး မြားတံက သစ်ကိုင်းခြောက်တစ်ခုလို မြန်ဆန်လွင့်ပျံကာ စောသာထူးရှေ့သို့ ဖုတ်ခနဲ ပြုတ်ကျလာရာ စောသာထူးက အံကြိတ်ပြီး နောက်ထပ် ဒူးလေးနှင့် အဆက်





မပြတ် ပစ်ခတ်ပြန်၏။

သို့သော် အတွင်းမှ တဖြန်းဖြန်းနှင့် ရိုက်ပုတ်တွန်းလှန်မှု မြားတံများကို ပစ်မှတ်မှ လွဲချော်သွားစေ၏။

စောသာထူးသည် ဒူးလေးနှင့်ပစ်ခတ်မှုက မထိရောက်မှန်း သိလျှင် နောက်တစ်မျိုးကြံစည်ပြန်၏။

သူသည် ဂူမြင်သို့ပြန်ထွက်ပြီး ရတတ်သမျှ ထင်းခြောက်၊ မြက်ခြောက်များကို ယူဆောင်လာခဲ့၏။ ထို့နောက် ဂူထဲတွင်ပုံကာ မီးတင်ရှို့လေ၏။

မီးက အပူရှိန်မရှိသော်လည်း မီးခိုးများက အလိပ်လိုက်ပင် ဂူအတွင်းပိုင်းသို့ တိုးဝင်သွား၏။ စောသာထူးက ခါးထောက်ပြီး ရယ်မောကာ

"ဟား ဟား… ဘာတတ်နိုင်သေးလဲကွ၊ မင်း အမှောင်ထဲက မထွက်ဘဲ နေလို့မရတော့ဘူး"

ဟု ကြိမ်းဝါးလေ၏။

ထိုအခိုက် မီးခိုးလုံးကြားမှ ဘွားခနဲ သဏ္ဌာန်တစ်ခုပေါ်လာ၏။ ထိုသဏ္ဌာန်က ဝှီးခနဲ စောသာထူးနခြားမှ ဖြတ်ပြေးပြီး



www.burmeseclassic.com

www.burmeseclassic.com



ဂူမြင်ရှိ လေထဲတွင် တဖြန်းဖြန်း အသံပြုရင်း

*"မင်း တော်တော်ယုတ်မာပါလားကွ၊*

*ကောင်းပြီ၊ မင်းကို ဂူထဲမှာ နေခွင့်ပေးလိုက်ပြီ"*

ဟု ပြောကာ အဝေးသို့ ပျံသန်းပျောက်ကွယ်သွား၏။

စောသာထူးသည် ပါးစပ်အဟောင်းသားနှင့် ကျန်ရစ်ခဲ့၏။ သူတွေ့လိုက်ရသည်က လူသားတစ်ယောက်မဟုတ်ဘဲ ငှက်တစ်ကောင်သာဖြစ်၏။

ထိုငှက်မှာ ကြက်တူရွေးမျိုးနွယ်ဝင် ကတ္တဝါငှက်ဖြစ်၏။ ကတ္တဝါငှက်ကြီးမှာ ကလေးငယ်တစ်ယောက်လောက်ပင် အရွယ်အစား ကြီးမား၏။

သူ၏နှုတ်သီးကောက်ကောက်ကြီးက အဝါရောင်ဖြစ်၏။ ရှည်လျားသောအတောင်များက အစိမ်းရောင်ဖြစ်ကာ အဖျားပိုင်းတွင် အနီရောင်သို့ပြောင်းလဲသွား၏။

ရင်ဘတ်တွင်လည်း အမြှုတွက်ရှိကာ အနီရောင်၊ အဝါရောင်၊ ပန်းရောက်အရစ်များနှင့် ဖုံးလွှမ်းထားသည့် လှပသော ကတ္တဝါငှက် တစ်ကောင်ဖြစ်၏။





စောသာထူးအတွက် လူစကားပြောတတ်သော ကြက်တူရွေးနှင့် သာလိကာတို့ကို မြင်တွေ့ခဲ့ဖူး၏။ ယခုမူ လူစကားပင်မက တိုက်ခိုက်သတ်ပုတ်မှုကိုပါ ကျွမ်းကျင်သော ကတ္တဝါငှက်ကြီးနှင့် ရင်ဆိုင်လိုက်ရ၏။

စောသာထူးသည် အံ့ဩဖွယ်မြင်ကွင်းကိုကြည့်ပြီး ခေါင်းကို ခါယမ်းကာ

*"နတ်ကြီးတောဟာ ထူးဆန်းကြောက်မက်ဖွယ်ရာတွေနဲ့ ပြည့်နှက်နေတယ်ဆိုတာ အမှန်ပါပဲလား၊ ငါကတော့ ငှက်တစ်ကောင်ကို လူအဖြစ် သတ်မှတ်ပြီး တိုက်ခိုက်ခဲ့မိတယ်၊ ငှက်လည်း လူ့စကားကို သာသက်တော်င် ပြောဆိုတတ်ပုံပဲ"*

ဟု ရေရွတ်မိ၏။

ထို့နောက် သူသည် ဂူထဲတွင် စခန်းချရန် မြင်ဆင်ရင်း မီးတုတ်တစ်ချောင်းနှင့် ကတ္တဝါငှက်ကြီး နိုအောင်းခဲ့သော ဂူ အတွင်းပိုင်းသို့ ရောက်လာ၏။

ထိုနေရာတွင် သူ့ကို လူအရိုးစုတစ်ခုက ဆီးကြိုနေသည်



www.burmeseclassic.com

www.burmeseclassic.com



ကို တွေ့လိုက်ရ၏။

အရိုးစုသည် လူတစ်ယောက်လဲလျောင်းနေသည့်အတိုင်း ရုံသဏ္ဌာန်မပျက်ယွင်းဘဲရှိ၏။

အဝတ်အစားအပြည့်အစုံလည်း ဝတ်ဆင်ထား၏။ သို့သော် ထိုအဝတ်အထည်မှာ ထိကိုင်မိလျှင်ပင် စုတ်ပြဲသွားမည့်ဟန်နှင့် ဆွေးမြည့်နေချေပြီ။

စောသာထွေးသည် စိတ်ဝင်တစားနှင့် အရိုးစုအနီး ရှာဖွေကြည့်လေရာ သံချေးများတက်နေသော ငွေရိုးတပ် ဓါးမြှောင် တစ်ချောင်းကိုသာ တွေ့ရ၏။

စောသာထွေးသည် ဓါးမြှောင်ကို လှည့်ပတ်ကြည့်ရင်း ကဏ္ဍဝါငှက်ကြီးကို မျက်ခုံးမြင်ယောင်ကာ

*"အင်း... ဒီအရိုးစုနဲ့ ဟိုငှက်ကြီးက တစ်နည်းနည်းနဲ့ ပတ်သက်မှုရှိရမယ်၊ ဒီအရိုးစုဟာ ဘွေးရိုးသားရိုးသေတာမှ ဟုတ်ရဲ့လား မသိဘူး။ ဒါကြီးကို ရှင်းလင်းမစ်ဖို့ကလည်း မကောင်းသေးဘူး။ ငါက ဝူရွေ့ပိုင်းမှာပဲ စခန်းချမှာဆိုတော့*





*သူ့အတိုင်းပဲ ထားလိုက်ရုံပေါ့"*

ဟု တွေးမိ၏။

ထို့နောက် စောသာထွေးသည် အမှောင်မကျရောက်မီ အတွင်း စခန်းချရာအနီးတစ်ဝိုက်တွင် လုံခြုံရေးအတွက် လျှင်မြန်စွာ စီစဉ်နေလေ၏။

သူသည် နတ်ကြီးတောတွင် နေ့ညမရွေး အန္တရာယ်နှင့် ကြုံတွေ့နိုင်သည်ကို သဘောပေါက်ထား၏။ ထို့ကြောင့် သူ့ဘက်က လည်း တတ်နိုင်သလောက် ကြိုတင်ကာကွယ်ထားရပေမည် ဖြစ်၏။

သူသည် ဓါးမတစ်ချောင်းနှင့် ဝါးများ၊ နွယ်ကြိုးများကို အသုံးပြုကာ နေရာအနှံ့ သုတ်ကိုင်း၊ ထောင်ချောက်များ ပြုလုပ်ခြင်း ဖြစ်၏။

မှောင်စပျိုးလျှင် ဂူတွင်း၌ မီးပုံဖိုပြီး အသင့်ပါလာသည့် ရိက္ခာခြောက်များကို စားသောက်၏။ ထို့နောက် အရိုးစုမှရရှိထား သည့် ဓါးမြှောင်ကို ကျောက်ခဲတစ်လုံးနှင့်ပွတ်တိုက်သန့်စင်လေ၏။

ထိုအခိုက် ဂူဝမှ တဖျတ်ဖျတ်နှင့်အသံကြားလိုက်ရပြီး အရိပ်မည်းတစ်ခုက ရောက်ရှိလာ၏။ ကဏ္ဍဝါကြီးက ပျံသန်း



www.burmeseclassic.com

www.burmeseclassic.com



ဝင်ရောက်လာခြင်းဖြစ်၏။

စောသာထူးသည် လှုပ်လှုပ်ရှားရှားဖြစ်ကာ ဆတ်ခနဲပင် ဒူးလေးကိုကိုင်ပြီး

*"ငှက်ကြီး၊ ကျုပ်ကို ရန်မူမယ်ဆိုရင်တော့ ဒူးလေးစာမိလိမ့်မယ်"*

ဟု ခြိမ်းခြောက်လိုက်၏။

ကဗ္ဗဝါငှက်ကြီးက ဒူးလေးကို အမှုမထားဟန်နှင့် လူတစ်ယောက်လို ရှေ့သို့လှမ်းလာပြီး

*"ငါ့ဘက်က အန္တရာယ်ပြုချင်ရင် မင်းအနေနဲ့ ဒီဂူထဲကိုတောင် ရောက်လာစရာအကြောင်း မရှိဘူး"*

ဟု စူးရှရှလေသံနှင့် ပီသစွာပြော၏။

တစ်ဆက်တည်းပင် စောသာထူးအနီးမှ ငွေရိုးတပ်ဓါးမြှောင်ကို မြင်တွေ့ကာ

*"မင်း ဂူထဲကအရိုးစုကို တွေ့ပြီးပြီပေါ့၊ အဲဒီအရိုးစုဟာ ငါ့သခင်ရဲ့အရိုးစုပဲ၊ ငါ့သခင်ဟာ လွန်ခဲ့တဲ့ (၁၀)နှစ်ကျော်က ဒီနေရာမှာ ပြင်းထန်တဲ့ ဝေဒနာကိုခံစားပြီး သေဆုံးသွားခဲ့တာပဲ၊ ဟောဒီ ဓါးမြှောင်ကလေးတစ်လက်အတွက်ကြောင့် သူဟာ အသက်ကို ပေးဆပ်ခဲ့ရတယ်"*



ဟု လူတစ်ယောက်လိုပင် ရှင်းပြ၏။

စောသာထူးသည် မျက်မြင်ကိုယ်တွေ့ ကဗ္ဗဝါငှက်ကြီး၏ စကားကို နားထောင်နေရင်းမှ ထူးခြားမှုတစ်စုံတစ်ရာကို မြင်တွေ့လိုက်ရ၏။

ကဗ္ဗဝါငှက်ကြီး၏ လှပသောအတောင်တစ်ဖက်မှ သွေးစက်တို့ တပေါက်ပေါက်ကျဆင်းနေခြင်းပင် ဖြစ်၏။





www.burmeseclassic.com

www.burmeseclassic.com



**တောလှည့်ခြင်း**

စောသာထူးသည် ကတ္တဝါငှက်ကြီးတွင် ဒဏ်ရာရလာမှန်း သိလိုက်၏။ ထိုအခါ သူ၏စိတ်ရင်းခံအတိုင်း

*"ကတ္တဝါကြီးပြောတဲ့ အကြောင်းအရာတွေက စိတ်ဝင်စားဖို့ကောင်းတယ်၊ ဒါပေမဲ့ လောလောဆယ် ဟောဒီဒဏ်ရာကို ဒီအတိုင်းထားလို့မဖြစ်ဘူး၊ ငါ့ကိုယုံကြည်ပါ၊ ငါဟာ မုဆိုး*





*တစ်ယောက်ဆိုပေမဲ့ ဘယ်သူ့ကိုမှ ယုတ်မာကောက်ကျစ်တဲ့စိတ် မရှိဘူး"*

ဟု ပြောလေရာ ကတ္တဝါကြီးက

*"ဒဏ်ရာအတွက်က ကိစ္စမရှိပါဘူး၊ ဒီဂူရဲ့ အဆုံးမှာ အမိုးကနေ ကျောက်စက်ရေတွေ တပေါက်ပေါက်ကျနေတဲ့နေရာ ရှိတယ်၊ အဲဒီ ကျောက်စက်ရေကို ငါ့ရဲ့သခင်က 'နတ်ကျောက်စက်ရေ'လို့ အမည်ပေးထားတယ်၊ အဲဒီရေဟာ မြေတွင်းကာစိမ့်ထွက်တဲ့ ရေဖြစ်တဲ့အတွက် ထူးဆန်းပြီး အနာရောဂါတွေကို တစ်ခဏခြင်း ပျောက်စေနိုင်တဲ့ ဓါတ်သဘာဝတွေ ပျော်ဝင်နေတယ်လို့ ငါ့ရဲ့သခင်က ပြောတယ်"*

ဟု ဆိုလေ၏။

စောသာထူးသည် အချိန်မဆိုင်းဘဲ မီးတုတ်ကိုဆွဲကာ တစ်ဖက်မှ ဝါးကျည်တောက်ကိုကိုင်ပြီး ဂူအတွင်းပိုင်းသို့ဝင်ခဲ့ပြန်၏။

ကတ္တဝါကြီးပြောသည့်အတိုင်းပင် ဂူ၏အဆုံးမှ



www.burmeseclassic.com

www.burmeseclassic.com



ကျောက်ခက်ပန်းဆွဲလို အရာအချို့ တွဲလွဲရှိနေပြီး ထိုမှ ရေစက် ရေပေါက်များ တတောက်တောက်ကျဆင်းနေသည်ကို တွေ့ရ၏။

ထိုရေစက်ရေပေါက်များသည် ဂူ၏ကြမ်းပြင်တွင်လည်း အိုင်ထွန်းမနေဘဲ ကျောက်ပတ်ကြားအက်အတွင်း စိမ့်ဝင် ပျောက်ကွယ် သွား၏။

မကြာမီ စောသာထူးသည် နတ်ကျောက်စက်ရေကို ငါး ကျည်တောက်နှင့်ခံယူပြီး ကတ္တဝါကြီး၏အတောင်မှ ဒဏ်ရာကို ကုသပေး၏။

ကတ္တဝါကြီးက ထိုရေကိုသောက်သုံးမည်ဟုဆိုလေရာ တိုက်ရ၏။

ကတ္တဝါကြီးသည် ရေသောက်ပြီးလျှင်

*"ဒီဒဏ်ရာဟာ မကြာခင် အကောင်းပကတိ ဖြစ်သွားလိမ့်မယ်"*

ဟု ပြောလေ၏။

စောသာထူးသည် ကြုံတွေ့သမျှ အရာရာတိုင်း ထူးဆန်းမှု များ ပြည့်နှက်နေလေရာ





*"ငါ့အတွက် နတ်ကြီးတောထဲမှာ လူလို စကားပြောပြီး လူလိုပဲ အသိဉာဏ်ရှိတဲ့ ကတ္တဝါ ငှက်ကြီးတစ်ကောင်နဲ့ တွေ့ဆုံခဲ့တယ်ဆိုတာ တခြားလူတွေကိုပြောရင် ယုံကြည်ကြမှာ မဟုတ် ဘူး"*

ဟု ရေရွတ်မိ၏။

ကတ္တဝါငှက်ကြီးက ကျောက်တုံးတစ်ခုထက်သို့ ခုန် တက်ကာ

*"ယုံကြည်စရာမကောင်းပေမဲ့ မှဆိုးကြီး ကိုယ်တိုင် ကြုံတွေ့နေရပြီမဟုတ်လား၊ တကယ်လို့ ငါ့ရဲ့သခင်သာ အခုထိ သက်ရှိထင်ရှား ရှိနေသေး မယ်ဆိုရင် ငါဟာ လူတွေပြောတဲ့စကားတွေမှာ မင်းတို့မြန်မာစကားအပြင် အခြားဘာသာစကား တစ်မျိုးမျိုးကိုတောင် ပြောဆိုတတ်မှာ မလွဲဘူး"*

ဟု ဆိုလေ၏။

ထိုအခါမှပင် စောသာထူးသည် မူလအကြောင်းအရာသို့



www.burmeseclassic.com

www.burmeseclassic.com



စိတ်ရောက်ပြီး

"ကတ္တဝါကြီးပြောခဲ့တဲ့ ဟောဒီက ဝါး မြောင်ကလေးနဲ့ ကတ္တဝါကြီးရဲ့ သခင်အကြောင်း စကားပြန်ဆက်ပါဦး"

ဟု တောင်းဆိုလိုက်၏။

ကတ္တဝါကြီးက အတန်ကြာမျှ ငြိမ်သက်သွားပြီးနောက်

"ငါ့သခင်ရဲ့ပစ္စည်းကလေးတွေ လျှို့ဝှက် မြှုပ်နှံထားတဲ့နေရာ ရှိတယ်၊ နောက်တစ်နေ့မှာ မုဆိုးကြီးကို ငါက အဲဒီနေရာကို ခေါ်သွားမယ်၊ အဲဒီပစ္စည်းတွေကိုတွေ့ရင် မုဆိုးကြီး အားလုံး သိမှာပါ"

ဟု ပြောလေရာ စောသာထူးက ခေါင်းညိတ်၍

"ကောင်းပြီလေ၊ ငါ့ရဲ့ သိချင်စိတ်ကို အောင့်ထားလိုက်ပါ့မယ်၊ လောလောဆယ် သိချင် တာတစ်ခုကိုတော့ ကတ္တဝါကြီးရဲ့အသက် ဘယ် လောက်ရှိပြီလဲ"





ဟု မေးမြန်းလိုက်၏။ ကတ္တဝါကြီးက အဖြေမပေးသေးဘဲ

ပြန်၍

"ဆင်တစ်ကောင်ရဲ့ သက်တမ်းဟာ ဘယ် လောက်ရှိမယ်လို့ ထင်သလဲ"

ဟု မေးမြန်းပြန်၏။

စောသာထူးက မဆိုင်းမတွပင်

"အနှစ် (၁၀၀)လောက်ရှိမယ်လို့ ကြားဖူး တယ်"

ဟု အဖြေပေးရာ ကတ္တဝါကြီးက

"ပုံပြင်ထဲက ဆင်၊ မျောက်၊ ခါဆိုတဲ့ သတ္တဝါသုံးဦး၊ အသွေခင်မှန်းဖွဲ့ရင်း နောက်ဆုံးမှာ ခါက အသက်အကြီးဆုံးပဲလို့ အဖြေပေါ်သွားတာ လည်း သိမှာပေါ့၊ တကယ်တော့ ခါသတ္တဝါဟာ ဆင်ထက် သက်တမ်းပိုမရှည်ပါဘူး"

ဟု ဆိုလေ၏။

ထိုအခါ စောသာထူးက ဆေးတံကိုမဖွာနိုင်ဘဲ တအံ့



www.burmeseclassic.com

www.burmeseclassic.com



တညြနှင့်

*"ကဗ္ဗဝါကြီးက ကျုပ်ထက်တောင် အသက်ကြီးတယ်လို့ ဆိုလိုချင်တာလား"*

ဟု ပြောလိုက်ရာ ကဗ္ဗဝါကြီးသည် အတောင်တစ်ဖက်နှင့် ဂူအတွင်းပိုင်းသို့ ညွှန်ပြ၍

*"ဟောဒီအထဲက ငါ့ရဲ့သခင်ဟာ သေဆုံးသွားခဲ့စဉ်က အသက် (၆၀)ပြည့်ခဲ့ပြီ၊ သူဟာ အသက်(၃၀)အရွယ်က နိုင်ငံရပ်ခြားတိုင်းပြည်တစ်ခုကနေ ငါ့ကိုမွေးမြူဖို့ ခေါ်လာခဲ့တယ်"*

ဟု ပြော၏။ စောသာထူးသည် စိတ်တွင်းမှ အလျှင်အမြန်တွက်ချက်ပြီး

*"ကဗ္ဗဝါကြီးရဲ့သခင်သေဆုံးခဲ့တာ (၁၀)နှစ်ရှိပြီဆိုတော့ အဲဒီအချိန်ကိုပါ ထပ်ပေါင်းရင်အနည်းဆုံး ကဗ္ဗဝါကြီးရဲ့အသက်ဟာ (၄၀)ကျော်နေပြီပေါ့"*

ဟု ဆိုလိုက်တော့၏။





ကဗ္ဗဝါကြီးက ဟုတ်မှန်ကြောင်း အဖြေပေးပြီး ဒဏ်ရာအကျက် အနားယူရန် လိုအပ်လေရာ ဂူအတွင်းပိုင်း အမှောင်ထဲသို့ ဝင်ရောက်သွား၏။

ထိုအခါမှပင် စောသာထူးလည်း မီးဖိုနသေားတွင် အိပ်စက်ရန် ပြင်၏။

ကဗ္ဗဝါငှက်ကြီးက အမှောင်ထဲမှနေ၍

*"မုဆိုးကြီးအတွက် နတ်ကြီးတောမှအိပ်စက်ဖို့ ဒါဟာ ပထမဆုံးညပဲ ဖြစ်လိမ့်မယ် ထင်တယ်၊ တစ်ခုသတိပေးချင်တာက ဘာအကြောင်းနဲ့ဖြစ်ဖြစ် ဂူပြင်ကိုမထွက်ပါနဲ့၊ တောလှည့်တာနဲ့ ကြုံရလိမ့်မယ်"*

ဟု ပြောလေ၏။

ထိုတစ်ခဏအတွင်းပင် စောသာထူးသည် သူထောင်ထားခဲ့သည့် သုတ်ကိုင်းများ၊ ထောင်ချောက်များမှ သတ္တဝါများကို ထိခိုက်ဖမ်းဆီးမိဟန် တဖြောင်းဖြောင်းအသံများကို ကြားလိုက်ရ၏။

စောသာထူးက ဆတ်ခနဲ ခေါင်းထောင်ပြီး နားစွင့်ကာ နေ၏ —



www.burmeseclassic.com

www.burmeseclassic.com



"ငါ့ရဲ့သုတ်ကိုင်းတွေ၊ ထောင်ချောက်တွေ အားလုံး တစ်ပြိုင်နက်တည်း သားကောင်တွေ ဝင်တိုးလို့ ခလုတ်တွေပြုတ်ကုန်ပြီ၊ ဒီလိုသာဆိုရင် ငါ့အတွက် (၁၀)ရက်လုံးလုံး ရိက္ခာရှာစရာ မလို တော့ဘူး၊ ဒါပေမဲ့ ဒီကိစ္စဟာ ဘယ်လိုမှမဖြစ်နိုင် ဘူး၊ သုတ်ကိုင်း ထောင်ချောက်တွေအားလုံး တစ်ချိန်တည်း၊ တစ်ပြိုင်နက်တည်း သားကောင် တွေမိဖို့ဆိုတာ ဘယ်လိုမှမဖြစ်နိုင်ဘူး"

ဟု တွေးမိ၏။

သူသည် ထိုညက ငှက်ဆိုးထိုးသံများကို တရံမလပ် ကြားနေရသလို ကျားဟိန်းသံများ၊ ဝက်ဝံတို့၏မာန်ဖီသံများ၊ တောကောင်ငယ်လေးများ၏ ထိတ်လန့်ဖွယ် အော်ဟစ်ပြေးလွှားသံ များကို အနီးတွင် ဖြစ်ပျက်နေသကဲ့သို့ အတိုင်းသားကြားနေရ၏။

ထို့အပြင် လူအချို့က စကားပြောဆိုပြီး တောတိုးကာ ဝူအနီးသို့ တဖြည်းဖြည်း တိုးကပ်လာနေသလိုအသံများက ဝေးရာမှ နီးလာလိုက်၊ အနီးသို့ရောက်လျှင် ပျောက်သွားလိုက်နှင့် တစ်ချိန်လုံး





ဖြစ်နေ၏။

စောသာထူးသည် ကဗ္ဗဝါကြီး၏သတိပေးမှုကြောင့် မျက်လုံးကိုမှိတ်၍ထားသော်လည်း နားထဲ၌မူ အသံတစ်မျိုးမဟုတ် တစ်မျိုးကြားပြီး အိပ်စက်မရနိုင်ဖြစ်နေ၏။

ထိုအသံများကြားရာသို့ ချက်ချင်းပင် ပြေးသွားကြည့် ချင်စိတ်က မကြာခဏဖြစ်ပေါ်မိ၏။

ဤသို့ဖြင့် စောသာထူးသည် မိုးလင်းခါနီးမှပင် အိပ်ပျော် သွားလေတော့၏။

❀ ❀ ❀ ❀ ❀ ❀



www.burmeseclassic.com

www.burmeseclassic.com



**အန္တရာယ်တံခါး**

စောသာထူးသည် ဝါးရုံများမှ ဝါးပင်များကိုအသုံးပြု၍ ပြုလုပ်ထားသော သုတ်ကိုင်းများကိုကြည့်ပြီး ရယ်ရမလို ခေါသွက်ရမလိုဖြစ်နေ၏။

သူသည် ညက သုတ်ကိုင်းထောင်ချောက်များ တစ်ပြိုင်တည်း ခလုတ်ပြုတ်စဉ်ကတည်းက ဖင်တကြွကြွဖြစ်ခဲ့၏။





ထို့ကြောင့် နံနက်စောစောပင်ထကာ ထိုနေရာများသို့ လှည့်လည်ကြည့်ရှုလေ၏။ ထိုအခါ သူသည် မထင်မှတ်သော မြင်ကွင်းများကို မြင်တွေ့လိုက်ရ၏။

အချို့သုတ်ကိုင်းများတွင် ငှက်ပျောခိုင်များ၊ မျှစ်စို့ကြီးများ၊ နာနတ်သီးများတန်းလန်းနှင့် လေထဲတွင် လှုပ်ရမ်းနေကြ၏။

အချို့ထောင်ချောက်များတွင် သစ်ကိုင်းခြောက်များ၊ မြေစိုင်ခဲကြီးများ၊ တီရစ္ဆာန်အရိုးများ မိလျက်သားရှိ၏။ စောသာထူးသည် ထိုအရာများကို ရှင်းလင်းပြီး ပြန်လည်တပ်ဆင်ပြီးချိန်၌ ခေါင်းထက်၌ တဖျပ်ဖျပ်အတောင်ခပ်သံကြားရပြီး

*"ဒါဟာ နတ်ကြီးတောကို လှည့်စားချက်တစ်ခုပါပဲ၊ တစ်နည်းအားဖြင့် တောလှည့်တယ်လို့ ခေါ်ရမှာပေါ့၊ အဲဒါတွေကို အဖြေထုတ်ဖို့ စဉ်းစားခန်းဝင်မနေပါနဲ့၊ လူသာရူးသွပ်သွားမယ်၊ အဖြေကထွက်လာမှာမဟုတ်ဘူး၊ ကဲ… အချိန်ရှိတုန်း မုဆိုးကြီး ငါနဲ့လိုက်ခဲ့ပါ၊ မုဆိုးကြီးအတွက် စိတ်ဝင်စားမဲ့ပစ္စည်းကလေးတွေ ငါပြမယ်"*



www.burmeseclassic.com

www.burmeseclassic.com



ဟု ကတ္တဝါကြီးက ခေါ်လေ၏။

ထို့နောက် ကတ္တဝါကြီးက ဦးဆောင်ပျံသန်းရာ စောသာထူးလည်း နောက်မှလိုက်ရ၏။

ပရိယာယ်မာယာများပြီး အန္တရာယ်ထူပြောလှသည်ဟု ဆိုသော နတ်ကြီးတောသည် အမည်နှင့်မလိုက်ဖက်အောင် သာယာလှပလေ၏။

နေရာအနှံ့ တောပန်းရောင်စုံကို ဖူးပွင့်နေ၏။ သဘာဝအလျောက် သီးနှံများကလည်း သီးပွင့်ဝေဆာနေ၏။ သတ္တဝါငယ်ကလေးများကလည်း အေးချမ်းစွာ သွားလာနေကြ၏။

စောသာထူးသည် ပတ်ဝန်းကျင်ရှုခင်းများကို ငေးမောရင်း စိတ်လက်ပင်ပေါ့ပါးလာသလို ခံစားရ၏။

သူသည် ကတ္တဝါကြီးနောက်မှ မျက်ခြေအပြတ်မခံဘဲ လိုက်ပါလာရင်း သူ့အတွက် အဓိကအလုပ်ဖြစ်သည့် ဇော်ဂျီဂမုန်းကိုလည်း ရှာဖွေလေ၏။

တစ်နေရာသို့အရောက်တွင် ကတ္တဝါကြီးက သစ်ကိုင်းတစ်ခုတွင် ဆင်းသက်ရပ်နားကာ





"ရှေ့ကမြင်နေရတဲ့ဟာကြီးကို ကျုပ်ရဲ့သခင်က အန္တရာယ်တံခါးလို့ခေါ်တယ်၊ အဲဒီလမ်းအတိုင်းဝင်သွားပါ၊ လမ်းတိုင်း လမ်းတိုင်းမှာ လမ်းခွဲတွေရှိနေတယ်၊ သတိပြုရမှာက ညာဘက်က လမ်းခွဲတွေကိုပဲ ရွေးချယ်ဖို့ပဲ၊ ဘယ်ဘက်လမ်းကိုရွေးချယ်မိရင် အချိန်မရွေး အန္တရာယ်နဲ့ ရင်ဆိုင်ရနိုင်တယ်၊ လမ်းရဲ့အဆုံးမှာ မှဆိုးကြီး စိတ်ဝင်စားနေတဲ့ ကျုပ်သခင်ရဲ့ပစ္စည်းတွေ ရှိနေတယ်"

ဟု ဆိုလေ၏။

စောသာထူးသည် သူတို့၏ရှေ့တွင် ကြီးမားသော ကျောက်တုံးကြီးများက ထောင်လျက်တစ်မျိုး၊ လဲလျက်တစ်ဖုံရှိပြီး တံပေါက်တစ်ခုလိုဖြစ်နေသောနေရာရှိ၏။

လမ်းက ထိုတံခါးမှ ဖြတ်သန်းသွား၏။ စောသာထူးက မျက်မှောင်ကြုတ်ပြီး

"ကတ္တဝါကြီး ပို့မှာပို့ ကူးတို့ရောက်အောင်



www.burmeseclassic.com

www.burmeseclassic.com



ရှိမှပေါ့"

ဟု ပြောလိုက်ရာ ကဗ္ဗာဝါကြီးက အတောင်တဖျပ်ဖျပ် ခတ်ပြီး

"စိတ်မကောင်းပါဘူး၊ ငါက မုဆိုးကြီးဟာ နတ်ကြီးတောကို အကြောင်းမဲ့ဝင်ရောက်မလာဘူးဆိုတာ တွေးမိပါတယ်၊ မုဆိုးကြီးအတွက် ဒီမှာရှိနေစဉ်အချိန်အတွင်း အန္တရာယ်တွေကင်းအောင် ငါ့သခင်ရဲ့ ပစ္စည်းအလေးတွေက အထောက်အကူပေးနိုင်မယ်လို့ မျှော်လင့်မိတယ်၊ ငါ့အနေနဲ့ သခင်ရဲ့မှာကြားချက်အရ အဲဒီအန္တရာယ်တံခါးကို ကျော်ဖြတ်သွားလာခွင့်မရှိလို့ပါ၊ ငါဟာ သူ့ရဲ့အမိန့်ကို တစ်သဝေမတိမ်း လိုက်နာခဲ့တဲ့အတွက် အခုထိ နတ်ကြီးတောထဲမှာ ရှင်သန်နေထိုင်နိုင်ခဲ့တာပဲ၊ ငါ့ကိုယုံကြည်ပါ၊ မုဆိုးကြီးဟာ အန္တရာယ်တံခါးကဝင်ပြီး မထင်မှတ်တဲ့ အန္တရာယ်တွေနဲ့ ကြုံတွေ့နိုင်ပါတယ်၊ ငါ့သခင်ရဲ့ပစ္စည်းတွေ





မှမရရင် မုဆိုးကြီးအတွက် ဒီနတ်ကြီးတောမှာ ဘယ်လိုမှရပ်တည်နိုင်မှာမဟုတ်ဘူး"

ဟု ပြောလေ၏။ စောသာထူးက ခေါင်းကို ဖြည်းလေးစွာ ခါယမ်းပြီး

"ငါတော့ ဘာမှနားမလည်တော့ဘူး၊ ဒီလိုပါပဲ၊ ငါဟာ နတ်ကြီးတောကိုဝင်မယ်လို့ ကြံစည်တတည်းက ထူးထူးဆန်းဆန်း ရှုပ်ရှုပ်ထွေးထွေး အဖြစ်အပျက်တွေနဲ့ ရင်ဆိုင်ခဲ့ရတာပဲ၊ ဒါကြောင့် ငါတော့ ဖြစ်လာသမျှကို ရင်ဆိုင်မယ်၊ ခံစရာရှိရင် ခံလိုက်၊ စံစရာရှိရင် စံလိုက်မယ်လို့ ဆုံးဖြတ်ထားပြီးပြီ"

ဟု ဆိုကာ သူ၏လက်နက်များကို စစ်ဆေးပြီး အန္တရာယ်တံခါးကြီးဆီသို့ ထွက်ခွာခဲ့၏။

ကဗ္ဗာဝါကြီးက သူ့တစ်ခုခုထပ်ပြီး

"ငါ ဒီနေရာက မုဆိုးကြီး အန္တရာယ်ကင်းကင်းနဲ့ ပြန်ထွက် လာတာကို မျှော်နေမယ်"



www.burmeseclassic.com

www.burmeseclassic.com



ဟု မှာလေ၏။

စောသာထူးသည် ဒူးလေးကို ကျောတွင်လွယ်ပိုးထား၏။ ကျည်တောက်ထဲတွင် အဆိပ်လူးမြှားအပြည့်ပါရှိ၏။

လက်စွဲတော် ဓါးမကမူ အနီးကပ်တိုက်ခိုက်ရန်အတွက် အသင့်အနေအထားနှင့် ရှိနေ၏။ အနွာရာယ်တံခါးသည် တကယ်ပင် ချောက်ချားစရာကောင်းလှ၏။

တံခါးကြီး၏ တစ်ဖက်တစ်ချက်တွင် ခရားဆူးချုံများက ငှက်တစ်ကောင်ပင် ဖျံသန်းဝင်ရောက်မလာနိုင်ရန် စေ့စေ့သိပ်သိပ်နှင့် မြင့်မားစွာ ပေါက်ရောက်နေ၏။

ထိုအရာများမှာ နိုင်ခန့်လုံခြုံသော စည်းရိုးမြင့်ကြီးလို ဖြစ်နေ၏။ ကျောက်တံခါးပေါက်မှာလည်း များစွာကျယ်ဝန်းခြင်း မရှိဘဲ လူတစ်ကိုယ်စာဝင်ရုံမျှသာ ရှိ၏။

စောသာထူးသည် ထိုတံခါးမှ အတွင်းသို့ဝင်ရောက်၍ ခြေလှမ်း ငါးလှမ်းမျှလှမ်းမိလျှင် နောက်မှကျိုင်းခနဲအသံကြီးကို ကြားလိုက်ရ၏။

ကျောက်တံခါးပေါက်နေရာတွင် ကျောက်မှ ကျောက်စတိုး လွင့်ပျံနေပြီး တစ်ဖက်စီမှ မူလက တစောင်းကြီးရှိနေသော ကျောက် ပြားကြီးနှစ်ချပ်က လဲပြိုကျလာ တံခါးရွက်နှစ်ချပ်ပိတ်လိုက်သလို ဖြစ်သွား၏။

စောသာထူးသည် အံကြိတ်ပြီး အားတင်းကာ

*"ငါ့အတွက် ပြန်ဖို့ထွက်ပေါက်တောင် ပိတ်သွားပြီ၊ ထဲ… ရှေ့ဆက်တိုးဖို့ပဲ ရှိတော့ တယ်"*

ဟု ရေရွတ်လိုက်၏။

ရှေ့တွင်ရှိနေသည့် လမ်းများက အကွေ့အကောက်ပေါများ ကာ ကျဉ်းမြောင်းလှ၏။

လမ်းက စည်းရိုးအသွင်ရှိနေသောနေရာမှ ဆူးချုံများကို ကြားတွင် ဖြစ်ပေါ်နေ၏။ ထို့ကြောင့် စောသာထူးသည် ရှေ့သို့လည်း မျှော်ကာ သတိကြီးစွာလှမ်းရသလို နှ ဘေးရှိချုံနွယ်များကြားမှလည်း အချိန်မရွေး ပေါ်ပေါက်လာနိုင်သည့် အန္တရာယ်ကို အသတိမပြတ် ကြည့်ရှုနေရ၏။

သူသည် ကတ္တူဝါကြီး၏အမှာစကားကို မမေ့မလျော့ဘင်

လင်းချဲတပ်နှင့်ရောက်တိုင်း ညာဘက်လမ်းကိုသာ ရွေးချယ်သွားလေ၏။

တစ်နေရာသို့အရောက်တွင် စောသာထူး၏ခြေထောက်ကို တစ်စုံတစ်ယောက်က ဆောင့်ဆွဲလိုက်သလို ရှေ့သို့ ဟပ်ထိုးလဲကျမတတ် ဖြစ်သွား၏။

စောသာထူးသည် မြေပြင်သို့ လက်တစ်ဖက်နှင့်ထောက်ပြီး ကျန်လက်ကို နောက်ပြန်လွှဲရမ်းလိုက်၏။ ထိုအခါ ဓါးမတ ဝိုးခနဲနှင့် ခြေထောက်ကိုဆွဲလိုက်သည့်အရာကို ခုတ်ပိုင်းမိ၏။

စောသာထူး၏အကြည့်က ထိုနေရာသို့ ချက်ချင်းရောက်ရှိသွားပြီး

*"ချုံထဲက နွယ်ရှင်ပင်တွေ ထွက်လာပါလား"*

ဟု အော်ဟစ်မိ၏။

သူသည် ကြည့်ရှုနေရင်းမှ လမ်း၏တစ်ဖက်တစ်ချက်မှ သူ့ကို ရစ်ပတ်ပြီး ချုံချုံများထဲသို့ ဆွဲသွင်းရန်ကြိုးစားမည့် နွယ်ရှင်ပင်များ ထွက်လာသည်ကို တွေ့ရ၏။





စောသာထူးသည် ချက်လုံးရော လက်ပါ အငြိမ်မနေဘဲ ထိုအရာများကြားမှ ဖြတ်သန်းလာရ၏။

သူ၏ဓါးချက်ကြောင့် အချို့နွယ်ရှင်ပင်များမှာ အပိုင်းပိုင်း ဖြတ်ချွှသွားသော်လည်း မြေပြင်တွင် သက်ရှိမြွေများလို တွန့်လိမ်ရင်း ကျန်ရစ်ခဲ့၏။

သူသည် ထိုနေရာမှ လွန်မြောက်လာလျှင် လမ်းခွဲတစ်ခုကို တွေ့ရပြန်၏။ သူသည် ညာဘက်လမ်းခွဲကိုသာ ရွေးချယ်သွားလာရန်ပြင်စဉ် ဘယ်ဘက်လမ်းဆီမှ မထင်မှတ်သောမြင်ကွင်းကို မြင်တွေ့လိုက်ရ၏။

ကဏ္ဍဝါငှက်ကြီးသည် သစ်ပင်ကြီးနှစ်ပင်ကြားရှိ ကြီးမားသော ပင့်ကူအိမ်ကြီးတစ်ခုထဲတွင် သွေးအလိမ်းလိမ်းနှင့် ရုန်းကန်နေသည်ကို မြင်တွေ့လိုက်ရခြင်းဖြစ်၏။

စောသာထူး၏ပါးစပ်မှ ပိုက်ခနဲအသံထွက်ကာ

*"ကဏ္ဍဝါကြီးက ငါ့ကိုစိတ်မချလို့ လိုက်လာပြီး ပင့်ကူအိမ်မှာ ဒုက္ခတွေ့နေပြီထင်တယ်၊ ဟော... သစ်ပင်က ပင့်ကူကြီးတစ်ကောင်*



www.burmeseclassic.com

www.burmeseclassic.com



*ကတ္တူဝါကြီးဆီကို သွားနေပါလား"*

ဟု ရေရွတ်လိုက်၏။

ကတ္တူဝါကြီးမှာ ပင့်ကူကိုမြင်လျှင် ပို၍ပြီးထိတ်လန့်ကာ ရှိုးတန့်လေ ပင့်ကူမျှင်များက သူ့ကို တင်းကျပ်စွာ စုပ်နှောင်လေ ဖြစ်လေ၏။

စောသာထူးသည် စကောတစ်ချပ်စာမျှရှိသည့် တောကြီး ပင့်ကူ၏အစွမ်းကို ကောင်းစွာသဘောပေါက်ထား၏။

မကြာမီ တောကြီးပင့်ကူက တတ္တူဝါကြီး၏ ဦးခေါင်းကို ဖောက်ကာ တစ်ကိုယ်လုံးရှိ အရည်တို့ကို စုပ်ယူပေတော့မည်။

ထို့ကြောင့် စောသာထူးက ဘာမျှစဉ်းစားခြင်းမပြုတော့ဘဲ ပင့်ကူကြီး အာရုံပြောင်းအောင် ယောနန် ဝမ်းခေါင်းသံကြီးနှင့် အော်ဟစ်ပြီး ထိုနေရာသို့ ပြေးလွှားခဲ့တော့၏။

ဘယ်ဘက်တောလမ်းမှာ ညာဘက်တောလမ်းကဲ့သို့ ဆူးချုံများ ပိတ်ဖုံးခြင်းမရှိချေ။ သာမန်တောအုပ်တစ်ခုလိုသာ သစ်ပင်ကြီးငယ်တို့ ပေါက်ရောက်နေ၏။

သစ်ပင်ကြီးများက တောအုပ်အတွင်း နေပျောက်





မထိုးအောင် အခက်အလက်ဝေဆာ၏။

စောသာထူးသည် ဘယ်ဘက်လမ်းသို့ ဝင်မိလျှင်ပင် အုံ့အုံ့ဆိုင်းဆိုင်းရှိနေသော တောအုပ်သည် နေ၏အလင်းရောင်ကို ထိမ်မဲတို့ဖုံးအုပ်သလို ရုတ်တရက် မှောင်အတိကျသွားတော့၏။

စောသာထူးသည် ထိုအဖြစ်ကြောင့် ထိတ်လန့်သွားသော် လည်း ကတ္တူဝါကြီး၏အသက်ကို အချိန်မီကယ်တင်ရန် စိတ်စောပြီး ထိုနေရာသို့မှန်းဆကာ ပြေးလွှားလာ၏။

တစ်နေရာသို့အရောက်တွင် သူသည် တစ်စုံတစ်ရာနှင့် ထိခိုက်မိပြီး မှောက်လျက်လဲကျသွား၏။ သူ၏လက်တွင်းမှ ဓါးမ တလည်း လွတ်ထွက်သွား၏။

ထိုအခိုက် စောသာထူးနှင့် ထိခိုက်မိသောအရာက လျှင်မြန်စွာ လှုပ်ရှားလာ၏။ စောသာထူးသည် သူ၏ကိုယ်ပေါ်သို့ အုပ်မိုးလာသော အရာကြီးကြောင့် သတိထားကာ တွန်းလှန် တိုက်ခိုက်ရန် ပြင်၏။

ထိုအရာကြီးက သူ၏တစ်ကိုယ်လုံးကို နေရာအနှံ့မှ ချုပ်ကိုင်ရန် ကြိုးစားနေ၏။



www.burmeseclassic.com

www.burmeseclassic.com



ထိုအပြင် နီရဲသောမျက်လုံးအစုံကလည်း သူနှင့် နီးကပ်လျှ ရှိနေ၏။ သူ့ကို ထိုအရာကြီး၏ အမွေးအမျှင်ထူထပ်ပြီး မာကျော သော ခြေလက်များက ချုပ်နှောင်နေလေပြီ။

စောသာထူးသည် ချက်ချင်းပင် ထိုအရာကြီးမှာ ကြီးမား သော ပင့်ကူတစ်ကောင်မှန်း သိလိုက်၏။

ပင့်ကူကြီး၏ရှေ့လက်တစ်စုံက သူ၏လည်တိုင်ကို ချုပ် နှောင်ပြီး နောက်ထပ်လက်တစ်စုံက သူ၏ဦးခေါင်းကိုစမ်းသပ်နေ၏။

စောသာထူးသည် ရှန်းကန်ရင်းမှ တော၏နေရာအနှံ့ အမှောင်တွင်းမှ နီရဲသောမျက်လုံးများကို မြင်တွေ့နေရ၏။ ထိုမျက်လုံးများကြောင့် လွန်စွာများပြားသော ပင့်ကူများ သူ့ထံ ချဉ်းကပ်လာနေသည်ကို သိလိုက်၏။

သူ၏ကျောမှ ဒူးလေးမှာ ယခုအချိန်တွင် ဘာမျှအသုံးမဝင် တော့ပေ။ ဓါးကိုလည်း လက်လွှတ်လိုက်ရပေပြီ။ စောသာထူးက လစ်လပ်နေသော လက်တစ်ဖက်ဖြင့် ကျည်တောက်နှင့် ပြန့်ကျဲနေ သော မြားတံတစ်ချောင်းကို စမ်းသပ်မိ၏။

ထို့ကြောင့် ဝမ်းသာအားရနှင့် မြားတံကို ဆုပ်ကိုင်ပြီး





သူ့ကိုယ်ပေါ်မှ ပင့်ကူကြီးထံ အားကုန်ပင့်၍ထိုးစိုက်လိုက်တော့၏။

သို့သော် မြားတံက ကျောက်တုံးကျောက်စိုင်ကို ထိုးစိုက်မိ သလို ပြောင်းခနဲကျိုးသွား၏။ ပင့်ကူကြီးက အနည်းငယ်မျှ တုန်လှုပ် ဟန်မရှိချေ။

မကြာမီ စောသာထူး၏ဦးခေါင်းကို ဖောက်ပေတော့မည်။ စောသာထူးသည် နောက်ဆုံးအင်အားကို စုစည်းပြီး ရှန်းကန်ကာ သူ့အတွက် လက်နက်ကို စမ်းသပ်ရှာဖွေလေ၏။

ထိုအခါ သူသည် မြေပြင်မှ ဓါးမြှောင်၏အရိုးကို ဆုပ်ကိုင် မိ၏။

ထိုဓါးမြှောင်မှာ သူစခန်းချရာဂူထဲမှရရှိသည့် ငွေရိုးတပ် ဓါးမြှောင်ဖြစ်၏။

စောသာထူးသည် အချိန်မဆိုင်းဘဲ ဓါးမြှောင်ကို အသုံးပြု လိုက်တော့၏။

သူ၏စိတ်တွင်းၡှမှ ဓါးမြှောင်သည် ပင့်ကူကြီး၏ မာကျော သောကိုယ်ခန္ဓာနှင့် ထိခိုက်မိပြီး ရှူင်ခနဲ ပြန်ကန်ထွက်လာမည်ကို မျှော်လင့်နေ၏။



www.burmeseclassic.com

www.burmeseclassic.com



သို့သော် သူထင်မှတ်ထားသလိုမဟုတ်ချေ။ ခါးမြောင်က ပင့်ကူကြီး၏ကိုယ်ထဲသို့ စွပ်ခနဲ နစ်မြုပ်သွားတော့၏။

ထိုအချိန်၌ပင် စောစောက အုံ့မှိုင်းပြီး မှောင်အတိကျသလို ဖြစ်သွားသော တောအုပ်သည် အလင်းရောင်ရလာ၏။

စောသာထူးအတွက်လည်း စောစောကနှင့်မတူဘဲ အရာအားလုံး ပြောင်းလဲစွာ မြင်တွေ့လိုက်ရ၏။ သူ ခါးနှင့်ထိုးစိုက်ခဲ့သော ပင့်ကူကြီးမှာ သစ်ခြောက်တုံးကြီးသာဖြစ်၏။

သူ၏ဓွေရှိုးတပ်ခါးမြောင်က သစ်ခြောက်တုံးကြီးတွင် စွဲဝင်နေချေပြီ။

သူ့အနီးသို့ ဝန်းရံတိုးကပ်လာကြသော နီရဲရဲမျက်လုံးများ၊ ပင့်ကူများလည်း ရုတ်ချည်းပျောက်ကွယ်သွားချေပြီ။

ထို့အပြင် မူလက ကတ္တဝါငှက်ကြီး မလှုပ်မယှက်လွန့်သာရှိနေသည့် ပင့်ကူအိမ်ကြီးနှင့် ကတ္တဝါငှက်ကြီးပါ သူ၏မြင်ကွင်းမှ ပျောက်ကွယ်နေသည်ကို ထူးဆန်းစွာ သိရှိလိုက်၏။

စောသာထူးသည် မြေပြင်တွင်ပြန့်လွဲနေသော သူ၏ လက်နက်ပစ္စည်းများကို စုစည်းရင်း





"ငါတော့ တော်တော်ချောက်တာခံလိုက်ရပြီ ထင်တယ်"

ဟု ရေရွတ်လိုက်တော့၏။

❀ ❀ ❀ ❀ ❀ ❀



www.burmeseclassic.com

ချက်လုံးမိတ်ပြီးခုန်ချပါ

စောသာထူးသည် လမ်းမှန်သို့ ပြန်လည်ရောက်ရှိပြီး ခရီးဆက်ခဲ့၏။

သူသည် ထိုသို့သွားလာရင်း အသင့်အသုံးပြုနိုင်ရန်နှင့် ခါးကြားတွင် ထိုးထားသော ငွေရိုးတစ်ပ်ဓါးမြှောင်ဆီသို့ စိတ်က ရောက်သွား၏။





တောခြောက်ခံရပြီး ပင့်ကူကြီးနှင့်ရင်ဆိုင်စဉ် ထိုဓါးနှင့် အနိုင်ယူနိုင်ခဲ့၏။

ကတ္တဝါကြီးကလည်း ထိုဓါးမြှောင်သည် သူ့သခင်၏ အသက်နှင့်ရင်းပြီး ရယူခဲ့သည်ဆို၏။

ထို့ကြောင့် ငွေရိုးတစ်ပ်ဓါးမြှောင်ကလေးတွင် သူမသိနိုင်သည့် အစွမ်းသတ္တိတို့ရှိနေမည်ကို တွေးမိ၏။

ပင့်ကူကြီးအား ဓါးမြှောင်နှင့်ထိုးမိလျှင် ထိုးမိခြင်းပင် တော ခြောက်မှုမှ ကင်းလွတ်ခဲ့သည် မဟုတ်ပါလား။

သူ့အတွက် နောက်ထပ် နတ်ကြီးတော၏ မာယာ ပရိယာယ်ကြောင့် အန္တရာယ်နှင့် ရင်ဆိုင်တွေ့လျှင် ထိုဓါးမြှောင်ကိုသာ အသုံးပြုရပေတော့မည်။

စောသာထူးသည် ဆက်လက်လျှောက်လှမ်းရင်း လမ်းခွဲ တစ်ခုသို့ရောက်တိုင်း ဘယ်ဘက်လမ်းခွဲသို့ ယောင်၍မျှ လှည့် မကြည့်တော့ချေ။

သို့သော် တစ်နေရာသို့အရောက်တွင် ညာဘက်လမ်းချိုး၌ ကျားတစ်ကောင် ဆောင့်ကြောင့်ထိုင်နေသည်ကို ဘွားခနဲ တွေ့လိုက်

www.burmeseclassic.com



ရှာ၏။

ကျားက ကျဉ်းမြောင်းသောလမ်းတစ်ခုလုံး ပြည့်လုနီးပါးရှိ၏။

ကျားသည် စောသာထူးကိုလည်း ဝိတ်ထားချေပြီ။

စောသာထူးက တွေဝေမနေဘဲ ဒူးလေးကိုဖြုတ်ပြီး သွက်လက်စွာ ညှို့တိုတင်လိုက်၏။

ထိုအခါ ကျားက ပါးစပ်ကြီးဟပြီး ကြောက်မက်ဖွယ် ဝေါင်းခနဲအသံပေး၏။

စောသာထူး၏ဒူးလေးမှ မြားတံကလည်း ဝှီးခနဲ ပြေးထွက်သွား၏။

သို့သော် ကျားက နောက်သို့ ဆတ်ခနဲ တစ်ပတ်ကျွမ်းပစ်ကာ ရှောင်ထွက်ပျောက်ကွယ်သွား၏။

မကြာမီ စောသာထူး၏နောက်ကျောဘက်မှ ဝေါင်းခနဲ အသံပေးပြီး ကျားကပေါ်လာပြန်၏။ စောသာထူးက ဒူးလေးနှင့် ပစ်ခတ်လျှင် ရှောင်တိမ်းပျောက်ကွယ်သွားပြန်၏။

စောသာထူးမှာ သွားလာရာတွင် ကျား၏ ရုတ်တရက်ပေါ်





လိုက် ပျောက်လိုက်နှင့် နှောင့်ယှက်မှုကို ကြုံနေရ၏။

နောက်ဆုံးတွင် စောသာထူးသည် ကျားနှင့်ရင်ဆိုင်တိုးမိချိန်၌ ခါးကြားမှ ဓါးမြှောင်ကိုထုတ်ပြီး မိုက်မိုက်ကန်းကန်းပင် ပြေးဝင်ထိုးစိုက်လိုက်တော့၏။

ဒူးလေးကို အမျိုးမျိုး ရှောင်တိမ်းခဲ့သောကျားသည် ဓါးမြှောင်ချက်ကိုမူ မိမိရရ ခံလိုက်၏။

ကျားသည် ဒဏ်ရာရပြီးလျှင် ထွက်ပြေးပျောက်ကွယ်ကာ နောက်ထပ်ပေါ်မလာတော့ချေ။

စောသာထူးသည် လမ်းခရီးတွင် အခိပ်ရှိသော မြွေများ၊ ကင်းကဲ့သို့ သတ္တဝါများနှင့် မထင်မှတ်ဘဲ ကြုံတွေ့ခဲ့ရသော်လည်း ကျော်ဖြတ်လာနိုင်ခဲ့၏။

သူသည် သတိ၊ ဝီရိယကြီးစွာနှင့် အချိန်အတန်ကြာမျှ သွားမိလျှင် လမ်းကဆုံးသွားပြီဖြစ်၏။ သူ့ရှေ့တွင် အသူတရာမျှ နက်လှသည်ဟု ထင်ရသော ချောက်ကမ်းပါးတစ်ခုက ကာဆီးထား၏။

စောသာထူးသည် ချောက်ကမ်းပါးကို ငုံ့၍ကြည့်ပြီး



www.burmeseclassic.com

www.burmeseclassic.com



*"ဒီကျွပါပဲ… ချောက်ကမ်းပါးအောက်ခြေ*

*မှာ ဘာတွေလောက်နက်သလဲမသိဘူး၊ မြူခိုးတွေက*

*ဆိုင်းနေလို့ ဘာမှလည်းမမြင်ရဘူး၊ ကတ္တဝါကြီးက*

*တော့ ငါ့ကို ချောက်တွန်းလိုက်ပြီ ထင်တယ်၊*

*အဲဒီမှာလဲ သူ့သခင်ရဲ့ပစ္စည်းတွေ၊ သွားစရာလမ်း*

*မရှိတော့တဲ့နေရာကို ဘာကြောင့် ကတ္တဝါကြီးက*

*လမ်းညွှန်လိုက်ရသလဲ"*

ဟု ညည်းညူလိုက်၏။

စောသာထူးသည် လမ်းမရှိတော့သဖြင့် နောက်ကြောင်းသို့ ပြန်လှည့်ရတော့မည်ကဲ့သို့ရှိ၏။

ကျောက်ကမ်းပါးမှာ ကျယ်ဝန်းလေရာ တစ်ဖက်သို့ ကူးရန်လည်း ဖြစ်နိုင်ဖွယ်ရာမရှိချေ။

တစ်နေရာတွင် ချောက်ကမ်းပါးအတွင်း တစ်လံသာသာမျှ ထိုး၍ထွက်နေသော ကျောက်စွန်းတစ်ခုကို တွေ့ရ၏။

စောသာထူးသည် ပတ်ဝန်းကျင်တွင် တစ်ဖက်သို့ကူးရန် အခွင့်အရေး တွေ့ရှိလို တွေ့ရှိငြား ရှာဖွေရင်း ကျောက်စွန်းထက်သို့ ရောက်လာ၏။





ထိုအခါ ကျောက်စွန်းထက်တွင် ထွင်းထုထားသော စာများကို တွေ့ရှိရ၏။

ထိုစာများမှာ နှစ်ကာလကြာရှည်က ရေးထွင်းထားဟန်နှင့် အချို့စာလုံးများက မှေးမှိန်ပျောက်ကွယ်လုနီး ဖြစ်နေသော်လည်း ကောင်းစွာဖတ်ရှုပြီး သဘောပေါက်နိုင်၏။

စာများမှာ

*"ညာဘက်ကို မျက်နှာမူပါ၊ မျက်လုံးမှိတ်ပြီး ရဲရဲဝံ့ဝံ့သာ ခုန်ချလိုက်ပါ၊ အကျိုးရှိမှာပါ"*

ဟူ၍ ရေးသားထား၏။

စောသာထူးသည် စာကိုဖတ်ပြီး မျက်မှောင်ကြုတ်လိုက်မိ၏။

သူသည် ကျောက်စွန်းမှ အောက်သို့ငုံ့ကြည့်မိပြီး ခေါင်းယမ်းကာ

*"အဲဒီလိုခုန်ချလိုက်တော့ အဲဒီချောက်ကမ်းပါးထဲမှာ အရိုးအသား ရှာမရအောင်ဖြစ်သွား*



www.burmeseclassic.com

www.burmeseclassic.com



*မှာပေါ့"*

ဟု ရေရွတ်လိုက်၏။

သို့သော် သူသည် ကတ္တာဝါကြီးလွှတ်လိုက်သည့်လမ်းတွင် ခရီးကဆုံးနေလေရာ ထိုသို့လမ်းမရှိသည့်နေရာကို ကတ္တာဝါကြီးက မလွှတ်နိုင်ဟု တွေးမိပြန်၏။

ထိုစာကြောင်း၏ ညွှန်ကြားမှုက သူ့အတွက် လမ်းသာလျှင် ဖြစ်ရပေမည်။

စောသာထူးက ခေါင်းကိုမော့ကာ

*"ငါ့အတွက် ခရီးဆုံးအထိသွားရမှာပဲ၊ ဒီတော့ စာကြောင်းအတိုင်း လိုက်နာရုံကလွဲပြီး ဘာမှမရှိတော့ဘူး"*

ဟု ဆုံးဖြတ်လိုက်၏။

ထို့နောက် သူသည် ကျောက်စွန်း၏ညာဘက်သို့ မျက်နှာမူ၍ မျက်လုံးကိုမှိတ်၏။

ပြီးလျှင် ဆတ်ခနဲ ခုန်ချလိုက်တော့၏။

စောသာထူးသည် တစ်ချိန်တည်းတွင် ရင်ထဲ၌ အေးခနဲ၊





လှပ်ခနဲဖြစ်ကာ စာပဝါပါးပါးလွှမ်းခြုံထားသလိုရှိသော မြူနှင်းများကြားသို့ သူ၏ကိုယ်ခန္ဓာက အရှိန်အဟုန်နှင့် တိုးဝင်သွားသည်ကို သိရှိလိုက်၏။

သူသည် တစ်မြှင်နက်ပင် ထိုကဲ့သို့ ပြုလုပ်မိသည့်အတွက် နောင်တရမိ၏။

မကြာမီ သူ၏အရိုးများ ကျိုးကြေနေသော ကိုယ်ခန္ဓာသည် ချောက်ကမ်းပါးအခြေတွင် ရုပ်ပျက်ဆင်းပျက် ဖြစ်နေတော့မည်ဟုလည်း တွေးမိ၏။

ထိုကစ်ခဏ၌ပင် စောသာထူးသည် နူးညံ့သော တစ်စုံတစ်ရာပေါ်သို့ ပြုတ်ကျကာ ရပ်တန့်သွား၏။ ထိုနေရာတွင် မြူနှင်းများက ပို၍ထူထပ်သလိုရှိ၏။

စောသာထူးကမူ သူရောက်ရှိနေရာကို ကြည့်ရှုပြီး ကောင်းစွာ သဘောပေါက်သွား၏။

သူသည် ချောက်ကမ်းပါးအခြေသို့ ရောက်ရှိနေခြင်းသာ ဖြစ်၏။

ချောက်ကမ်းပါးသည် ထင်မှတ်ထားသလောက် နက်ရှိုင်း



www.burmeseclassic.com

www.burmeseclassic.com



မှ မရှိဘဲ မြူခိုးများကြောင့် လွှမ်းစွာနက်ရှိုင်းသည်ဟု ထင်မှတ်ခဲ့၏။

သူ့အတွက် ပို၍အံ့ဩစရာကောင်းနေသည်က သူသည် အမြင့်မှကျလာသော်လည်း မြေပြင်တွင် သက်သောင့်သက်သာရှိနေခြင်းဖြစ်၏။

သူသည် တစ်စုံတစ်ယောက်က သီးသန့်ပြုလုပ်ထားဟန်ရှိသော ကြီးမားသည့် လဲမို့ကန်ကြီးအတွင်း ကျရောက်ခဲ့ခြင်းသာဖြစ်၏။

လဲမို့ကန်ဟူသည် အိမ်ခန်းတစ်ခန်းစာမျှ အကျယ်အဝန်းရှိသော မြေနေရာကို ခပ်နက်နက်တူးဆွပြီး လဲမို့များ ထည့်သွင်းထားခြင်းဖြစ်၏။

ထိုလဲမို့များအပေါ်မှထပ်၍ သားရေပြားကြီးတစ်ချပ်ကိုလည်း ခင်းထားသေး၏။

ထိုလဲမို့ကန်ကို ပြုလုပ်သူသည် ကျောက်ကမ်းပါးထိပ်ရှိ ကျောက်စွန်းမှ ခုန်ချရာတွင် အကျကောင်းစေရန် ရည်ရွယ်ပြုလုပ်ခဲ့သည်မှာ ထင်ရှား၏။





မည်သည့်ရည်ရွယ်ချက်နှင့် ထိုသို့ပြုလုပ်ထားသည်ကို မသိရသော်လည်း ပြုလုပ်သူမှာ ကဗ္ဗဝါကြီး၏သခင်မှလွဲ၍ မဖြစ်နိုင်ချေ။

စောသာထူးသည် ထိုနေရာတွင် စမ်းတဝါးဝါး သွားလာရင်း ကျောက်ကမ်းပါးနံရံတွင် ဖောက်လုပ်ထားသော ဂူပေါက်တစ်ခုကို တွေ့ရ၏။

ဂူပေါက်ကလည်း သဘာဝအတိုင်းမဟုတ်ဘဲ တစ်စုံတစ်ယောက်က ပြုပြင်ဖောက်လုပ်ထားဟန်ရှိလေရာ စောသာထူးက

*"အင်း... ငါရဲ့ခရီးက ဒီဂူထဲမှာတင် အဆုံးသတ်ပါစေလို့ ဆုတောင်းရတော့မှာပဲ"*

ဟု တီးတိုးရေရွတ်လိုက်၏။

ဂူက လေးထောင့်ကျကျဖောက်လုပ်ထားလေရာ အခန်းတစ်ခန်းနှင့် ပို၍တူ၏။ ဂူထဲတွင် မှောင်မည်းနေလေရာ စောသာထူးရောက်လာလျှင် လင်းနို့တစ်အုပ်က လန့်ပြီး ပျံသန်းထွက်ခွာသွားကြ၏။



www.burmeseclassic.com

www.burmeseclassic.com



စောသာထူးသည် လျှင်မြန်စွာပင် ဂူထဲ၌ မီးပုံတစ်ခုဖိုရ၏။ အလင်းရောင် ကောင်းစွာရမှပင် ဂူတွင်းသို့ လှည့်ပတ်ကြည့်ရှုရ၏။

ထိုအခါ လူတစ်ယောက် ကောင်းစွာအိပ်စက်နိုင်လောက်သည့် ကျောက်ဖျာကြီးတစ်ချပ်နှင့် နံဘေးတွင် ကနုတ်ပန်းများ ထွင်းထုထားသော ဖုန်အလိမ်းလိမ်းတက်နေသည့် ကျွန်းသေတ္တာ တစ်လုံးကို တွေ့ရ၏။

သေတ္တာတွင် သော့ဟူ၍ တပ်ဆင်မထားချေ။ ထို့ကြောင့် စောသာထူးသည် စိတ်ဝင်စားမှုအပြည့်နှင့် သေတ္တာကို ဖွင့်လိုက်တော့၏။

သေတ္တာက ကြီးမားသော်လည်း အတွင်း၌ ဟာလာဟင်းလင်းဖြစ်ကာ ရှည်မျောမျောသံဖြူဘူးတစ်ခု ရေလုံမိုးကာနှင့် ထုပ်ပိုးထားသော သားရေဖုံးစာအုပ်တစ်အုပ်ကိုသာ တွေ့ရ၏။

စောသာထူးသည် သံဖြူဘူးကိုဖွင့်လိုက်မှပင် ဟိုက်ခနဲဖြစ်သွားကာ

*"မီးပြဒါး... မီးပြဒါးလုံးပါလား"*





ဟု အံ့သြတကြီး အော်ဟစ်မိ၏။

သူ၏လက်တွင်းမှ မီးပြဒါး၏အလင်းက ဂူထဲတွင် တောက်ပနေ၏။ သူသည် ထိုအရာကို ဒုတိယအကြိမ် တွေ့ရှိလိုက်ရပေပြီ။

စောသာထူးသည် ဆက်လက်ပြီး သားရေဖုံးစာအုပ်ကို ကြည့် ရှုလိုက်ပြန်၏။ စာအုပ်အဖုံးတွင် "ဦးအောင်သာဇော်ခေါ်" ၏ မှတ်တမ်းဟူ၍ ထူးထူးဆန်းဆန်းအမည်တစ်ခု ရေးသားထား၏။

စာအုပ်၏ ပထမစာမျက်နှာ၌မူ

*"သင်သည် ယခုမှတ်တမ်းကို ဖတ်ရှုနေပြီဆိုလျှင် သင့်လက်တွင်း၌ ထူးဆန်းသော ပြဒါးလုံးကို ရယူပြီးဖြစ်လိမ့်မည်။ ထိုပြဒါးလုံးကို မီးပြဒါးဟု ခေါ်တွင်ကာ အမျိုးအစားအားဖြင့် မီးပြဒါးအဓိ ဖြစ်၏။"*

ဟူ၍ ရေးသားထားသည်ကို ဖတ်ရှုပြီး စောသာထူးက လက်တွင်း မီးပြဒါးကို စူးစိုက်ကြည့်ကာ

*"ဒါဆိုရင် နတ်ကြီးချောင်းကမ်းစပ်မှာ*



www.burmeseclassic.com

www.burmeseclassic.com



*တွေ့ခဲ့တဲ့ ဟိုမြေးအဘွားဆီက မီးပြဒါးဟာ မီးပြဒါးအမပဲ ဖြစ်လိမ့်မယ်"*

ဟု တွေးလိုက်မိ၏။

ထို့နောက် သူ၏အကြည့်က စာမျက်နှာထက်သို့ ပြန်လည်ရောက်ရှိသွားပြန်၏။

စောသာထူး၏အာရုံက မှတ်တမ်းစာအုပ်ပါ အကြောင်းအရာများထဲတွင် နစ်မြုပ်နေပြီဖြစ်၏။

ဖတ်ဝန်းကျင်ကိုလည်း အတန်ကြာမျှ မေ့လျော့နေပြီဖြစ်၏။

ထိုအချိန်၌ပင် သူရှိရာဝူအနီးသို့ တရွေ့ရွေ့ ချည်းကပ်လာနေသော အရိပ်မည်းများကိုလည်း သတိမြူမိခြင်းမရှိတော့ချေ။





ပဥ္စလက်ရှာသားများ

စောသာထူးသည် "ဦးအောင်သာကျော်ဇော်"၏ မှတ်တမ်း ပါ နောက်ဆုံးစာကြောင်းကို အသံထွက်၍ ဖတ်ရှုလိုက်၏။

*"ကျွန်ုပ်သိရှိထားသော နတ်ကြီးတော်၏ လျှို့ဝှက်ချက်ကို သင်၏ရင်ထဲ၌သာ သိမ်းဆည်းလိုက်ပါ၊ သင်သည် ကျွန်ုပ်၏ မှတ်တမ်းကို*



www.burmeseclassic.com

www.burmeseclassic.com



*တော်ရှုပြီး မကြာမီပင် ထိုမှတ်တမ်းစာအုပ်မှာလည်း အလိုအလျောက် ပျောက်ကွယ်သွားပေလိမ့်မည်။ ကျွန်ုပ်သည် မှတ်တမ်းစာအုပ်ကို ဂျန်လိုက်လျှင်ပင် အစွမ်းသတ္တိပြစေသော ဆေးတစ်မျိုး သုတ်လိမ်းထားခဲ့၏။ ထိုဆေးက သင်ဖတ်ရှုပြီးချိန်တွင် အစွမ်းပြပေလိမ့်မည်"*

စောသာထူးသည် ထိုစာကြောင်းပါ အကြောင်းအရာများကြောင့် မှတ်တမ်းကို မမှိတ်မသုန် ကြည့်ရှုနေ၏။

မှတ်တမ်းသည် အလိုလိုပျောက်ကွယ်သွားလိမ့်မည်ဟု ဆိုထားသည် မဟုတ်ပါလား။ ထိုအခိုက် သူ၏အလေ့အကျင့်ကောင်းလှသော နားက ဂူထဲသို့ပြေးဝင်လာသည့်ခြေသံများကို ကြားလိုက်ရ၏။

စောသာထူးသည် ရုတ်တရက်ပင် ဓါးမကိုဆွဲပြီး နောက်သို့ ဆတ်ခနဲ လှည့်လိုက်တော့၏။

စောသာထူး ရင်ဆိုင်လိုက်ရသည်က မလှုပ်မယှက်ရပ်တန့်နေသော အရိပ်မည်းများဖြစ်၏။ ထိုအရိပ်မည်းများသည် ရှည်လျားသော အရပ်ရှိကြ၏။



ဆံပင်ရှည်တို့ကလည်း မျက်နှာများကို ဖုံးအုပ်ပြီး ဖရိုဖရဲ ဖြစ်နေကြ၏။

ထိုသူတို့၏ အဝတ်အထည်တို့ကလည်း စုတ်ပြဲ ညစ်ပေးနေကြ၏။

စောသာထူးက ဓါးကိုဝင့်ပြီး တစ်စုံတစ်ရာပြောမည်ဟန်ပြင်စဉ် အရိပ်မည်းတစ်ခုက ရှေ့သို့တိုးထွက်လာပြီး

*"မင်းဆီက မီးပြဒါးနဲ့ မှတ်တမ်းစာအုပ်ကို ပေးစမ်း"*

ဟု တောင်းလေ၏။

စောသာထူးသည် မီးပြဒါးထည့်ထားရာ သံဖြူဘူးကို ခါးကြားတွင် ထိုးပြီး မှတ်တမ်းစာအုပ်ကို လက်တစ်ဖက်တွင် ကိုင်ဆောင်ထား၏။

သူသည် ထိုသူများက မကောင်းဆိုးဝါးများလို ရုတ်တရက် ရောက်လာပြီး ထိုပစ္စည်းများကို တောင်းယူသောကြောင့် အံ့သြသွားမိ၏။





www.burmeseclassic.com

www.burmeseclassic.com



သို့သော် စောသာထူးက မှတ်တမ်းကို သေချာစွာ ဖတ်ရှုပြီး ဖြစ်လေရာ ထိုသူများကို

*"ဒီမှတ်တမ်းထဲမှာ နတ်ကြီးတောရဲ့ လျှို့ဝှက်ချက်တွေရှိတယ်၊ ဒါတွေကို ဘယ်သူမှမသိသင့်ဘူး၊ ဒါကြောင့် မင်းတို့လက်ထဲကိုလည်း မအပ်နိုင်ဘူး"*

ဟု ပြောလိုက်၏။

စောသာထူး၏စကားမဆုံးမီပင် ထိုသူက လျှင်မြန်စွာ ရွေ့လျားလာပြီး မှတ်တမ်းအုပ်ကို ဆတ်ခနဲဆွဲယူသွား၏။

စောသာထူးသည် မည်သို့မျှ တားဆီးရန် အချိန်မမီလိုက်ပေ။

သို့သော် ထူးခန်းစွာပင် ထိုသူ၏လက်တွင်းသို့ ရောက်ရှိသွားသော မှတ်တမ်းစာအုပ်မှ ဟုန်းခနဲ မီးတောက်ကလေးက ထ၍တောက်လာ၏။

ထိုသူသည် ယောင်ယမ်းပြီး မှတ်တမ်းစာအုပ်ကို လွှတ်ချလိုက်လျှင်ပင် မြေပြင်သို့ရောက်ရှိသွားကာ မှတ်တမ်းသည် အလိုလိုပင် မီးတောက်ကြီးတစ်ခုဖြစ်ပေါ်ကာ လောင်ကျွမ်းသွားတော့၏။





တစ်ပြိုင်နက်ပင် စောသာထူးသည် အရိပ်မည်းများထံမှ ညည်းတွားသံကဲ့သို့ အသံရှည်ကြီးထွက်လာပြီး

*"သွားပြီ . . . သွားပြီ၊ ငါတို့အားလုံးရဲ့ မျှော်လင့်ချက် အလင်းရောင်ကလေးတော့ ပျောက်သွားပြီ"*

ဟူသောအသံများကို ကြားလိုက်ရလေ၏။

ထို့နောက် ထိုသူများအားလုံးသည် အရိုးပေါ်အရေတင်မျှသာ ရှိသော လက်များကို ဆန့်တန်းပြီး စောသာထူးထံ တစ်စုံတစ်ရာ အန္တရာယ်ပြုတော့မည်ကဲ့သို့ ပြေးဝင်လာကြ၏။

စောသာထူးသည်လည်း အံကြိတ်ပြီး ဓါးကို အဆက်မပြတ် ဝှေ့ယမ်းကာ ခုခံကာကွယ်လိုက်လေ၏။

သို့သော် သူ၏ဓါးချက်များက မည်သူ့ကိုမှ ထိခိုက်မှုမရှိဘဲ လေကိုသာ ခုတ်ပိုင်းနေရသလိုရှိ၏။

အချိန်ကြာလာသည်နှင့်အမျှ လက်အံက သေလာ၏။



www.burmeseclassic.com

www.burmeseclassic.com



အရိပ်မည်းများသည် ဝိန်လှိုပြီး အရိုးပေါ်အရေတင်မျှသာ ရှိသော်လည်း မာကျောသန်စွမ်းကြ၏။

ထိုသူများ၏ တစ်ယောက်တစ်လက် တိုက်ခိုက်မှုကြောင့် စောသာထူးသည် မရှုမလှ ခံနေပြီဖြစ်၏။

နောက်ဆုံးတွင် ထိုသူများက သူ့ကို မလှုပ်သာအောင် ဝိုင်းဝန်းချုပ်နှောင်လိုက်ကြပြီး ခေါင်းဆောင်ဖြစ်ဟန်တူသူတစ်ယောက်က

*"ကဲဟေ့… မှတ်တမ်းကလည်း မရှိတော့ဘူး၊ မီးပြဒါးကိုပဲ ဖျောက်ဖျက်ပစ်ကြစို့"*

ဟု အမိန့်ပေးလေ၏။

မီးပြဒါးထည့်သွင်းထားရာ သံဖြူဘူးမှာ စောသာထူးထံ၌ပင် ရှိသေး၏။

ထိုအခါ အခြားတစ်ယောက်က သံဖြူဘူးကိုယူ၍ ကိုင်မြှောက်ကာ

*"ဒီဟာကို ကျောက်မောင်းကြီး အောက်မှာထားပြီး စိစိညက်ညက်ကြေအောင် ချေပစ်ရမယ်"*





ဟု ဆိုပြန်၏။

ထိုအခိုက် ဂူဝမှ အလင်းတန်းတစ်ခု ပြေးဝင်လာပြီး ဂူတစ်ခုလုံး လင်းထိန်သွားစေ၏။

ထိုအလင်းတန်းနှင့်အတူ လူတစ်ယောက်ပါ ကပ်ပါလာ၏။

အလင်းတန်းကိုမြင်လျှင်ပင် စောသာထူးကို ချုပ်နှောင်ထားသူအားလုံး ဝရုန်းသုန်းကား ဖြစ်သွားကြ၏။ သူတို့သည် ထိုအလင်းတန်းကို ရင်မဆိုင်ရဲဟန်နှင့် မျက်လုံးများကို လက်နှင့်ကာရံလိုက်ကြ၏။

စောသာထူးသည် ထိုအလင်းတန်းမှာ မီးပြဒါးမှထွက်ပေါ်လာသော အလင်းရောင်ဖြစ်မှန်းသိလိုက်၏။

သူသည် အလင်းတန်းနှင့်အတူ ကပ်ပါလာသူကို မြင်တွေ့လျှင် အံ့သြတကြီးနှင့်

*"နတ်ကြီးတောသူပါလား"*

ဟု အော်ဟစ်လိုက်မိ၏။

နတ်ကြီးတောသူဟူသော မိန်းကလေးကို နတ်ကြီးချောင်း



www.burmeseclassic.com

www.burmeseclassic.com



နံဘေးတွင် တွေ့ကြုံခဲ့ဖူးပြီဖြစ်၏။

ထိုမိန်းကလေးထံတွင်လည်း မီးပြဒါးလုံးတစ်ခုရှိနေသည် မဟုတ်ပါလေ။ ။

နတ်ကြီးတောသူသည် မီးပြဒါးတွင် သားရေမျှော့ကြိုးတပ်ပြီး လိုသလိုရွေ့လျားစေကာ ဂူတွင်းသို့ရောက်လာချေပြီ။

မကြာမီ စောသာထူးကို ဝိုင်းဝန်းတိုက်ခိုက်သူများသည် မီးပြဒါးကို ထိတ်လန့်ကြောက်ရွံ့ပြီး ဂူထဲမှ လျှင်မြန်စွာ ထွက်ပြေးပျောက်ကွယ်သွားကြ၏။

ထို့အပြင် မိန်းကလေးသည် စောသာထူးထံမှ ထိုသူများ လုယက်သွားသော မီးပြဒါးသံဖြူဘူးကို ပြန်လည်ရယူထားလိုက်နိုင်၏။ ထိုအခါ စောသာထူးက မိန်းကလေးကို

"မင်း ငါ့အသက်ကို ကယ်လိုက်တာပဲ"

ဟု ပြောလိုက်၏။

မိန်းကလေးက မီးပြဒါးကို သိမ်းဆည်းပြီး ခေါင်းယမ်းကာ





"ရှင်ကသာ ကျွန်မကို ကူညီလိုက်တာပါ၊ ရှင့်လက်ထဲမှာရှိတဲ့ မီးပြဒါးအဖိုးသာ ပျက်စီးပျောက်ကွယ်သွားရင် ဆိုးရွားတဲ့ အဖြစ်အပျက်တွေကို ဘယ်အရာနဲ့မှ ဟန့်တားလို့ရတော့မှာ မဟုတ်ဘူး"

ဟု ဆိုလေ၏။

စောသာထူးက သက်ပြင်းချကာ

"ဒီမှာ မိန်းကလေး၊ ငါဟာ နတ်ကြီးတောကို ငါ့ရဲ့မိသားစုရှေ့ရေးအတွက် ပြေပြေလည်လည်နေနိုင်အောင်ဆိုတဲ့ ရည်ရွယ်ချက်နဲ့ လူတစ်ယောက်က အခကြေးငွေပေးပြီး ခိုင်းစေလို့ ဓော်ဂျီဂမုန်းရှာဖွေရအောင်ရောက်လာတာပဲ၊ အခုတော့ ငါကြုံတွေ့ခဲ့ရတာတွေကိုတွေးပြီး တဖြည်းဖြည်း ထိတ်လန့်လာပြီ၊ နောက်ထပ် ဘယ်လိုတွေ ဆက်ပြီးကြုံတွေ့ရမလဲဆိုတာလည်း မခန့်မှန်းတတ်တော့ဘူး၊ အခုထိတော့ ကံကောင်းထောက်မ



www.burmeseclassic.com

www.burmeseclassic.com



ပြီး အသက်ရှင်သန်နေရသေးတယ်၊ ဒါပေမဲ့ နောက်တစ်နေ့ဆိုတာကို ငါမတွေးရဲတော့ဘူး၊ ဒါကြောင့် ငါ့ရဲ့ခရီးစဉ်ကိုဖျက်ပြီး နောက်ကြောင်းပြန်လှည့်ဖို့ ဆုံးဖြတ်လိုက်ပြီ၊ ဒီမှာနေထိုင်သမျှ ကာလပတ်လုံး ငါဟာ ငါ့ရဲ့ဦးခေါင်းနဲ့ ညာဏ်မမှီတဲ့ အဖြစ်အပျက်တွေကို ကြုံတွေ့ပြီး မသေရင်တောင် ရူးသွပ်သွားဖို့ ကျိန်းသေတယ်၊ ငါ့ကိုလာပြီး တိုက်ခိုက်တဲ့သူတွေဆိုရင် လူနဲ့တောင် မတူဘူး၊ နဂါးဘာဝတွေ၊ ဝိညာဉ်တွေလိုပဲ၊ မင်းကရော ဘယ်လိုလူလဲ''

ဟု မေးမြန်းလိုက်၏။ နတ်ကြိုးတောသူက စာသာထူးရှေ့သို့ လှမ်းလာပြီး

''နတ်ကြိုးတောကိုဝင်ဖို့ ခက်ခဲသလို ပြန်ပြီးတော့ အသက်ရှင်လျက် ထွက်ခွာဖို့လည်း ခက်ခဲတယ်၊ အခုဆိုရင် ရှင်ဟာ နတ်ကြိုးတောရဲ့ လျှို့ဝှက်ချက်ကိုသိတဲ့ တစ်ဦးတည်းသောလူသား





ဖြစ်နေပြီ၊ အဲဒီတော့ ပိုပြီးတော့တောင် ထွက်ခွာဖို့ ခက်ခဲသွားပြီ၊ တစ်ခုတော့ ရှိတယ်၊ ရှင်သာ ကျွန်မကို အကူအညီပေးမယ်ဆိုရင် ဒီကပြန်ပြီး ထွက်ခွာဖို့နဲ့ လာရင်းကိစ္စဖြစ်တဲ့ ဓော်ဂျီဂမှန်းရဖို့ ကျွန်မ တာဝန်ယူတယ်''

ဟု ဆိုလေ၏။

စာသာထူးက မိန်းကလေး၏စကားဆုံးလျှင် မရယ်ချင် ရယ်ချင်နှင့် ဟက်ခနဲရယ်ကာ

''ငါ့လို မှုဆိုးတစ်ယောက်က မင်းတို့ကို ဘာများကူညီနိုင်မှာလဲ၊ ငါ့ရဲ့ထက်မြနေအောင် သွေးထားတဲ့ ဓါးမကြီးဟာ ဟိုလူတွေကို ခုတ်မိုင်းတော့ လေကိုခုတ်မိုင်းရသလိုဖြစ်နေတာ၊ ဘယ်လောက်ထူးဆန်းပြီး ထိတ်လန့်စရာကောင်းသလဲ၊ မင်းတို့ဟာ လူသားတွေမဟုတ်တာတော့ သေချာတယ်၊ ပြောစမ်းပါ မိန်းကလေး၊ အဲဒီလူတွေက ဘာတွေလဲ၊ မင်းကရော ဘယ်လိုလူသားလဲ''



www.burmeseclassic.com

www.burmeseclassic.com



ဟု မေးမြန်းပြန်၏။

မိန်းကလေးက အဖြေမပေးဘဲ

"ဒီမှာ မုဆိုးကြီး၊ ဇော်ဂျီဂမုန်းကို နတ်ကြီးတောအနှံ့ ခြေတိုအောင် ရှာဖွေလည်း ရှင့်အနေနဲ့ နှစ်ပေါင်းများစွာသာ ကြာသွားမယ်၊ ဘယ်လိုမှ တွေ့နိုင်မှာမဟုတ်ဘူး၊ ဒီနက်ကြီးတောမှာ ဇော်ဂျီဂမုန်းဟာ တစ်ပင်ပဲရှိတယ်၊ တစ်ပင်မှာ ဇော်ဂနိုနဲ့ ဇော်ဂနက်ဆိုပြီး အရောင်အသွေးမတူညီတဲ့ အတောက်နှစ်ခုထွက်နေတယ်၊ သူ့ရဲ့ထူးခြားမှုက သူဟာ နေရောင်ဒဏ်ကို မခံနိုင်ဘဲ နေ့ဘက်မှာ တစ်ပင်လုံး ညိုးရော်ခြောက်သွေ့ပြီး ပုံသဏ္ဌာန်ကိုတောင် ခန့်မှန်းရခက်လောက်အောင် ပုံပျက်ပန်းပျက် ရှိနေလိမ့်မယ်၊ ညအချိန်ရောက်မှသာ သူဟာ တစ်ပင်လုံး စိမ်းလန်းဝေဆာပြီး ရှင်သန်နေတတ်တယ်၊ ဒီတော့ ရှင့်အနေနဲ့ ဇော်ဂျီဂမုန်း ဘယ်နေရာမှာ ပေါက်ရောက်တယ်ဆိုတာ သိထားရင်တောင်





ရှာဖွေဖို့ ဘယ်လိုမှမဖြစ်နိုင်ဘူး"

ဟု ဆိုပြန်၏။

စောသာထူးသည် သူမ၏စကားကို ယုံကြည်လိုက်၏။

မိန်းကလေးက ဇော်ဂျီဂမုန်းအကြောင်းကို တိတိကျကျ ပြောဆိုနေသည် မဟုတ်ပါလား။ ထို့ကြောင့် စောသာထူးက

"ညဘက်မှသာရှင်သန်တဲ့ အပင်ကို ငါ ဘယ်လိုလုပ်ရှာရပါမလဲ၊ မိန်းကလေး မင်းရဲ့စကားကိုသာ တည်ပါ၊ ငါ ဘာကူညီရမလဲ၊ အဲဒီလို မကူညီခင် မင်းတို့ဟာ ဘာတွေလဲဆိုတာ ငါ့ကို ပြောပြသင့်တယ်"

ဟု တောင်းဆိုပြန်၏။

နတ်ကြီးတောသူက

"မကြာခင် ကျွန်မတို့အကြောင်းတွေ သိရမှာပါ၊ ဟိုလူတွေကတော့ အလှန်ပဲဆိုးသွမ်းတဲ့ ပဉ္စလက်ရွာသားတွေပဲ၊ နတ်ကြီးတောဟာလည်း



www.burmeseclassic.com

www.burmeseclassic.com



အဲဒီပဉ္စလက်ရွာသားတွေကြောင့် နှစ်ပေါင်း ရာနဲ့ ချီပြီး အမှောင်ရိပ်ဖုံးလွှမ်းခဲ့ရတယ်ဆိုရင် မမှားဘူး"

ဟု ပြောလေ၏။

မိန်းကလေး၏စကားကြောင့် ဓာသာထူးက လှုပ်လှုပ်ရှားရှားဖြစ်ကာ

"ငါ့ မှတ်တမ်းထဲမှာ အဲဒီပဉ္စလက်ရွာသားတွေဆိုတာ ဖတ်ရတယ်၊ မှတ်တမ်းကတော့ အလိုအလျောက်ပျက်စီးသွားပြီ၊ ပဉ္စလက်ရွာသားတွေက အဲဒီမှတ်တမ်း ပျောက်ပျက်သွားတဲ့အတွက် တော်တော်ကလေး စိတ်ထိခိုက်သွားကြပုံပဲ"

ဟု ဆိုလိုက်ရာ နတ်ကြီးတောသူက

"အဲဒီမှတ်တမ်းကို မဆိုးကြီး ဖတ်ရှုလိုက်ရတယ် မဟုတ်လား၊ ကျွန်မကို ပြောပြစေချင်တယ်"

ဟု မေးမြန်းလေတော့၏။

❀ ❀ ❀ ❀ ❀ ❀





ဦးအောင်သာကျော်ဇော်၏မှတ်တမ်း

"သင်သည် ယခုမှတ်တမ်းကို ဖတ်ရှုနေပြီဆိုလျှင် သင့်လက်တွင်း၌ ထူးဆန်းသော ပြဒါးလုံးကို ရယူပြီးဖြစ်လိမ့်မည်။ ထိုပြဒါးလုံးကို မီးပြဒါး ဟုခေါ်တွင်ကာ အမျိုးအစားအားဖြင့် မီးပြဒါး အဖိုဖြစ်၏။"



www.burmeseclassic.com

www.burmeseclassic.com



ကျွန်ုပ်သည် ဤမှတ်တမ်းကို ရှည်လျားဝေဝေပြားစွာ ရေးသားရန် စိတ်ကူးမရှိချေ။ လိုရင်းကိုသာ ဖော်ပြလိုက်၏။

လူတွင် ထူးဆန်းသော စိတ်သဘာဝတစ်ခုရှိ၏။ လူအချို့တို့သည် တားမြစ်ပိတ်ပင်ထားသည်ကိုမှ ချိုးဖောက်ချင်တတ်၏။ ဖုံးကွယ်ထားသည်ကိုမှ ကြည့်မြင်ချင်တတ်၏။

ပုံမှန်သဘာဝထက်လွန်ကဲမှုများကို တန်ဖိုးကြီးလှသော အသက်ကိုပင်ရင်း၍ စူးစမ်းချင်တတ်၏။ ထိုအတူ အန္တရာယ်ကြားတွင်မှ စားသင်အိပ်ပျော်တတ်ကြ၏။ ကျွန်ုပ်သည် ထိုသို့သောလူမျိုးဖြစ်၏။

ကျွန်ုပ်အတွက် နတ်ကြီးတော၏ ထူးဆန်းအံ့ဩဖွယ်ရာ အမျိုးမျိုးကို နားနှင့်မဆန့်အောင် ကြားခဲ့ဖူး၏။

ထို့ကြောင့် ကျွန်ုပ်သည် တစ်နေ့တွင် ကျွန်ုပ်နှင့်အတူ ကမ္ဘာ့ နေရာအနှံ့အပြားသို့ အတူတကွ စွန့်စားသွားလာခဲ့ဖူးသော လွန်စွာ လိမ္မာလှသည့် ကဏ္ဍဝါငှက်ကြီးနှင့် နတ်ကြီးတောသို့ ဝင်ရောက်ခဲ့၏။

နတ်ကြီးတောမှာမူ ပကတိ သာယာငြိမ်းချမ်းသော နေရာ





တစ်ခုသာ ဖြစ်သည်ဟု ထင်မှတ်ရ၏။

ဤသို့မြင်တွေ့ပြီး ထင်မှတ်မိလျှင် မှားယွင်းသွားပြီဖြစ်၏။ အမှန်စင်စစ် နတ်ကြီးတောရှိ အရာရာတိုင်းသည် လှည့်ဖျားမှုများနှင့် အတိပြီးနေ၏။

သင်၏မျက်စိတစ်မှိတ်အတွင်း၌ပင် အရာအားလုံးသည် မထင်မှတ်ဘဲ ပြောင်းလဲသွားနိုင်သည်သာ ဖြစ်၏။

သင်သည် နတ်ကြီးတောသို့ အကြောင်းတစ်စုံတစ်ရာနှင့် ဝင်ရောက်လာသော လူသားတစ်ယောက်ဖြစ်အံ့။ ကျွန်ုပ်က နတ်ကြီးတောအကြောင်း ထိုထက်ပို၍ မညွှန်းဆိုတော့ပေ။

သင်နှင့်ကျွန်ုပ်သည် တွေ့ကြုံရမည့် အဖြစ်အပျက်တို့ ထပ်တူ ကျနိုင်မည် မဟုတ်ချေ။

ထို့ကြောင့် သင်ကိုယ်တိုင်၏ တွေ့ကြုံခံစားမှုဖြင့်သာ နတ်ကြီးတော၏ အဓိပ္ပါယ်ကို ဖွင့်ဆိုပါတော့။

နတ်ကြီးတော၏လှည့်စားမှုဟူသည် ကျွန်ုပ်ပြောခဲ့ဖူး၏။ ထိုအကြောင်းကို ဆက်ပါဦးမည်။

နတ်ကြီးတောအား လွှမ်းခဲ့သည့် နှစ်ပေါင်းများစွာများစွာ



www.burmeseclassic.com

www.burmeseclassic.com



ထဝင် ချုံမှာသော အယူဝါဒတွင် ပေါက်မြောက်အောင် ကျင့်ကြံခဲ့ရှာသော ပုဂ္ဂိုလ်ထူးတစ်ပါးက ကံကြမ္မာဆိုးများ ဖြစ်ပေါ်စေခဲ့၏။

သင်သည် လူသတ္တဝါဟူသည် သုံးဆယ့်တစ်ဘုံသားများဟု ယုံကြည်လျှင် ကျွန်ုပ်တို့ကဲ့သို့ လူမဟုတ်သော အခြားအသွင်သဏ္ဌာန်မျိုးနှင့် ရပ်တည်နေသော သုံးဆယ့်တစ်ဘုံသားများကို နတ်ကြီးတောအတွင်း မြင်တွေ့ရလိမ့်မည်ဖြစ်၏။

ထိုသူတို့သည် တောသတ္တဝါများလည်း ဖြစ်နေတတ်၏။ သစ်ပင်၊ တောတောင်တို့လည်း ဖြစ်နေတတ်၏။ ထို့အတူ လူသားအသွင်အပြင်လည်း ရှိနေတတ်၏။

ထိုသူများသည် ပဉ္စလက်ရှာသားများသာ ဖြစ်၏။ ပဉ္စလက်ရှာသားများသည် ထိုပုဂ္ဂိုလ်ထူးကြီး၏ စီရင်ချက်မှ ရလာသော ရလဒ် ဖြစ်၏။

နတ်ကြီးတောသည် ပဉ္စလက်ရှာသားများလက်ထဲတွင် ထူးဆန်းတွေလာများနှင့် နာမည်သတင်းကြီးခဲ့ရသော်လည်း ပဉ္စလက်ရှာသားများကိုမူ မည်သူကမျှ မသိရှိချေ။





ပဉ္စလက်ရှာသားတစ်ယောက်က သင့်ကို မသတ်ဖြတ်နိုင်ချေ။

သို့သော် သင့်ကို အဆုံးစွန်ထိ စိတ်ချောက်ချားအောင် ပြုလုပ် နိုင်စွမ်းရှိ၏။

အမှန်တကယ်ရှိသော အန္တရာယ်တောထဲသို့ သင့်ကို လှည့်ဖြား အကောက်ကြံကာ ပို့ဆောင်နိုင်၏။

သင်သည် အသက်စီဝကုန်ခမ်းရန် ကံပါလာလျှင် မလွဲမသွေ သေဆုံးရမည်ဖြစ်၏။

ပဉ္စလက်ရှာသားများအကြောင်း ထိုမှုနှင့်ရပ်တန့်ပြီး မီးပြဒါးအကြောင်း ဆက်ပါမည်။

ကျွန်ုပ်သည် ထိုမီးပြဒါးကြောင့် သာမန်လူများ မည်သို့မျှ ရပ်တည်နိုင်မည်မဟုတ်သော နတ်ကြီးတောအတွင်း ကာလအတန်ကြာ ဘေးမသီ ရန်မခ‌ဘဲ နေထိုင်နိုင်ခဲ့၏။

ကျွန်ုပ်သည် နတ်ကြီးတောသို့ ဝင်ရောက်စဉ်၌ ဦးစွာပင် ကျွန်ုပ် ကောင်းစွာသိကျွမ်းရင်းနှီးခဲ့ဖူးသော ပုဂ္ဂိုလ်တစ်ဦးနှင့် မထင်မှတ်ဘဲ တွေ့ဆုံလိုက်ရ၏။



www.burmeseclassic.com

www.burmeseclassic.com



ထိုသူ၏ ဖြူဖွေးသော မုတ်ဆိတ်ကျင်စွယ်တို့က ရှည်လျား၏။

ကြုလှီသော ကိုယ်ခန္ဓာကို သစ်ခေါက်ဆိုးအဝတ်တို့နှင့် ဖုံးလွှမ်းထား၏။

သို့သော် ကောင်းမွန်သည့် အကျင့်စာရိတ္တ၏ အမှတ်လက္ခဏာအဖြစ် မျက်လုံးအစုံက သောက်ရှူးကြယ်လို ထွန်းလင်းနေ၏။

ကျွန်ုပ်သည် ဝါသနာအရ နေရာအနှံ့ စွန့်စားလှည့်လည်ခဲ့ဖူးသည်ကို ဖော်ပြခဲ့ပြီးဖြစ်၏။

ထိုအထဲမှ ကျွန်ုပ်သည် ဟိမဝန္တာဘက်သို့ ရောက်ခဲ့စဉ်က 'ပရဆာ' ဟူသောအရပ်တွင် သူတော်စင် ဆာဒူးကြီးတစ်ပါးနှင့် ဆုံတွေ့ခဲ့ဖူး၏။

ထိုသူတော်စင်ကြီးသည် ကျောက်ဂူတစ်ခုထဲ၌ ပြင်းထန်သော အကျင့်တစ်စုံတစ်ရာကြောင့် အင်အားချည့်နဲ့စွာ လျောင်းစက်နေစဉ် ဖြစ်၏။

ကျွန်ုပ်အနေနှင့် ထိုစဉ်က သူတော်စင်ကြီးအား ကောင်းစွာ





ကျွန်းမာလာသည်အထိ ပြုစုလုပ်ကျွေးခဲ့ဖူး၏။

ယခု နတ်ကြီးတောအဝင်၌ ထိုသူတော်စင်ကြီးနှင့် ဆုံတွေ့လိုက်ရခြင်းသာ ဖြစ်၏။

သူတော်စင်ကြီးသည် နတ်ကြီးတောအတွင်း လှည့်လည်နေထိုင်ပြီး ပြန်လည်ထွက်ခွာလာဟန်တူ၏။

ထိုစဉ်က သူတော်စင်ကြီးက ကျွန်ုပ်ကို လွန်စွာထူးဆန်းသည့် မီးပြဒါးအဖိုအား ချီးမြှင့်ခဲ့သလို နတ်ကြီးတော၏ လျှို့ဝှက်ချက်အား အမှာပါးခဲ့၏။

ဤသည်ပင်လျှင် မှတ်တမ်းပါ အဓိကအကြောင်းများဖြစ်၏။

သင်သည် နတ်ကြီးတောအတွင်း ကမောက်ကမဖြစ်ရပ်များနှင့် ကြုံတွေ့ရပါက မကောင်းဆိုးဝါး ပဥ္စလက်ရှာသားများ၏ လက်ချက်ဟုသာ မှတ်ယူလိုက်ပါ။

၎င်းတို့သည် လွန်ခဲ့သောနှစ်ပေါင်းများစွာ အယူလွဲမှားစွာ ကျင့်ကြံအားထုတ်ပြီး ပေါက်မြောက်သွားခဲ့သော ပုဂ္ဂိုလ်ထူးကြီးတစ်ပါး၏ ပြုလုပ်စီရင်ချက်များသာ ဖြစ်၏။



www.burmeseclassic.com

www.burmeseclassic.com



တစ်နည်းအားဖြင့် ယုတ်ညံ့သောကျိန်စာသာ ဖြစ်၏။ ပဥ္စလက်ရှာသားတို့သည် နတ်ကြီးတောအား ထိတ်လန့်ကြောက်ရွံ့ဖွယ်အမျိုးမျိုးတို့ဖြင့် ဖျက်ဆီးကြ၏။

သို့သော် သဘာဝလောက၏ ဖြစ်ပျက်မှုတော ဥပဒေသအတိုင်း ၄င်းတို့မှာ တစ်ချိန်ချိန်တွင် အစွမ်းပျက်ပျယ်ပြီး ပျောက်ကွယ်ရမည်ဖြစ်၏။

ထိုသို့ဖြစ်ပေါ်ရန်လည်း သူတို့ကို ချုပ်ထိန်းထားသည့် အသက်ဓါတ်ကို နှိမ်နင်းရပေမည်။

သင်သည် ထိုစကားကို နားရှုပ်သွားပေလိမ့်မည်။ ဥပမာဆိုရလျှင် သင့်အတွက် အသက်ရှင်ရန် လေကို အစဉ်အမြဲလိုအပ်သလို ပဥ္စလက်ရှာသားများအနေနှင့် သူတို့၏ရပ်တည်မှုအတွက် အစဉ်လိုအပ်သော အသက်ဓါတ်ကို လျှို့ဝှက်စွာ ထိန်းသိမ်းထားကြ၏။

ထိုအသက်ဓါတ်မှာလည်း နေရာအတည်တကျမရှိဘဲ ရွေ့လျားနေသည်သာဖြစ်၏။

ထို့ကြောင့် သူတို့၏အသက်ဓါတ်ကို ရှာဖွေနှိမ်နင်းနိုင်မှသာ





သူတို့သည် အစွမ်းပျက်ပျယ် ပျောက်ကွယ်ပြီး နတ်ကြီးတောသည်လည်း သဘာဝအတိုင်း တည်နေမည် ဖြစ်၏။

ကျွန်ုပ်သည် ထိုကိစ္စအတွက် များစွာကြိုးပမ်းခဲ့၏။ သို့သော် ကျွန်ုပ်အတွက် မကြာမီ လွန်စွာကြီးမားသည့် အန္တရာယ်တစ်ခုနှင့် ရင်ဆိုင်ရတော့မည်ဖြစ်၏။

ကျွန်ုပ်သည် ထိုအန္တရာယ်နှင့်ကြုံတွေ့ပြီး သေဆုံးကောင်းသေဆုံးသွားနိုင်၏။ ထို့ကြောင့် မှတ်တမ်းကို ရေးသားပြီး သင့်ထံလက်ဆင့်ကမ်းလိုက်ခြင်းဖြစ် အမြော်အမြင်ရှိစွာ ကြိုတင်ကြံစည်ခဲ့၏။

ပဥ္စလက်ရှာသားများသည် သူတို့၏အသက်ဓါတ်ကို လုံခြုံရာနေရာများတွင် ရွှေ့ပြောင်းရင်း ကောင်းစွာကာကွယ်ကြမည်သာ ဖြစ်၏။

ဤသည်မှာ ကျွန်ုပ်၏ကျေးဇူးရှင် သူတော်စင်ကြီး အမှာပါးခဲ့သည်များသာ ဖြစ်၏။

သတိပြုရန်မှာ နတ်ကြီးတောအတွင်း အခြားမီးပြဒါးအမတစ်မျိုးရှိနေလေရာ ထိုအရာကို ရှာဖွေရမည်ဖြစ်၏။ မီးပြဒါးအမှိုင်



www.burmeseclassic.com

www.burmeseclassic.com



အမ ပုဆိုးပေါင်းမီမှသာ သူတို့၏အသက်ဓါတ်ကို ရှာဖွေပြီး နှိမ်နင်းနိုင်မည့် ဖြစ်၏။

ကျွန်ုပ်သည် မီးပြဒါးအမကို ရှာဖွေမရနိုင်ခဲ့ချေ။ သင်သည်လည်း စိတ်ဆန္ဒရှိလျှင် ထိုကိစ္စကို အကောင်အထည်ဖော်နိုင်၏။

စိတ်ဆန္ဒမရှိပါကလည်း မီးပြဒါး၏အကူအညီနှင့် နတ်ကြီးတောမှ ဘေးကင်းရန်ကွာ အကာအကွယ်ယူပြီး ထွက်ခွာသွားနိုင်၏။

ဤသို့ဆိုလျှင်တော့ သင်၏သားစဉ်မြေးဆက်တစ်လျှောက် နတ်ကြီးတောဟူသည့် အသံကြားရုံမျှနှင့် တုန်လှုပ်ချောက်ချားနေရဦးမည်သာ ဖြစ်သတည်း။

ပြီးလျှင် ကျွန်ုပ်သိရှိပြီး မြန်လည်ဖောက်သည်ချခဲ့သော နတ်ကြီးတော၏လျှို့ဝှက်ချက်ကို သင်၏ရင်ထဲ၌သာ သိမ်းဆည်းထားလိုက်ပါ။

သင်သည် ကျွန်ုပ်၏မှတ်တမ်းကို ဖတ်ရှုပြီး မကြာမီပင် ထိုမှတ်တမ်းစာအုပ်မှာလည်း အလိုအလျောက် ပျောက်ကွယ်သွား





ပေလိမ့်မည်။

ကျွန်ုပ်သည် မှတ်တမ်းစာအုပ်ကို လုန်လိုက်လျှင်ပင် အစွမ်းသတ္တိပြစေသော ဆေးတစ်မျိုး သုတ်လိမ်းထားခဲ့၏။ ထိုဆေးက သင်ဖတ်ရှုပြီးချိန်၌ အစွမ်းပြပေလိမ့်မည်။



www.burmeseclassic.com

www.burmeseclassic.com



## နတ်ကြီးတောရွာ

စောသာထူးသည် မိန်းကလေးကို မှတ်တမ်းထဲတွင် ရေးသားထားသမျှ မှတ်မိသလောက် ပြောပြလိုက်၏။

သူ၏စကားဆုံးလျှင် မိန်းကလေး၏မျက်နှာက ရွှင်မြူး ဝင်းပသွား၏။





သူမက ထိုင်ရာမှ ခုန်ထပြီး

"မှတ်တမ်းဟာ ကျွန်မတို့အတွက် တော်တော် အဖိုးတန်တာပဲ၊ သူတို့အနေနဲ့ မီးပြဒါးကို ကြောက်ရွံ့ကြတာတော့အမှန်ပဲ၊ အခုဆိုရင် သူတို့ရဲ့ အသက်ဓါတ်ကို ရှာဖွေဖျက်ဆီးနိုင်တဲ့ မီးပြဒါးအဖိုးနဲ့ အမရှိနေပြီ"

ဟု ပြောလေ၏။

စောသာထူးက ခေါင်းညိတ်ပြီး

"ငါမယုံကြည်တဲ့အရာတွေကို ယုံကြည်ရမလို ဖြစ်နေပြီ မိန်းကလေး၊ ကဲ... အခု မင်းကို ငါ ဘာလုပ်ပေးရမလဲ"

ဟု မေးမြန်းလိုက်၏။

ထိုအခါ နတ်ကြီးတောသူက

"မှဆိုးကြီး ကျွန်မတို့ရဲ့ နတ်ကြီးတောရွာကို လိုက်ခဲ့ပါလို့ အရင်ဆုံး ဖိတ်ခေါ်ပါရစေ"

ဟု ဆိုလေ၏။



www.burmeseclassic.com

www.burmeseclassic.com



စောသာထူးက မျက်ခုံးနှစ်ဖက်မြင့်တက်ပြီး

"မင်းတို့ နတ်ကြီးတောရွာကလည်း ဟို ပန္နလက်ရွာသားတွေလိုပဲလား"

ဟု ရေရွတ်လိုက်ရာ မိန်းကလေးက သက်ပြင်းချ၍

"ကျွန်မတို့ဟာ မုဆိုးကြီးတို့လို သာမန်လူသားတွေထက် နည်းနည်းလေးပဲ ထူးထူးခြားခြား ရှင်သန်နေရတဲ့ လူသားစစ်စစ်တွေပါ၊ နတ်ကြီးတောရွာကိုလိုက်ခဲ့တဲ့အတွက် မုဆိုးကြီးမှာ အန္တရာယ် တစ်စုံတစ်ရာ မရှိစေရပါဘူး"

ဟု အာမခံ၏။

ထို့နောက် သူတို့သည် ဂူထဲမှ ထွက်ခွာခဲ့၏။ စောသာထူးသည် ချောက်ကမ်းပါးအထက်သို့ မျှော်ကြည့်ပြီး

"ငါ... အဲဒီအပေါ်က ကျောက်စွန်းတစ်ခုက မျက်လုံးမှိတ်ပြီး ခုန်ချခဲ့တာပဲ"

ဟု အဖြစ်အပျက်ကို ပြောလိုက်၏။

နတ်ကြီးတောသူက





"ဦးအောင်သာကျော်စောဟာ သူ့အတွက် အရေးအကြောင်းရှိရင် လွတ်မြောက်ဖို့ အဲဒီလမ်းကို ပြုလုပ်ထားတာဖြစ်မယ်၊ ဒါပေမဲ့ ချောက်ကမ်းပါးထက်ကို ပြန်ရောက်ဖို့ အဲဒီလမ်းကို အသုံးပြုလို့ ဘယ်ရမလဲ၊ သူ့အတွက် အခြားလမ်းတစ်ခုတော့ ရှိရဦးမယ်၊ ဒါဟာလည်း ကျွန်မတို့ အခုသွားမဲ့လမ်းပဲ ဖြစ်လိမ့်မယ်"

ဟု ဆိုလေ၏။

စောသာထူးက ရှတ်တရက် စိတ်ကူးပေါက်ပြန်နှင့် ကျယ်လောင်စွာရယ်မောကာ

"ဟား ဟား ဟား... မုဆိုးစောသာထူးအတွက် အခုထိ ကံကောင်းနေတုန်းပါပဲလား၊ ဖြစ်လာသမျှကို တုံးတိုက်တိုက် ကျားကိုက်ကိုက် ရင်ဆိုင်မယ်ဆိုပြီး နတ်ကြီးတောကိုဝင်ခဲ့ပေမဲ့ ဒီလိုထူးခြားတဲ့ အဖြစ်အပျက်ကြီးထဲတို့ ကိုယ်တိုင် ပါဝင်ရလိမ့်မယ်လို့ မထင်ခဲ့ဘူး၊ ငါ့ရဲ့ခါးမှ



www.burmeseclassic.com

www.burmeseclassic.com



*ခုတ်ပိုင်းလို့မရတဲ့ ပမ္ဗလက်ရှာသား မကောင်းဆိုးရွား*
*တွေ တွေ့ကြသေးတာပေါ့ကွာ''*

ဟု ကြုံးဝါးလိုက်လေ၏။

ထိုအခိုက် သူတို့ရှိနေရာ ချောက်ကမ်းပါး အခြေတစ်ခုလုံး သိမ့်ခနဲတုန်သွားပြီး မည်သည့်အချိန်ကရှိနေမှန်းမသိသော တောကျီးများက သစ်ပင်ထက်မှ တအားအား အသံပြုရင်း ဝုန်းခနဲ ထပျံသွားကြ၏။

တစ်တောလုံး တဝုန်းဝုန်းလှုပ်ခြင်းများနှင့် တော်လဲသံကြီးလို မြည်ဟည်းသွား၏။

စောသာထူးသည်လည်း ထိတ်လန့်တကြားနှင့် ရယ်မောရာမှ ရပ်တန့်သွား၏။

နတ်ကြီးတောသူက ခစ်ခနဲရယ်ကာ

*''နေရာအနှံ့မှာ ပမ္ဗလက်ရှာသားတွေဟာ ပုံစံအမျိုးမျိုးနဲ့ ရှိနေတယ်လို့ မုဆိုးကြီးကို ကျွန်မ ပြောခဲ့ဖူးတယ်လေ''*

ဟု ဆိုလေတော့၏။





ထို့နောက် သူတို့သည် ချောက်ကမ်းပါးအခြေအတိုင်း လျှောက်လှမ်းပြုရင်း ဦးတည်ထားရာ ဝါးရုံတောတစ်ခုအတွင်းမှ ဝါးပင်များ ကျိုးပဲ့သံကြားလိုက်ရကာ တောဝက်တစ်အုပ် ပြေးထွက်လာသည်ကို တွေ့လိုက်ရ၏။

နတ်ကြီးတောသူက သစ်ပင်ကြီးတစ်ပင်ထက်မှ နွယ်ကြိုးတစ်ချောင်းကို ဆတ်ခနဲဆွဲခိုကာ

*''မုဆိုးကြီး… ဒါဟာ တကယ့်တောဝက်*
*တွေပဲ၊ ရှောင်နိုင်မှ လွတ်လိမ့်မယ်''*

ဟု သတိပေး၏။

စောသာထူးကလည်း လျှင်မြန်စွာပင် သစ်ပင်တစ်ပင်ထက်သို့ ကုတ်တွယ်တက်ပြီးဖြစ်၏။

တောဝက်အုပ်က များပြားလှ၏။ ထိုတောဝက်အုပ်သည် တစ်စုံတစ်ရာကို ထိတ်လန့်ဟန်နှင့် ဝါးတောမှ ပြေးထွက်လာကြခြင်းဖြစ်၏။

သူတို့သည် ထိုသို့ပြေးလွှားရင်း လမ်းကြောင်းထက်မှ မည်သည့်အရာကိုမဆို တိုက်ခိုက်ရန်မူသွားမည်သာ ဖြစ်၏။



www.burmeseclassic.com

www.burmeseclassic.com



ဇေယသာထူးနှင့် နတ်ကြီးတောသို့သည် အချိန်မီ ရှောင်တိမ်းလိုက်နိုင်၏။

တောဝက်အုပ်ကျော်လွန်သွားလျှင် ဇေယသာထူးက သစ်ဝင်ထက်မှ ဖုတ်ခနဲခုန်ချပြီး

"ငါတို့ကို ပဉ္စလက်ရွာသားတွေ တောဝက်အုပ်နဲ့ ချောက်တွန်းလိုက်တာဖြစ်မယ်"

ဟု မိန်းကလေးကို ပြောလိုက်၏။ နတ်ကြီးတောသူက ခေါင်းညိတ်အဖြေပေးကာ

"ဟုတ်တယ် မုဆိုးကြီး၊ ကျွန်မတို့မှာ မီးပြဒါးတွေရှိနေလို့ သူတို့ရင်ဆိုင်ပြီး မတိုက်နိုက်ဝံ့တာ၊ သတိတော့မပြတ်စေနဲ့"

ဟု မှာကာ ရှေ့မှဦးဆောင် ထွက်ခွာသွား၏။

သူတို့သည် တောဝက်အုပ်ထွက်လာရာ ဝါးတောကို ဖြတ်သန်းကြ၏။

ထို့နောက် ပြေပြစ်သော တောင်စောင်းတစ်ခုကို တက်ရောက်ကြ၏။





တောင်စောင်းသို့ရောက်လျှင် နတ်ကြီးတောသူက တစ်နေရာသို့ ညွှန်ပြပြီး

"ဟောဟိုမှာမြင်နေရတာ နတ်ကြီးတောရွာပဲ မုဆိုးကြီး အခုလို ရွာကိုမြင်တွေ့ရတာ ကျွန်မ လမ်းညွှန်ခေါ်ဆောင်လာလို့ပဲ၊ တကယ်ဆိုရင် ပဉ္စလက်ရွာသားတွေကလွဲရင် ဒီရွာကို ဘယ်သူမှ မသိဘူး၊ မှတ်တမ်းကိုရေးခဲ့တဲ့ ဦးအောင်သာ ကျော်စောဆိုတဲ့ လူထူးလူဆန်းကြီးတောင် နတ်ကြီးတောရွာအကြောင်း အိမသွားခဲ့ဘူး"

ဟု ပြောလေ၏။

ဇေယသာထူးသည် တောင်စောင်း၏ တစ်ဖက်မြေပြန့်ဆီသို့ ကြည့်ရှုလိုက်၏။ ထိုနေရာတွင် သစ်လုံးအိမ်ကလေးများ အစီအရီရှိ၏။

သူသည် မည်သူမျှခြေမချရဲဟူသည့် နတ်ကြီးတောအတွင်းမှ သက်ရှိလူသားများနေထိုင်သော ရွာကလေးကို မြင်တွေ့ရချေပြီ။



www.burmeseclassic.com

www.burmeseclassic.com



စောသာထူးသည် တစ်စုံတစ်ရာကို သတိရပြီး

"မိန်းကလေး… မင်းနဲ့ငါ နတ်ကြီးချောင်းနံဘေးမှာ ဆုံတွေ့ခဲ့တုန်းက မင်းရဲ့အဘွားပါ ဒီရွာမှာနေတာမဟုတ်လား၊ အဲဒီအချိန်က အဘွားအိုရဲ့ ငွေဆွဲကြိုးကြီးကို ပျောက်တွေလက်ထဲက ငါ ပြန်ယူပေးခဲ့တာတောင် မင်းတို့က ငါ့ကို နှုတ်မဆက်ဘဲ ထွက်သွားတဲ့အတွက် ငါ စိတ်ဆိုးမိသေးတယ်"

ဟု ပြောလိုက်၏။ နတ်ကြီးတောသူက

"အဲဒီအတွက် တောင်းပန်ပါတယ်၊ ကျွန်မကလွဲရင် တခြား နတ်ကြီးတောရွာသားအားလုံး နတ်ကြီးတောရဲ့ ဧရိယာအပြင်မှာ ကြာရှည်နေလို့မရတဲ့ အခြေအနေကြောင့်ပါ"

ဟု ဆိုလေ၏။

သူတို့သည် မကြာမီ ရွာတွင်းသို့ ရောက်ရှိလာကြ၏။ ရွာတွင် စည်းရိုးဟူ၍မရှိဘဲ သစ်လုံးအိမ်ကလေးများက ဟိုတစ်လုံး





သည် တစ်လုံးရှိနေ၏။

ထူးဆန်းသည်က ထိုအိမ်များတွင် တံခါးများပွင့်ဟနေကာ လူဟူ၍ တစ်စုံတစ်ယောက်မျှ မြင်တွေ့ရခြင်းမရှိပေ။

စောသာထူးက

"မင်းတို့ရဲ့ ဒီရွာကလေးကို ပဋ္ဌလက်ရွာသားတွေ မနှောင့်ယှက်ကြဘူးလား"

ဟု မေးမြန်းရာ နတ်ကြီးတောသူက ရပ်တန့်ပြီး အံကြိတ်ကာ

"သူတို့ဟာ နတ်ကြီးတောရွာကို နှောင့်ယှက်ရုံတင်မကဘူး၊ ရွာသားအားလုံးဟာ နှစ်ပေါင်းများစွာ သူတို့လက်ခုပ်ထဲက ရေဘဝနဲ့ ထိန်းချုပ်ခံထားရတာပါ၊ ဒီရွာသားတွေရဲ့ဘဝဟာ သူတို့ရဲ့ အသက်ဓါတ် ရှင်သန်ကြီးထွားဖို့အတွက် အဖြည့်ခံ ရှင်သန်နေရတာပါ"

ဟု အဖြေပေး၏။

ထိုအခိုက် စောသာထူးသည် တောအုပ်တစ်ခုအတွင်းမှ



www.burmeseclassic.com

www.burmeseclassic.com



တစ်ဦးလက်ကို တစ်ဦးဆုပ်ကိုင်ထားကြသော ကလေးလူကြီး အရွယ်စုံရွာသားများ စီတန်း၍ ထွက်လာသည်ကို မြင်တွေ့ရ၏။

ထူးခြားသည်က ထိုသူများအားလုံး မျက်လုံးတွင် ဝဝါစများ ဗိတ်ဖုံးစည်းနှောင်ထားခြင်းဖြစ်၏။

●● ●● ●● ●● ●● ●●





## ကံကြမ္မာဖတ်ကျောက်စည်ကြီး

စောသာထူးသည် သစ်လုံးအိမ်တစ်အိမ်တွင် ရောက်ရှိနေပြီဖြစ်၏။ နတ်ကြီးတော်သူက သူ့ကို စားကောင်းသောက်ဖွယ်များနှင့် ဧည့်ခံနေ၏။

စောသာထူးက အရက်ခွက်ကိုမပြီး

*"ငါ ဒီတစ်ခါတော့ မင်းတိုက်တဲ့အရက်ကြောင့် သတိ မလွတ်လောက်ပါဘူးနော်"*



www.burmeseclassic.com

www.burmeseclassic.com



ဟု ပြောလေရာ နတ်ကြီးတောသူက

*"စိတ်ချလက်ချသောက်ပါ၊ များသွားရင်တော့ တာဝန်မယူဘူး၊ မကြာခင် မုဆိုးကြီးနဲ့ ခွက်လှည့်အဖော်ပြုဖို့ လူတစ်ယောက် ရောက်လာလိမ့်မယ်"*

ဟု ဆိုလေ၏။

ထိုအခိုက် လုလင်တစ်ယောက်သည် သစ်လုံးအိမ်ရှေ့သို့ ရောက်ရှိလာ၏။ အဖြူရောင်သင်တိုင်းရှည်ကို ဝတ်ဆင်ထားသည့် လုလင်၏ပခုံးပေါ်က နတ်လုလင်တစ်ပါးအလား ထင်မှတ်ရ၏။

လုလင်မှာ စောသာထူး မြင်တွေ့ခဲ့ဖူးသမျှထဲတွင် သူတစ်ပါး အပေါ် အလွယ်တကူ လွှမ်းမိုးနိုင်သော ဥပဓိရှိခြင်း၊ တည်ငြိမ်ရင့်ကျက်ခြင်းတို့နှင့် ပြည့်စုံ၏။

မိန်းကလေးသည် လုလင်ကို မြင်တွေ့လျှင် မျက်လုံးကလေး ကြည်လင်ကာ နှုတ်ခမ်းတွင် အပြုံးရိပ်ပေါ်သွား၏။

လုလင်က လက်ထောင်ပြီး

*"ရူပဝတီ"*





ဟု မိန်းကလေးကို နှုတ်ဆက်၏။ မိန်းကလေးကလည်း ပြန်လည်၍

*"ဝဏ္ဏ"*

ဟု ခေါ်၏။

စောသာထူးသည် ထိုအခါမှပင် မိန်းကလေး၏အမည်မှာ ရူပဝတီဟု သိရ၏။

ဝဏ္ဏသည် အိမ်တွင်းသို့ရောက်လျှင် စောသာထူးကို တလေးတစားဟန်နှင့်

*"မိတ်ဆွေကြီးက ရူပဝတီရဲ့ ဧည့်သည် ထင်ပါရဲ့၊ ကျုပ်က ဝဏ္ဏလို့ခေါ်ပါတယ်"*

ဟု နှုတ်ဆက်ပြန်၏။ ထို့နောက် ဝဏ္ဏက ရူပဝတီဘက်သို့ လှည့်၍

*"ဟောဒီက ဧည့်သည်ကြီးက ဘယ်လိုလူမျိုးလဲ မသိရသေးပေမဲ့ တို့အတွက် ဧည့်ကောင်းဧည့်မြတ်ဖြစ်မယ်လို့ ထင်ပါတယ်၊ ခရီးရောက်ဆိုက် ဧည့်သည်ရှေ့မှာပဲ ပြောရတော့မယ်၊*



www.burmeseclassic.com

www.burmeseclassic.com



"ကံကြမ္မာဖတ် ကျောက်စည်ကြီး"က စေတနာရှင် သူကို ရွေးချယ်လိုက်ပြီ"

ဟု ဆိုလိုက်၏။

ရူပဝတီသည် စိတ်လှုပ်ရှားသွားဟန်နှင့် ဝဏ္ဏ၏လက်ကို ဆုပ်ကိုင်၍

"ဘယ်သူ့ကို ရွေးချယ်လိုက်သလဲ၊ ဘယ်သူလဲ"

ဟု အလောတကြီး မေးမြန်း၏။

တစ်ဆက်တည်းပင် သူမက ဝဏ္ဏ၏မျက်နှာကို မှုတ်ခနဲ ကြည့်ပြီး

"ဝဏ္ဏ... နင့်ရဲ့မျက်လုံးကိုလည်း ပဝါစ စည်းနှောင်မထားပါလား၊ ဒါ... ဒါဆိုရင် ဒီတစ်ကြိမ်ရွေးချယ်လိုက်တာ နင့်ကိုပဲပေါ့"

ဟု ထိတ်လန့်တကြား ပြောဆိုလေ၏။

ဝဏ္ဏ၏မျက်နှာက အပြုံးရိပ်ပျောက်ကွယ်မသွားဘဲ လေသံတိုးတိုးနှင့်





"တစ်ချိန်ချိန်မှာ ကိုယ့်အလှည့်ရောက်လာရမယ်ဆိုပြီး နတ်ကြီးတောတစ်ရွာလုံး ရင်တထိတ်ထိတ်ရှိနေကြတာပဲလေ၊ အခုဆို ငါ့အလှည့်ရောက်လာတော့ တခြားသူတစ်ယောက် အချိန်ကာလတစ်ခုအထိ လွတ်ကင်းခွင့်ရှိနေဦးမှာပေါ့"

ဟု ပြောလေ၏။

ရူပဝတီ၏မျက်နှာက ရုတ်ချည်း ညှိုးရော်သွား၏။ ၎င်းသူမသည် အင့်ခနဲငိုရှိုက်ပြီး ဝဏ္ဏ၏ရင်ခွင်အတွင်းတိုးဝင်ကာ ရုတ်တရက် ပျောက်ကွယ်သွားမည့်စိုးသည့်အလား တင်းကြပ်စွာ ဖက်တွယ်၍

"ဝဏ္ဏရယ် နင့်ကံကြမ္မာက ဆိုးရွားလွန်းလှပါလား"

ဟု မချိတင်ကဲ ရေရွတ်၏။ ဝဏ္ဏက ခေါင်းကိုမော့ပြီး လက်သီးကို တင်းတင်းဆုပ်ကာ

"အဲဒါ ကံကြမ္မာကြောင့်မဟုတ်ဘူး ရူပဝတီ၊ တို့ဘဝဟာ ပဥ္စလက်ရွာသားတွေရဲ့ သားကောင်

www.burmeseclassic.com



မြစ်နေရတာကို ကံကြမ္မာကြောင့်လို့ ပြောနိုင်သလား။ ငါတို့ဟာ ရှုသားစင်စစ်တွေဖြစ်ရဲ့နဲ့ အမယ်လေးဘိုသားတွေလို ရှုစ် ညာခ်ာဝမျိုးနဲ့ နေနေရတယ်၊ အချိန်တန်လာတဲ့အခါ သူတို့ရဲ့ အသက်ဓါတ်အတွက် တစ်နှစ်တစ်ခါ ရွာက လူတစ်ယောက် စတေးခံနေရတာ ငါတို့ရဲ့ဘိုးဘေးတွေ ရှိစဉ်အချိန်ကတည်းကပဲ မဟုတ်လား"

ဟု ပြော၏။

စောသာထူးသည် ပဥ္စလက်ရွာသားများအကြောင်းကို ထပ်မံ ကြားသိရပြန်၏။ ပဥ္စလက်ရွာသားများသည် နှစ်ပေါင်းများစွာပင် နတ်ကြီးတောရွာကို ထိန်းချုပ်ထားဟန်တူ၏။

ထိုင်ထိုင်ရှိလူအားလုံး အတွေးကိုယ်စီနှင့် ငြိမ်သက်သွားကြ၏။ အတော်ကြာမှ ရူပဝတီက ဝဏ္ဏနှင့် လူချင်းခွာ၍ စိတ်ကို တည်ငြိမ်အောင် ထိန်းလိုက်ပြီး

"အခုဆိုရင် ငါတို့မှာ ပဥ္စလက်ရွာသားတွေကို ပြန်ပြီးတွန်းလှန်ဖို့ နည်းလမ်းတွေရှိနေပြီ၊





နင့်ရဲ့ အဖြစ်ဆိုးကြီးနဲ့အတူ တို့တစ်ရွာလုံးရဲ့ ကံကြမ္မာဆိုးတွေကို တားဆီးရမယ်"

ဟု ပြော၏။

ဝဏ္ဏက စောသာထူးကိုတစ်လှည့်၊ ရူပဝတီကို တစ်လှည့် ကြည့်ပြီး

"ဒါဆိုရင် ဒီကာမုဆိုးကြီးရဲ့ အကူအညီနဲ့ မီးပြဒါးအစိုကို ရလာခဲ့ပြီပေါ့"

ဟု မေးမြန်း၏။

ရူပဝတီက ခေါင်းညိတ်ပြီး

"ဟုတ်တယ်၊ ပဥ္စလက်ရွာသားတွေရဲ့ အသက်ဓါတ်ရှိတဲ့နေရာနဲ့ သူတို့ပျောက်ပျက်ချုပ်ငြိမ်းတော့မဲ့ အချိန်ကာလကိုတောင် သိခဲ့ရပြီ"

ဟု ဆို၏။ ဝဏ္ဏက အံကြိတ်ပြီး

"ဒါဆိုရင် သူတို့ရဲ့အသက်ဓါတ်ကိုနှိမ်နင်းဖို့ ငါ တာဝန် ယူရတော့မှာပေါ့"

ဟု ရေရွတ်၏။ ရူပဝတီက ခေါင်းယမ်းပြီး



www.burmeseclassic.com

www.burmeseclassic.com



"ဘယ်လိုလုပ်ဖြစ်နိုင်မှာလဲ၊ နင်ဟာ သူတို့ရဲ့ အသက်ပေါ်ရှိတဲ့ နေရာမရောက်ခင် အန္တရာယ်နဲ့ မလွဲမသွေတွေ့ရတော့မယ်ဆိုတာ သတိပြုပါဦး"

ဟု ပြော၏။

ထိုအခါ ဓောသာထူးကဝင်၍

"ငါ့နားထဲရှင်းအောင် ပြောပြကြပါဦး"

ဟု တောင်းဆိုလေရာ ရူပဝတီက သက်ပြင်းချပြီး

"ဒီအတွက်ပဲ မုဆိုးကြီးကို ကျွန်မ အကူအညီ တောင်းပြီး ရွာကိုခေါ်လာခဲ့တာပါ၊ လောလောဆယ် မုဆိုးကြီးကို ကံကြမ္မာဖတ် ကျောက်စည်ကြီးဆီကို လိုက်ပို့ရမယ်"

ဟု ပြောလေတော့၏။

ထို့နောက် သူတို့သည် ရွာကလေးနှင့် မလှမ်းမကမ်းတွင် တည်ရှိနေသော ကျောက်တောင်တစ်ခုသို့ ရောက်လာကြ၏။

ကျောက်တောင်မှ လှေကားထစ်မှာ များစွာမြင့်မားခြင်း မရှိဘဲ ကျောက်ပေ ါင်ထိပ်သို့တက်ရန် ကွေ့ကွေ့ကောက်ကောက်



လှေကားထစ်များ ဖောက်လုပ်ထား၏။

ဓောသာထူးသည် ဝဏ္ဏ၊ ရူပဝတီနှင့်အတူ လှေကားထစ်များအတိုင်း တက်လာရာ နောက်ဆုံးတွင် တောင်ထိပ်သို့ ရောက်လာ၏။

ထိုအခါ သူ၏လက်နှစ်ဖက်ခန့်ကြီးမားသည့် စည်ပုံသဏ္ဍာန် ကျောက်တုံးကြီးတစ်ခုကို တွေ့လိုက်ရ၏။

ထိုနေရာတွင် လေက တဟူးဟူးတိုက်ခတ်နေ၏။

ဓောသာထူးသည် ကျောက်စည်ကြီးကိုကြည့်ပြီး အင်အားကြီးမား ကြောက်မက်ဖွယ်အငွေ့အသက်များ လွှမ်းခြုံနေသည်ဟု ခံစားမိ၏။

ဝဏ္ဏနှင့် ရူပဝတီသည် ယှဉ်တွဲ၍ ရပ်တန့်နေ၏။

ထို့နောက် ဝဏ္ဏကစတင်ပြီး

"ဟောဒီကျောက်စည်ကြီးဟာ ကျွန်တို့ရဲ့ ဘိုးဘွား အစဉ်အဆက် တည်ရှိလာခဲ့တဲ့ ကံကြမ္မာဖတ် ကျောက်စည်ကြီးပါပဲ၊ ကျွန်တို့ဟာ တစ်နှစ်မှာတစ်ကြိမ် ဒီကျောက်စည်ကြီးကို တီးခတ်ကြရတယ်၊ အဲဒီအခါမှာ ကျောက်စည်ကြီးက

www.burmeseclassic.com



ချေးပိတ်တို့ရဲ့ကံကြမ္မာကို မှန်မှန်ကန်ကန်ဖတ်ပြီး
ဟောချက်ထုတ်ပေးပါတယ်၊ အဲဒီဟောချက်က
တော့ သေဆုံးခြင်းပဲဖြစ်ပါတယ်"

ဟု ဆိုလေရာ ရှပဝတီက အဝေးရှိမြင်ကွင်းများကို
ငေးမောပြီး

"ကျောက်စည်ကြီးဟာ သာမန်ကျောက်တုံး
ကြီးတစ်တုံးလို တည်ရှိနေတယ်လို့ ထင်မှတ်ရမှာပါ၊
ဒါပေမဲ့ တကယ်ပဲသေဆုံးရတော့မဲ့သူ တီးခတ်
လိုက်တဲ့အခါ စည်တစ်ခုလို မြည်သံထွက်လာပါ
တယ်၊ အဲဒါဟာ ကျောက်စည်ကြီးရဲ့ ကံကြမ္မာဖတ်
ပေးတာပါပဲ၊ ဒီနေ့တော့ အချိန်အခါကျရောက်လာ
တဲ့အတွက် နတ်ကြီးတောရွာသားအားလုံး တစ်ဦးစီ
ကျောက်စည်ကြီးကို တီးခတ်ခဲ့ကြပါတယ်၊ အဲဒီ
အခါမှာ ဝဏ္ဏဟာ ကျောက်စည်ကြီးရဲ့ ကံကြမ္မာ
ဖတ်ပေးတာကို ခံလိုက်ရပါတယ်"

ဟု ပြော၏။ ဇေယျာထူးက ကျောက်စည်ကြီးအနီး





တိုးကပ်ပြီး သေချာစွာကြည့်ရှုကာ

"ဒါကြီးက အသံမြည်ပြီဆိုရင် အဲဒီတီးခတ်
တဲ့သူကို သေမိန့်ပေးလိုက်တာပေါ့၊ အဲ... ဒါပေမဲ့
ဘယ်သူက အဲဒီလူကို သေအောင် လုပ်သလဲ"

ဟု မေးမြန်းရာ ဝဏ္ဏက သက်ပြင်းချပြီး

"ကိုယ်တိုင်ပဲ အဆုံးစီရင်ရမှာပါ"

ဟု အဖြေပေး၏။

ဇေယျာထူးသည် ခေါင်းကိုခါယမ်းမိ၏။ စည်ကြီးက
မြည်ရုံမျှနှင့် ကိုယ့်ကိုယ်ကို သေကြောင်းကြံရမည်ကို အဓိပ္ပါယ်ကင်းမဲ့
သည်ဟု တွေးမိ၏။

ရှပဝတီက ဇေယျာထူး၏စိတ်ကို သိရှိသည့်အလား

"မုဆိုးကြီးတို့ပြောဖို့ ကျန်နေသေးတယ်၊
အဲဒါက ကျောက်စည်ကြီးဟာ ပလ္လက်ရွာသား
တွေနဲ့ တိုက်ရိုက်သက်ဆိုင်နေတယ်၊ တိတိကျကျ
ပြောရရင် ပလ္လက်ရွာသားတွေဟာ သူတို့ရဲ့
အသက်ဓါတ် ရှင်သန်ဖို့အတွက် ကျွန်မတို့လူသား



www.burmeseclassic.com

www.burmeseclassic.com



တွေရဲ့အသက်ကိုနုတ်ယူပြီး စတေးခဲ့ကြတယ်၊ တစ်နှစ်ကို တစ်ကြိမ်ဆိုပါတော့၊ အဲဒီအခါ စတေး ခံရမဲ့သူကို ဟောဒီက ကျောက်စည်ကြီးက ရွေး ချယ်ပေးတဲ့သဘောပဲ"

ဟု ဆိုလေရာ ဝဏ္ဏက ကျောက်စည်ကြီးဓါနဘေးရှိ တွင်းကြီးတစ်ခုကို ညွှန်ပြကာ

"ဟောဒီတွင်းထဲမှာ ကျုပ်တို့ရွာသားတွေ အသက်ပေါင်းများစွာ စတေးခံခဲ့ပြီးပြီ၊ ကျုပ်လည်း မကြာခင် ဟောဒီတွင်းထဲမှာ အသက်ကို စွန့်လွှတ်ရ တော့မယ်၊ ပန္နလက်ရွာသားတွေက တွင်းနံဘေးမှာ ဝိုင်းရံပြီး ကျုပ်ရဲ့စီရင်မှုကို ပျော်ပျော်ရွှင်ရွှင်နဲ့ ကြည့်ရှုပေးကြလိမ့်မယ်"

ဟု ပြောလေ၏။

စောသာထူးသည် ကျောက်စည်ကြီးကို လက်သီးနှင့် တဒုန်းဒုန်း ထုရိုက်လိုက်၏။ သို့သော် မည်သည့်အသံမှ ထွက်ပေါ် မလာချေ။





သူသည် ထိုအရာကြီးကို ရှုရှာဟန်ကြည့်ပြီး

"ငါ့စိတ်အတိုင်းသာဆိုရင် ပန္နလက်ရွာသား တွေ စီရင်ထားတဲ့ ဟောဒီမကောင်းဆိုး ကျောက် စည်ကြီးကို ဖျက်ဆီးပစ်လိုက်တယ်"

ဟု ပြောလေ၏။

ဝဏ္ဏက ခေါင်းယမ်းပြီး

"ကျုပ်လည်း အဲဒီလို မကြာခဏ စိတ်ကူး မိတယ်၊ ဒါပေမဲ့ တခြားသူတွေရဲ့အသက်ကို ငဲ့ကွက်နေရတယ်၊ ကျုပ်တို့ဟာ အဝယ်လေးတဲ့ သားတွေလို နေခဲ့ပြီး ညစ်ရတာမျိုးလို ဖြစ်နေ တယ်လို့ မှုဆိုးကြီးကို ပြောခဲ့ဖူးပါတယ်၊ ကျုပ်တို့ လုပ်ကိုင်စရာရှိတဲ့အကြောင်းကိစ္စ မှန်သမျှ ညဘက် မှသာပြုလုပ်ကြရတယ်၊ ကျုပ်တို့ရဲ့စားဝတ်နေရေး အတွက် ထွန်ယက်စိုက်ပျိုးမှုတွေကိုတောင် နေ အလင်းရောင်ပျောက်မှ လုပ်ကိုင်နိုင်ကြတယ်၊ နေ့ဘက်ဆိုရင် ဟောဒီသစ်လုံးအိမ်ကလေးတွေထဲ



www.burmeseclassic.com

www.burmeseclassic.com



မှာ အလှဆိုတဲ့အမှောင်ချပြီး နေထိုင်ကြရတယ်၊ ဘာကြောင့်လဲဆိုတော့ အလင်းရောင်ရှိနေတဲ့ နေရာတိုင်းမှာ ရွာသားတွေရဲ့ ကြည့်လေရာ မြင်ကွင်းတိုင်းဟာ ကြောက်မက်ဖွယ်ပုံသဏ္ဍာန်အမျိုးမျိုးနဲ့ အရုပ်ဆိုးရုပ်မြင်ကွင်းမျိုးတွေကိုပဲ မြင်တွေ့နေရလို့ပဲ၊ အချို့ကလေးတွေဆိုရင် ဒေါသထွက်ပြီး သေဆုံးကုန်ကြတယ်၊ အချို့လူကြီးတွေလည်း ထိတ်လန့်ကြောက်ရွံ့တဲ့ စိတ္တဇဝေဒနာတွေ စွဲကပ်သူ စွဲကပ်ကုန်ကြတယ်၊ ဒါကြောင့် နေ့ဘက် အပြင်မှာသွားလာမယ်ဆိုရင်တောင် အားလုံးမျက်လုံးမှာ အဝတ်စည်းနှောင်ပြီး အမြင်အာရုံချို့တဲ့သူတွေလို သွားလာလှုပ်ရှားကြရတယ်၊ ဒါတွေဟာ ပဉ္စလက်ရွာသားတွေရဲ့ ရှုသိမ်းချက်တွေပါပဲ”

ဟု ရှင်းပြ၏။

စောသာထူးက ဆက်၍

“ရူပဝတီကတော့ ပဉ္စလက်ရွာသားတွေကို





မမှုပါလား၊ သူဟာ ကျုပ်ကိုတောင် အဲဒီသူတွေလက်က ကယ်တင်ခဲ့သေးတယ်”

ဟု ဆိုလိုက်ရာ ရူပဝတီက

“ကျွန်မလက်ထဲကို မီးပြဒါးရောက်မလာခင်အချိန်အထိ ကျွန်မလည်း တခြားလူတွေလိုပါပဲ၊ လွန်ခဲ့တဲ့ရက်က ကျွန်မဟာ ထူးဆန်းတဲ့အိပ်မက်တစ်ခုကို မြင်မက်ခဲ့တယ်၊ အဲဒီအိပ်မက်ကြောင့်ပဲ ကျွန်မဟာ မီးပြဒါးကို ပိုင်ဆိုင်ခွင့်ရခဲ့တာပါ၊ ဘာကြောင့် ထူးဆန်းတဲ့အိပ်မက်လို့ ပြောရသလဲဆိုတော့ ကျွန်မကို အိပ်မက်ထဲမှာ တစ်စုံတစ်ယောက်က တစ်နေရာကိုသွားဖို့ လမ်းညွှန်လိုက်လို့ပဲ၊ သူ ဘာကြောင့် လမ်းညွှန်သလဲဆိုတာ ကျွန်မ နားမလည်ခဲ့ဘူး၊ ဒါပေမဲ့ အိပ်မက်ထဲကသူ လမ်းညွှန်တဲ့အတိုင်း နောက်တစ်နေ့ညမှာပဲ သူပြောတဲ့နေရာကို တစ်ယောက်တည်း အရောက်သွားခဲ့တယ်၊ အဲဒီမှာ ထူးခြားတဲ့ သူတော်စင်ကြီးတစ်ပါးနဲ့



www.burmeseclassic.com

ဆုံတွေ့ပြီး မီးပြဒါးကို လက်မံရရှိခဲ့တာပဲ"

ဟု ပြောလေ၏။ ဓေသာထူးက တစ်စုံတစ်ရာကို တွေးမိပြီး

"အဲဒီသူတော်စင်ကြီးဆိုတာ မှတ်တမ်းရေးသားခဲ့တဲ့ ဦးအောင်သာကျော်စော်နဲ့ ဆုံတွေ့ဖူးတဲ့ သူတော်စင်ကြီးဖြစ်ရမယ်"

ဟု ဆိုလိုက်၏။

ထိုအခါ ဝဏ္ဏကဝင်ပြီး

"ဟုတ်ပါတယ်၊ အဲဒီသူတော်စင်ကြီးက မီးပြဒါးရဲ့အစွမ်းသတ္တိတွေနဲ့ အခြားမီးပြဒါးအပို ရှိသေးတယ်ဆိုတဲ့အကြောင်း သေသေချာချာ မိန့်မှာခဲ့တယ်၊ အဲဒီမီးပြဒါးအပိုကို ရယူဖို့ အချိန်နဲ့ နေရာကိုပါ ပြောခဲ့တယ်"

ဟု ပြောလေ၏။ ဓေသာထူးက

"ဒါဆိုရင် ငါဆီကို မိန့်ကလေးက သူတော်စင်ကြီးရဲ့ လမ်းညွှန်မှုနဲ့ အချိန်ကိုက် ရောက်ရှိလာတာပေါ့၊ ဟုတ်ပြီလေ၊ အခု အားလုံး ရှင်းလင်းသွားပြီ၊ ငါတို့ ဘာဆက်လုပ်ကြမလဲ"

ဟု မေးမြန်းလိုက်၏။ ရူပဝတီက သေချာစွာစဉ်းစားတွေးတောထားဟန်နှင့်

"ပထမဆုံး မီးပြဒါးနှစ်ခုကို ပေါင်းစပ်ရမယ်၊ သူတော်စင်ကြီးရဲ့ မိန့်မှာချက်ကတော့ မီးပြဒါး အဖိုနဲ့အမ ပေါင်းစပ်ပြီးရင် ထူးခြားတဲ့အစွမ်းတွေ ရလာလိမ့်မယ်လို့ ဆိုတယ်၊ ဒုတိယအချက်အနေနဲ့ ပဥ္စလက်ရှာသားတွေရဲ့ အသက်ဓါတ်ကို မီးပြဒါး အသုံးပြုပြီး ချုပ်ငြိမ်းပစ်ရမယ်"

ဟု အဖြေပေးလေ၏။

ဓေသာထူးက ဆက်လက်၍

"ဝဏ္ဏက ဘယ်တော့စတေးခံရမှာလဲ"

ဟု မေးမြန်းလေ၏။

ထိုအခါ ဝဏ္ဏနှင့် ရူပဝတီတို့ အကြည့်ခြင်း ဆုံသွားကြ၏။ ပြီးနောက် ဝဏ္ဏက ကျောက်စည်ကြီးနံဘေးမှ တွင်းဝဲသို့

ရှုတ်ခနဲ ဆေးသောပြီး

"ဒီညသန်းခေါင်ယံတိတိမှာ ကျုပ် ကိုယ့်
ကိုယ်ကို အဆုံး စီရင်ရတော့မယ်"

ဟု ဆိုလေတော့၏။

● ● ● ● ● ●



ငွေစင်ဝင်းကိုကို

အသက်လှမ္ဘ — ကိုတိုးဝင်းဒိုင် ဦး

ဂါဟန်တိုင်း

စေတနာဝမှူးတို့သည် ကျောက်ဆောင်ပတ်လည်မြင်းမြင့်ရှိနေသဲ
ဖြစ်၏။ — မေ ဂါဇ်နီဒေး

သူတို့စကားပြောနေစဉ်ပင် နေရောင်ခြည်သည် ပျော့တော့မှောက်
ကွယ်ကာ မှောင်ရီပျိုးလာ၏။ — ချစ်လေဆွေ လေ

သို့သော် လမြည်ညဖြစ်သောကြောင့် ကောင်းကင်ကြည်လင်ပြည့်ဝ
သာနေ၏။ — ဟင်နရီ ဒီဗိုနီး

www.burmeseclassic.com



စောသာထွေးသည် ချစ်သူနှစ်ဦး၏ ကြေကွဲဖွယ်ရာအဖြစ်ကို ကြည့်ရှုရင်း ကျောက်တောင်အတက်လမ်းမှ တရွေ့ရွေ့လာနေသော ရွာသားများကို မြင်တွေ့လိုက်ရ၏။

ထိုသူများသည် ညအချိန်ရောက်၍လားမသိချေ။ မျက်လုံးများမှ ဖဲဝါစများကို ဖယ်ရှားထားကြ၏။ သူတို့၏လက်ထဲတွင်လည်း မီးတုတ်ကိုယ်စီ ကိုင်ဆောင်ထားကြ၏။

ထိုသူများသည် ကျောက်တောင်ထိပ်သို့ရောက်လျှင် တိတ်ဆိတ်စွာသွားလာပြီး ကျောက်စည်ကြီးနှင့်တကွ စောသာထွေးတို့ကို ဝိုင်းပတ်လိုက်ကြ၏။

သူတို့လက်ထဲမှ မီးတုတ်အလင်းရောင်ကြောင့် ကျောက်တောင်ထိပ်တွင် နေ့ဘက်အလား လင်းထိန်သွား၏။

ထိုအခိုက် စောသာထွေးက အနီး၌ရှိနေသော ရွပဝတီကို

"မိန်းကလေး ဒီညသန်းခေါင်ယံမှာ ဝဠာ

ဟာ တောင်းရတော့မယ် မဟုတ်လား၊ ကိုရှာရှိတဲ့

မီးပြဒါးနှစ်ခုကို ပူးပေါင်းလိုက်ကြရအောင်၊

ဒါဆိုရင် ဟွလက်ရွာသားတွေရဲ့အသက်ပေါက်ကို





ရှာမွေပြီး နှိမ်နင်းနိုင်မယ်ဆိုတယ် မဟုတ်လား၊

ငါတို့သာ အချိန်မီ နှိမ်နင်းနိုင်ရင် ဝဠာရဲ့အသက်

ကိုလည်း ကယ်တင်နိုင်မှာပဲ"

ဟု ပြောလိုက်၏။

ရွပဝတီက ခေါင်းညိတ်ပြီး

"ကျွန်မလည်း အဲဒီလိုလုပ်ဖို့ စဉ်းစားနေ

တာပါ၊ ဒါပေမဲ့ ဘာကြောင့်မှန်းမသိဘူး ကျွန်မစိတ်

ထဲမှာ လေးလံနေတယ်၊ တစ်ခုခုလည်း မှားယွင်း

လွဲချော်နေတယ်လို့ ခံစားနေရတယ်၊ ဒီကိစ္စကို

မုဆိုးကြီးလက်ထဲကို အကောင်အထည်ဖော်ဖို့

လွှဲပေးပါတယ်၊ မီးပြဒါးနှစ်ခုကို ပူးပေါင်းပြီး

မုဆိုးကြီးစိတ်ကြိုက် စီရင်ပါတော့"

ဟု ဆိုကာ မီးပြဒါးများထည့်သွင်းထားသော သံဖြူဘူး

နှစ်ခုကို စောသာထွေးထံ ပေးလေ၏။

မလှမ်းမကမ်းတွင်ရှိနေသော ဝဠာက လက်ကာပြပြီး

"နေဦး ရွပဝတီ၊ အဲဒီမီးပြဒါးနှစ်ခုကို



www.burmeseclassic.com

မှးပေါင်းမီရင် ဘာဖြစ်သွားမလဲ”

ဟု မေးမြန်း၏။

ရှုပဝတီက ခေါင်းယမ်းပြီး

“ဒါတော့ ဘယ်သူမှ မသိနိုင်တဲ့ကိစ္စပဲ ဝဏ္ဏရယ်… မှးပေါင်းကြည့်ပြီးမှ အဖြေထွက်မှာပေါ့”

ဟု ဆိုလေ၏။

ဝဏ္ဏသည် ဘာမျှဆက်လက်မပြောတော့ဘဲ စိတ်ဝင်စားမှု အပြည့်နှင့် ဆရာထူးလက်တွင်းမှ သံဖြူဘူးနှစ်ခုကိုသာ စူးစိုက်ကြည့်နေ၏။

ဝိုင်းပတ်ထားသော ရွာသားများအားလုံး၏အကြည့်က လည်း ဆရာထူးထံတွင်သာရှိနေ၏။ ထိုအခါ ဆရာထူးက စိတ်မြန်လက်မြန်နှင့် သံဖြူဘူးနှစ်ခုကို ဖွင့်လိုက်၏။

ပြီးလျှင် ဖြူဖွေးတောက်ပနေသော မီးပြဒါးလုံးနှစ်ခုကို ထုတ်ယူ၏။

ဘာကြောင့်မှန်းမသိဘဲ ဝဏ္ဏသည် မီးပြဒါးမှ အလင်း



ကို ထိတ်လန့်သွားဟန်နှင့် နောက်သို့ ခြေတစ်လှမ်းဆုတ်သွား၏။

ထိုအချိန်၌ပင် ဆရာထူးသည် မီးပြဒါးနှစ်လုံးကို မှးတပ်လိုက်ရာ ထူးဆန်းစွာပင် ထိုအရာနှစ်ခုမှာ တစ်သားတည်း မှးတပ်ပြီး ငိုမိုဖြူဖွေး လင်းထိန်စွာ တောက်ပသွား၏။

မီးပြဒါး အဖို၊ အမ ပေါင်းစပ်ပြီး တစ်ခုတည်းတည်ရှိသွားချေပြီ။

ထိုအခိုက် မည်သူမျှ တီးခတ်ခြင်းမရှိပါဘဲ ကံကြမ္မာဖတ်စည်ကြီးက ဆူညံစွာ မြည်ဟည်းသွား၏။

ဝိုင်းပတ်ထားသော ရွာသားများအားလုံး ထိတ်လန့်တုန်လှုပ်သွားဟန်နှင့် လူအချို့က

“ကျောက်စည်ကြီး အလိုအလျောက်မြည် ဟည်းတာ ဝေဒီအချင်း ဘေးအန္တရာယ်ကျရောက်တော့မယ့် နိမိတ်ပဲ”

ဟု အော်ဟစ်ကြ၏။

ဆရာထူးသည် ထိုအဖြစ်ကြောင့် မီးပြဒါးကို ဆုပ်ကိုင်ရင်း မျက်မှောင်ကြုတ်မိ၏။ ရှုပဝတီက လက်ထောင်ပြီး အားလုံး

www.burmeseclassic.com



ကြာဖောက်ခေါင်

"သာမှမစိုးရိမ်ကြပါနဲ့၊ ဒါဟာ ပဥ္စလက်ရွာသားတွေရဲ့ ခြိမ်းခြောက်မှုပါ၊ ကျွန်မတို့ မီးပြဒါးရဲ့ဆုံးဖြတ်ချက်ကို စောင့်ကြည့်ကြပါ၊ မီးပြဒါးဟာ ကျွန်မတို့ရဲ့အန္တရာယ်တွေကို ဖျောက်ဖျက်ပေးမှာပါ"

ဟု အော်ဟစ်လိုက်၏။

သူမ၏စကားမဆုံးမီပင် ကျောက်စည်ကြီးက ထပ်မံမြည်ဟည်းပြန်၏။

ထိုကဲ့သို့ ကြောက်မက်ဖွယ်အသံကြီးနှင့်အတူ ကျောက်တောင်ကြီးမှာ တသိမ့်သိမ့် တုန်လှုပ်သွား၏။

ကျောက်တောင်ထိပ်တွင်လည်း ချက်ချင်းပင် မြူနှင်း မြူမှုန်တို့ အုပ်ဆိုင်းလာပြီး ထိုမြူခိုးများက တဖြည်းဖြည်း အရိပ်သဏ္ဍာန်များအဖြစ် ရုပ်လုံးပေါ်လာကြ၏။

စောသာထွေးသည် ထိုအရာများကို မြင်တွေ့လျှင် မျက်လုံးပြူးကျယ်သွား၏။





များပြားလှသောအရိပ်များက ရွာသားများကို ထပ်မံဝိုင်းရံလျက်ရှိ၏။

ရွာသားများအားလုံး ထိတ်လန့်တုန်လှုပ်ခြင်းကြီးစွာနှင့် နှုတ်ဆိတ်သွားကြ၏။

ရုပဝတီက အံကြိတ်ပြီး

"မုဆိုးကြီး၊ ပဥ္စလက်ရွာသားတွေ ပေါ်ပေါက်လာပြီ၊ မီးပြဒါးကိုကိုင်ပြီး မြန်မြန်ဆန္ဒပြုလိုက်ပါတော့"

ဟု ခိုင်းစေ၏။

စောသာထွေးလည်း မီးပြဒါးမှ ပဥ္စလက်ရွာသားများ၏ အသက်ဓါတ်ကို အမြန်ဆုံးရှာဖွေနှိမ်နင်းပေးရန် တောင်းဆိုမည်ဟု ကြံစည်ပြီး လက်ကိုမြှောက်လိုက်၏။

သူ၏လက်တွင်းမှ မီးပြဒါးက တောက်ပသော အလင်းရောင်နှင့်အတူ တစ်နေရာသို့ လှုပ်ရှားသွားလာတော့မည်ဟန် ရှိ၏။

ထိုအခိုက် ဝှေ့သည့် ရိပ်ခနဲ စောသာထွေးအနီးသို့ ရောက်ရှိလာ၏။



www.burmeseclassic.com

www.burmeseclassic.com



ပြီးလျှင် စောသာထူး၏လက်တွင်းမှ မီးပြဒါးကို သတ်ခနဲ လုယူလိုက်ပြီး နောက်သို့ခုန်လွှား ထွက်ခွာသွား၏။

စောသာထူးက ပါးစပ်အဟောင်းသားနှင့်

*"ဝဏ္ဏ မီးပြဒါးကို ဘာလုပ်မလို့လဲ"*

ဟု အော်ဟစ်လေရာ ဝဏ္ဏထံမှ ကျယ်လောင်သော ရယ်မောသံကြီး ထွက်ပေါ်လာ၏။

ထိုအတူပင် အခြားပဥ္စလက်ရှာသားများ၏ ထိတ်လန့်ဖွယ် ရယ်မောသံကြီးပါ ထွက်ပေါ်လာ၏။

ကျောက်စည်ကြီးသည်လည်း အချက်နှုန်းမှန် မြည်ဟည်းနေလေ၏။

ရှမ္ဗဝတီသည် ဝဏ္ဏ၏အပြုအမူကြောင့် ခေတ္တမျှ ကြောင်ငေးသွားသော်လည်း တစ်စုံတစ်ရာကို အတွေးပေါက်ကာ

*"မုဆိုးကြီး၊ ဝဏ္ဏလက်ထဲက မီးပြဒါးကို ပြန်ရမှဖြစ်မယ်၊ ဝဏ္ဏဟာ ပဥ္စလက်ရှာသားတွေရဲ့ လှည့်စားမှုကာမိပြီး နိုင်ငံတော်ကို ခံနေရတာ ဖြစ်တယ်"*



ဟု သတိပေး၏။

သူမ၏စကားကြောင့် စောသာထူးသည် တွေဝေမနေတော့ဘဲ ဝဏ္ဏထံ အားကုန်သုံးပြီး ခုန်အုပ်လိုက်၏။ သို့သော် သူသည် လေကိုသာ ခုန်အုပ်မိသွား၏။

ဝဏ္ဏသည် အရိပ်တစ်ရိပ်ပမာ တစ်နေရာမှတစ်နေရာသို့ ရွေ့လျားသွားလာနေ၏။

စောသာထူးက သဲကြီးမဲကြီး လိုက်လံတိုက်ခိုက်ပြီး မီးပြဒါးကို ပြန်လည်ရယူရန် ကြိုးစား၏။

ထိုအခါ သူတို့၏တိုက်ခိုက်မှုများကြားသို့ ရှမ္ဗဝတီ ပါဝင်ရောက်လာ၏။

သို့သော် ရှမ္ဗဝတီသည် ကြားထဲတွင် အမြဲချောင်း အရိပ်မည်းကာရံထားမှုမှ ဖောက်ထွက်မရဘဲ ရှိနေ၏။

အတန်ကြာလျှင် စောသာထူးနှင့် မလှမ်းမကမ်းမှ ဝဏ္ဏသည် လက်တွင်းမှ မီးပြဒါးကို အခြားပဥ္စလက်ရှာသား တစ်ယောက်ထံ ပစ်ပေးလိုက်၏။

ပဥ္စလက်ရှာသားက မီးပြဒါးကို ကိုင်တွယ်ပြီး

www.burmeseclassic.com

"မီးပြဒါးနှစ်ခုပေါင်းစပ်လိုက်တဲ့အခါ ငါတို့ ထိတွေ့လို့ရသွားပြီ၊ ဒါကို ကျောက်မောင်းကြီးထဲ ထည့်ပြီး ဖျက်ဆီးရမယ်၊ ရောင်းရင်းတို့ ငါတို့ရဲ့ အသက်ဓါတ်ဟာ ကမ္ဘာတည်သရွေ့ တည်ရှိတော့ မယ်၊ မှတ်တမ်းထဲက လျှို့ဝှက်ချက်ကို မသိရပေမဲ့ သူတို့စကားတွေအရ မီးပြဒါးဟာ တို့ရဲ့အသက် ဓါတ်ကို ချုပ်ငြိမ်းစေနိုင်တယ်ဆိုတာ သိရပြီ၊ တို့အတွက် ချောက်လှန့်ချက်တွေရှင်းသန့်ဖို့ မီးပြဒါးကို ဖျက်ဆီးကြမယ်"

ဟု အော်ဟစ်လေ၏။

ထို့နောက် မီးပြဒါးသည် ပဉ္စလက်ရှာသားများလက်သို့ တစ်ဦးပြီးတစ်ဦး ပြောင်းလွှဲနေလေတော့၏။

စောသာထူးအတွက် မီးပြဒါးကို ပြန်လည်ရယူရန် ပိုမို ခက်ခဲသွားပြီဖြစ်၏။

သူသည် အားမလျှော့ဘဲ ရှေ့လျှော သော အလင်းရောင် နောက်သို့ လိုက်ပါရာ တဖြည်းဖြည်းနှင့် ကျောက် တောင်စွန်းသို့



ရောက်ရှိလာ၏။

စောသာထူးက အန္တရာယ်ကိုမရိပ်မိဘဲ ထိုနေရာတွင်ရှိ နေသော မီးပြဒါးနှင့် ပဉ္စလက်ရှာသားထံ ခုန်လွှားလာလေ၏။

ထိုအခါ ပဉ္စလက်ရှာသား၏လှည့်စားမှုနှင့် စောသာထူး သည် လေကိုသာဖမ်းဆုပ်မိပြီး ကျောက်တောင်စွန်းမှ အောက်သို့ အရှိန်ပြင်းစွာ ကျရောက်သွားတော့၏။

www.burmeseclassic.com

www.burmeseclassic.com

ရထွေမေါ်။

စောသာထူးသည် သတိကင်းလွတ်နေရာမှ ပါးစပ်တွင်းသို့ ထွက်ရောက်လာသော အေးမြသည့်ရေစက်ရေပေါက်များကြောင့် အသိအာရုံတို့ စုစည်းမိသွား၏။ တစ်ပြိုင်နက်ထဲပင် တဖျတ်ဖျတ် အသံနှင့်အတူ

"မှဆိုးကြီး၊ နတ်ရေချာတ်စက်ရေကို သောက်လိုက်ရပြီ၊ အသက်အန္တရာယ် စိုးရိမ်စရာ မရှိတော့ဘူး"

ဟု ကဗ္ဗဝါကြီး၏အသံပါ ပေါ်ထွက်လာ၏။

စောသာထူးသည် ပက်လက်လန်နေရာမှ မျက်လုံးကိုဖွင့် လိုက်မိ၏။

ကဗ္ဗဝါကြီးသည် လေထဲတွင် အတောင်ဝံခတ်လျက် သူ့ကို အုပ်မိုးထား၏။

ကောင်းကင်တွင် လရာ ထိန်ထိန်သာနေ၏။ ထို့အတူ ကျောက်တောင်ထိပ်ဆီမှ ဆူညံသောအသံများကိုပါ သတိပြုမိ၏။

စောသာထူးသည် ကြိုးရုံးထလိုက်ပြီး

"ငါ... ဟို ပွဲလာက်ရှာသားတွေ လက်ချက်နဲ့ ဒီကိုပြုတ်ကျလာတာပဲ၊ ဒါပေမဲ့ ငါ ဘာမှမဖြစ်ပါလား"

ဟု ရေရွတ်လိုက်၏။

စောသာထူးသည် ကျောက်တောင်ထိပ်သို့ မော့ကြည့်ကာ ထိုအမြင့်မှကျလာသော လူသားတစ်ယောက်အတွက် မည်သို့မျှ အသက်ရှင်ရန် လမ်းမရှိချေ။

ထိုအခါ ကဗ္ဗဝါကြီးက

www.burmeseclassic.com

www.burmeseclassic.com



"ငါပါးစပ်ထဲမှာ နတ်ကျောက်စက်ရေကို ငုံပြီး မုဆိုးကြီးကို တိုက်ကျွေးခဲ့တာကိုး၊ မုဆိုးကြီး အနေနဲ့ ငါတို့ရှိအောင်းတဲ့ ဂူထဲက နတ်ကျောက် စက် ရေအစွမ်းကို သိမှာပါ"

ဟု ပြောလေ၏။

ဓားသွားထူးက ခေါင်းညိတ်ပြီး

"အကောင်းလို့ပေါ့၊ ကဇ္ဇာဝါကြီး အချိန်မီ ရောက်လာပေလို့ပဲ၊ ဒါပေမဲ့ ငါတို့ နတ်ကြီးတော ရွာသားတွေရဲ့ ဘေးဒုက္ခတွေကို မကယ်တင်နိုင် တော့ဘူး၊ ဒါတွေကို ကဇ္ဇာဝါကြီးသိရဲ့လား၊ အခုဆိုရင် မီးပြဒါးဟာ သူတို့လက်ထဲရောက် သွားပြီ၊ သူတို့က မီးပြဒါးကို ဖျက်ဆီးကြတော့ မယ်"

ဟု ပြောဆိုလေရာ ကဇ္ဇာဝါကြီးက ကျောက်စွန်းတစ်ခု တွင် နားကာ

"ဟုတ်တယ်၊ မကြာခင် သန်းခေါင်ချိန်ကို



ရောက်တော့မယ်၊ ကျုပ်ဟာ မုဆိုးကြီးကို မှတ်ချက် မပြတ်ခဲ့ပါဘူး၊ ဒါကြောင့် ဒီကအဖြစ်တွေကို သိနေခဲ့တာပါ၊ မုဆိုးကြီး ကျောက်တောင်ထိပ်က ပြုတ်ကျတာ သိသိချင်း ဂူကိုပြန်ပြီး နတ် ကျောက်စက်ရေ သယ်လာရတာပဲ၊ အခု ပဥ္စလက်ရွာသားတွေဟာ ဝဏ္ဏရဲ့အသက်ကို စီရင်ကြတော့မဲ့ အချိန်နီးကပ်နေပြီ၊ အဲဒါပြီးရင် သူတို့ဟာ မီးပြဒါးကိုယူပြီး ကျောက်မောင်းကြီးနဲ့ ဖျက်ဆီးဖို့ ပြောနေကြတယ်"

ဟု ပြောလေ၏။

ဓားသွားထူးသည် လက်သီးကို ကျစ်ကျစ်ပါအောင်ဆုပ်ပြီး ဒေါသတကြီးနှင့်

"ငါ... ငါတို့ ဘာမှမတတ်နိုင်တော့ဘူး၊ ပဥ္စလက်ရွာသားတွေကို ဘယ်လိုလုပ် ရင်ဆိုင်ကြ ရမှာလဲ"

ဟု ရေရွတ်လိုက်၏။

www.burmeseclassic.com

www.burmeseclassic.com



ထက္ကူဝါကြီးက

"မုဆိုးကြီးဆီမှာ ငွေမိုးတစ်ပါးကလေး တစ်ချောင်းရှိတယ်ဆိုတာ မေ့လျော့နေပြီလား၊ အဲဒီပါးကလေးကို ပိုင်ဆိုင်ရဖို့ ငါရဲ့ သခင် အသက် သေဆုံးခဲ့ရတယ်ဆိုတာရော မသိဘူးလား၊ အဲဒီပါး ဟာ ရက္ခမူပါးလို့ခေါ်ပြီး မကောင်းမှုတွေကို နှင်လင်းနိုင်တဲ့ စွမ်းအင်သတ္တိတွေရှိတယ်၊ ငါ့ သခင်ဟာ အဲဒီပါးကိုရဖို့ နတ်ကြီးတောထဲက ကြောက်မက်ဖွယ် ရက္ခမူအစောင့်သတ္တဝါတွေနဲ့ တိုက်ခိုက်ခဲ့ရတယ်၊ မုဆိုးကြီး အဲဒီပါးကို အသုံးပြု ပြီး မီးမြွေပါးကိုပြန်ရဖို့ ကြိုးစားစေတော့၊ အန်းခေါင်ယံအချိန်က နီးကပ်နေပြီ၊ ဝဍ္ဍုဟာ ကိုယ့်ကိုယ်ကို အဆုံးစီရင်တော့မယ်၊ ကြားတယ် မဟုတ်လား၊ ပဥ္စလက်ရွာသားတွေရဲ့ ဝိုင်းပြီး ဩဘာပေးနေတဲ့ အသံတွေကို"

ဟု ပြောကာ နိုင်းစေလေ၏။





စောသာထူးသည် ခါးကြားသို့ စမ်းသပ်မိ၏၊ သူ၏ သင်တိုင်းအင်္ကျီအောက်ရှိ လုံချည်ကိုပတ်ထားသော သားရေခါးပတ် ပြားကြီးတွင် ပါးမြွောင်က ထိုးလျက်သားရှိနေ၏။

ထို့နောက် စောသာထူးသည် ကျောက်လှေကားထစ်များ အတိုင်း အားအင်အပြည့်နှင့် လျှင်မြန်စွာ ပြေးလွှားကာ ကျောက် တောင်ထိပ်သို့ တက်ရောက်လာ၏။

သူသည် ရက္ခမူပါးဟူသော ငွေမိုးတစ်ပါးမြွောင်ကို လက်ထဲတွင် တင်းတင်းဆုပ်ကိုင်ထား၏။

လမ်းတစ်လျှောက်တွင် ပဥ္စလက်ရွာသားများနှင့် ရင်ဆိုင် တွေ့၏။

စောသာထူးသည် ရက္ခမူပါးကို ဝှေ့ယမ်းလျှင်ပင် ပဥ္စလက်ရွာသားများသည် နာကျင်စွာ ညည်းညူရင်း ရှောင်ဖယ် သွားကြ၏။

နောက်ဆုံးတွင် စောသာထူးသည် ကျောက်တောင်ထိပ် တွင် ခြေချမိ၏။

များပြားလှသော ပဥ္စလက်ရွာသားများ၏ [illegible]

www.burmeseclassic.com



ထိုနေရာတွင် လွှမ်းခြုံထား၏။

မီးတုတ်များကိုင်ဆောင်ထားသော နတ်ကြီးတောရွာသားများမှာ ထိတ်လန့်တုန်လှုပ်မှုအပြည့်နှင့် တစ်နေရာသို့ စူးစိုက်ကြည့်နေ၏။

ကံကြမ္မာဖတ်စည်ကြီးက မှန်မှန်မြည်ဟည်းနေသလို မီးပြဒါးကလည်း ပဉ္စလက်ရွာသားလက်တွင် အလင်းလုံးကြီးဖြစ်လျက် တစ်နေရာမှ တစ်နေရာသို့ ရွေ့လျားနေ၏။

ကံကြမ္မာဖတ်စည်ကြီး၏နံဘေးတွင် တွင်းတစ်ခုရှိ၏။ တွင်း၏ နှုတ်ခမ်းအစပ်တွင် ဝဏ္ဏသည် ပကတိစိတ်ခန္ဓာအတိုင်း ဒူးထောက်ကာ လက်တွင်း၌ ခေါင်းပါးက အသင့်ရှိ၏။

လပြည့်ဝန်းက တဖြည်းဖြည်း အားလုံး၏ဦးခေါင်းထက်သို့ ကျရောက်လာ၏။

ဝဏ္ဏ၏နံဘေးမှ ရူပဝတီသည် ပါးပြင်သို့ မျက်ရည်များ တပေါက်ပေါက်ကျဆင်းရင်း ကောင်းကင်သို့မော့ကာ

*"သန်းခေါင်ယံတိုင်တော့မယ်၊ မီးပြဒါးလည်း ပဉ္စလက်ရွာသားတွေ သိမ်းပိုက်ပြီး ဖျက်ဆီး*





*ခံရတော့မယ်၊ ဝဏ္ဏလည်း အဆုံးစီရင်ပြီး ပဉ္စလက်ရွာသားတွေရဲ့ အသက်ဓါတ်ရှင်သန်ဖို့ စတေးခံရတော့မယ်၊ အားလုံးဟာ ငါတို့ဘိုးစဉ်ဘောင်ဆက်က ဘဝအတိုင်း ဘာမှပြောင်းလဲဖို့ မတတ်နိုင်တော့ပါလား၊ နတ်ကြီးတောဟာ ပဉ္စလက်ရွာသားတွေကြောင့် အမှောင်ရိပ်ကြီး ဖုံးလွှမ်းဆဲ ဖုံးလွှမ်းနေတော့မှာပါလား"*

ဟု ရေရွတ်နေလေ၏။

ဝဏ္ဏလည်း ချစ်သူကို နောက်ဆုံးအနေနှင့်ကြည့်ရှုလိုက်၏။ ကံကြမ္မာဖတ်စည်ကြီး၏အမိန့်ကို မည်သူက လွန်ဆန်၍ ရနိုင်ပါမည်နည်း။

ဝဏ္ဏက မျက်နှာအမူအရာ မပျက်ပွင့်းဘဲ လေသံတိုးတိုးနှင့်

*"သွားပြီ ရူပဝတီ၊ နောက်တစ်ကြိမ် ကံကြမ္မာဖတ်စည်ကြီးရဲ့ သေမိန့်ချမှတ်ခံရတဲ့သူဟာ မင်းမဖြစ်ပါစေနဲ့လို့ ငါ ဆုတောင်းပါတယ်ကွာ"*



www.burmeseclassic.com

www.burmeseclassic.com



ဟု ပြောလေ၏။

ဝဏ္ဏ၏လက်တွင်းမှပါးက လရောင်နှင့် လက်ခနဲဖြစ်သွား၏။

ဝဏ္ဏ၏ပါးကိုင်လက်က မြောက်တက်လာစဉ်မှာပင် ပဥ္စလက်ရွာသားများကြားမှ စောသာထူး၏ ကျယ်လောင်သော အသံကြီး ပေါ်လာပြီး

*"ဝဏ္ဏ ရပ်လိုက်စမ်း"*

ဟု ဟန့်တား၏။

ထိုအတူပင် စောသာထူး ဖြတ်သန်းလာရာ လမ်းတစ်လျှောက်ရှိ ပဥ္စလက်ရွာသားများမှာ အထိတ်တလန့် ရှောင်ဖယ်သွားကြ၏။

သူတို့သည် ရက္ခမှုပါးစွမ်းကို ကြောက်ရွံ့နေချေပြီ။ စောသာထူးက ဝဏ္ဏကို အော်ဟစ်ပြောဆိုပြီး မီးပြဒါးလင်းလက်နေရာသို့ ပြေးလွှားနေ၏။

သူသည် မီးပြဒါးကိုကိုင်ဆောင်ထားသော ပဥ္စလက်ရွာသားထံသို့ ပါးကိုရော့ယမ်းပြီး ပြေးဝင်လာ၏။





ထိုအခိုက် မထင်မှတ်သောအချင်းအရာသည် ကံကြမ္မာဖတ် စည်ကြီးမှ ဖြစ်ပေါ်လာ၏။ စည်ကြီးသည် မြည်ဟည်းနေရာမှ ရုတ်တရက် ရပ်တန့်သွား၏။

စည်ကြီး၏မျက်နှာပြင်မှလည်း တောက်ပသော အလင်းတန်းကြီးတစ်ခုက ကောင်းကင်သို့ ထိုးရှိတက်သွား၏။

"နတ်ကြီးတောရွာသားများအားလုံး ထိုအလင်းတန်းကို ကောင်းစွာ သိရှိနေ၏။

ဤသည်မှာ တစ်နှစ်တစ်ခါ လူ၏အသက်ကို အဆုံးစီရင်ပြီးလျှင် တစ်နေရာရာမှ ထွက်ပေါ်လာတတ်သော အလင်းတန်းကြီး ဖြစ်၏။

ထိုအလင်းတန်းသည် ပဥ္စလက်ရွာသားများ၏ အသက်ပါတ်သာလျှင်ဖြစ်၏။

ရှပဝတီက အထိတ်တလန့်နှင့်

*"ဝဏ္ဏ သတိထား၊ ပဥ္စလက်ရွာသားတွေဟာ သူတို့ရဲ့ အသက်ပါတ်ကို စည်ကြီးထဲမှာ လှို့ဝှက်ထားခဲ့ကြတာပဲ၊ အဲဒီအသက်ပါတ်က*

www.burmeseclassic.com



*နင်တို့ ကိုယ်ကိုယ်ကို အဆုံးမစီရင်ရင် သူကလာပြီး စီရင်လိမ့်မယ်၊ မကြာခင် အလင်းတန်းကြီး နှင့်ဆီ ပြန်ကျလာလိမ့်မယ်"*

ဟု သတိပေးလိုက်၏။

စောသာထူးသည်လည်း ထိုအသံကို ကောင်းစွာကြားရပြီး သူသည် ပဉ္စလက်ရွှာသားကို ဓါးမြှောင်ဖြင့် ဇွေ့ယမ်းတိုက်ခိုက်လိုက်၏။

ပဉ္စလက်ရွှာသားက ဗျတ်ခနဲတိမ်းရှောင်လေရာ လက်ထဲမှ မီးပြဒါးလည်း လွတ်ထွက်သွား၏။

မီးပြဒါးသည် အရှိန်နှင့် ကျောက်တောင်ထက်မှ လွင့်စင်သွားခြင်း ဖြစ်၏။

အဖြူရောင်လင်းလက်သော အလုံးကြီးက ကျောက်တောင်ထက်မှ ပြုတ်ကျလာစဉ် လမ်း၌ပင် တုန့်ခနဲ ရပ်တန့်သွား၏။

စောသာထူးက ထိုအဖြစ်ကြောင့် ဝမ်းသာအားရနှင့်

*"ကဗ္ဗဝါကြီး ရောက်လာပြီ"*

ဟု အော်ဟစ်လိုက်၏။





ကဗ္ဗဝါကြီးသည် လွင့်စင်သွားသော မီးပြဒါးကို နှုတ်သီးနှင့် ကိုက်ခဲထားလိုက်နိုင်၏။

ပြီးလျှင် ကျောက်တောင်ထက်၌ တစ်ပတ်မျှဝဲပျံပြီး လျှင်မြန်သောအဟုန်နှင့် ကျောက်စည်ကြီးမှ ထွက်ပေါ်လာသော အလင်းတန်းဆီသို့ တိုးဝင်သွားတော့၏။

ပဉ္စလက်ရွာသားများ၏ အထိတ်တလန့် အော်ဟစ်သံကြီးက မိုးချုန်းသံတမျှ ပေါ်ထွက်လာသည်နှင့်အတူ ကဗ္ဗဝါကြီးသည် အလင်းတန်းထဲသို့ တိုးဝင်မိပြီဖြစ်၏။

ထို့အတူ မီးပြဒါးနှင့်ပဉ္စလက်ရွာသားတို့၏ အသက်ဓါတ်တို့ တွေ့ထိမိပြီဖြစ်၏။

ရုတ်ချည်းပင် အလင်းတန်းကြီးက ပိုမိုလင်းထိန်တောက်ပကာ လျှပ်စီးလက်သလို တစ်ချက်မျှ လင်းလက်ပြီး ပျောက်ကွယ်သွားတော့၏။

ထို့အတူ ပဉ္စလက်ရွာသားတို့သည်လည်း အခိုးအငွေ့အဖြစ်မှ လွင့်ပါးပျောက်ကွယ်ကုန်၏။

နောက်ဆုံးအနေနှင့် သူတို့၏ မချိတင်ကဲ ညည်းညူသံကြီး



www.burmeseclassic.com

www.burmeseclassic.com



ထေသာ ဖျော့ကျော်တောင်တစ်ဝိုက် ပွဲတင်ထင်ကာ ကျန်ရစ်ခဲ့၏။

စောသာထူးသည် တင်းတင်းကြပ်ကြပ် ပွေ့ဖက်ထားသော ရွှေနှင့် ရူပဝတီတို့ ချစ်သူနှစ်ဦးကိုလည်းကောင်း၊ လေထဲမှ ဖွေဝဲကျလာသော လှပသည့်ငှက်တောင်မွေးကလေးကိုလည်းကောင်း၊ ရီဝေသောမျက်ဝန်းအစုံနှင့် ကြည့်ရှုနေ၏။

ကံကြမ္မာဖတ်ကျောက်စည်ကြီးကမူ အစိတ်စိတ်အမွှာမွှာကွဲ ကျေလျက် နတ်ကြီးတောရွာ၏ ကံကြမ္မာကို မည်သည့်အခါမျှ စီရင်နိုင်တော့မည် မဟုတ်ပေ။

◆◆◆◆◆◆



အိပ်မြန်စေး

စောသာထူးသည် ဆူညံသောအသံများကြောင့် အိပ်နေရာမှ လန့်၍နိုးလာ၏။

သူသည် မျက်လုံးကိုပွတ်သပ်ပြီး ကြည့်ရှုလိုက်ရာ မျက်မှောင်ကြီးကြုတ်ထားသော ဦးရွှေလုံး၏မျက်နှာကို ရှေ့တည့်တည့်တွင် တွေ့လိုက်ရတော့၏။

www.burmeseclassic.com

www.burmeseclassic.com



ဦးရွှေလုံးက ငုံ့၍သွားဖြကာ

*"ဘယ်လိုလဲ မှဆိုးကြီး၊ နတ်ကြီးတောကို ဝင်ပြီး ကျုပ်သားအတွက် ဆေးကြိုက်မှန်းရှာမလို့ဆို၊ အခုတော့ နတ်ကြီးတောတောင် မဟုတ်သေးဘူး၊ နတ်ကြီးချောင်းနဘေးမှာတင် သောင်တင်နေပါလား၊ ကောင်းကြသေးရဲ့ကွာ၊ မုဆိုးကြီးက ဒီမှာလာပြီး အရက်ကလေးနဲ့ စိမ်ကျနေတာကိုး"*

ဟု ရေရွတ်လေ၏။

စောသာထူးသည် အူကြောင်ကြောင်နှင့် ထထိုင်လိုက်မိ၏။

သူသည် နတ်ကြီးချောင်းမှ ပျိုပျက်လုဖြစ်နေသော သစ်ခုတ်တဲ ကလေးရှိ ကွပ်ပျစ်ထက်တွင် ရှိနေ၏။

ဦးရွှေလုံးနှင့် အတူလိုက်ပါလာသော ရွာသားများက စောသာထူးကို လှောင်ပြောင်ဟန်နှင့်

*"ဟား ဟား... မုဆိုးကြီးက နတ်ကြီး တောကို မဝင်ရဲလို့ ဒီမှာတင် စခန်းချနေတာလား"*





ဟု ပြောလေ၏။

စောသာထူးသည် ခေါင်းကိုခါယမ်း၍ တစ်စုံတစ်ရာ ပြော မည့်ဟန်ပြင်ပြီးမှ နှုတ်ဆိတ်သွား၏။

သူသည် ယမန်နေ့ညက ကံကြမ္မာဖတ်ကျောက်စည်ကြီး ရှိရာ ကျောက်တောင်ထိပ်တွင် အောင်ပွဲခံအရက်ကို သောက်သုံး ခဲ့သည် မဟုတ်ပါလား။

ရုပဝတီကိုယ်တိုင် သူ့ကို အရက်ငှဲ့ပေးပြီး

*"မုဆိုးကြီး... သောက်တာများသွားရင် ဟိုတစ်ခါလို သတိလွတ်သွားလိမ့်မယ်နော်"*

ဟု နောက်ပြောင်ခဲ့သေး၏။

ယခု အိပ်စက်ရာမှနိုးလျှင် နတ်ကြီးချောင်းနဘေး [illegible] ရောက်နေချေပြီ။

သူသည် ခေါင်းကိုသာ တွင်တွင်ခါယမ်းပြီး [illegible] သည်တို့ကို မည်သည့်နေရာကစ၍ ရှင်းလင်းပြရမည်ကို [illegible] ၏။

ဦးရွှေလုံးက စိတ်ပျက်လက်ပျက်နှင့် [illegible]



www.burmeseclassic.com

www.burmeseclassic.com



"ဟဲ ဟဲ… မှဆိုးကြီး၊ ရွာကိုသာ

ပြန်ပေတော့၊ ရွာမှာ မုဆိုးကြီးရဲ့မိန်းမ အားမှ

မီးဖွားနေပြီ၊ ယောက်ျားလေးပဲ၊ ကျုပ်ကတော့

ကျုပ်သားအတွက် မွေးလင့်ချက်မရှိတော့ဘူး"

ဟု ပြောလေ၏။

စောသာထူးသည် ထိုသတင်းကြောင့် ထွပ်ပျစ်ထက်မှ ခုန်ထလိုက်၏။ သူ၏လက်နက် လေးမြှားနှင့် အသုံးအဆောင်များက ကွပ်ပျစ်ထက်၌ပင်ရှိ၏။

စောသာထူးသည် ဖလိုင်းကို လက်လှမ်းပြီး လွယ်ပိုးရန်ပြင်စဉ် ထူးခြားမှုတစ်ခုတစ်ရာကို မြင်တွေ့လိုက်ရ၏။

ဖလိုင်းထဲတွင် လတ်ဆတ်သော ငှက်ပျောရွက်နှင့် ထုပ်ပိုးထားသော ညိုးရော်ခြောက်သွေ့နေသည့် အပင်ကလေးရှိနေ၏။

စောသာထူးက ထိုအပင်ကို သေချာစွာကြည့်ရှုပြီး မျက်နှာပြီး ဝင်းထိန်ကာ ဦးချေလုံးကို

"ဒီမှာ သူငွေ၊ ကျုပ်လာယထဲကအပင်က

ဆော်ဂျီကမုန်းပဲ"





ဟု ပြောလိုက်လေ၏။

ဆော်ဂျီကမုန်းပင်သည် နေ့ဘက်တွင်ညိုးရော်ပြီး ညဘက်မှသာ လန်းဆန်းရှင်သန်တတ်သည်ကို ဦးချေလုံးက သိရှိပြီးဖြစ်၏။

ငှင်းက လေသံတုန်ရင်စွာနှင့်

"ဟုတ်… ဟုတ်ရဲ့လား မုဆိုးကြီး ဒါဆိုရင်

မုဆိုးကြီးဟာ ဆော်ဂျီကမုန်းကို ရအောင်ဆောင်ယူ

လာနိုင်ပြီပေါ့"

ဟု ဆိုလေ၏။

ရွာသားများထံမှလည်း ဩဘာလက်ခုပ်သံ များ ထွက်ပေါ်လာပြီး

"မုဆိုးစောသာထူးဟာ တကယ့်လူစွမ်း

ကောင်းပါပဲ"

ဟု ချီးမွမ်းအော်ဟစ်လေ၏။

စောသာထူးသည် ရုပဝတီဟူသော နတ်ကြီးတောသူ ကလေးဘက်မှ ပေးထားသည့်ကတိတည်သည်ကို သိရှိရ၏ ရွာသားတစ်ယောက်က



BURMESE CLASSIC

www.burmeseclassic.com

www.burmeseclassic.com



"ဒါဆိုရင် ကျုပ်တို့ရွာကိုရောက်လာတဲ့ ဟိုသူတော်စင်ကြီး မိန့်မှာသွားတာ မှန်နေပြီပေါ့"

ဟု ဆိုလေရာ အခြားတစ်ယောက်က

"ဒီလိုမှဆိုးကြီးရဲ့၊ မနှစ်ကဘာ ကျုပ်တို့ရွာကို သူတော်စင်ကြီး တစ်ပါးရောက်လာပြီး နတ်ကြီးတောကိုသွားတဲ့ မုဆိုးနောက်ကို လိုက်သွားကြ၊ သူ့သာ ဆော်ဂျီဂမုန်းကိုရခဲ့ရင် သူ့ရှေ့က ရှိတဲ့ စည်းစိမ်တစ်ဝက်ကိုတောင် ခွဲဝေပေးသင့်တယ်၊ မြန်မြန်လိုက်ကြပေတော့လို့ မိန့်မှာသွားတာဗျ၊ ဒါကြောင့် ကျုပ်တို့လည်း အားချင်းပဲ လိုက်လာကြတာ၊ အဲဒီလိုမထွက်ခွာခင်မှာ ခင်ဗျားမိန်းမ မီးဖွားတဲ့သတင်းကို ကြားခဲ့ရသေးတယ်"

ဟု ပြောလေ၏။

စောသာထူးသည် နှုတ်ဆိတ်လျက်သာ ပြုံးနေမိ၏။ သူ့ကို အားလုံးက ဝိုင်းဝန်းပြီး နတ်ကြီးတော၏အတွေ့အကြုံကို တစ်ယောက်တစ်ပေါက် မေးမြန်းကြမည်သာဖြစ်၏။





သူတို့အားလုံး နတ်ကြီးတောနှင့်ပတ်သက်သမျှ ထူးဆန်းအံ့သြဖွယ်ရာများ၊ ထိတ်လန့်ကြောက်ရွံ့ဖွယ်ရာများကို အမျိုးမျိုးကြားခဲ့ဖူးမည် ဖြစ်၏။

ဥပမာဆိုလျှင် စောသာထူး၏မိတ်ဆွေ မုဆိုးသာခကြီး ပြောဖူးသည့် ဂူကိုးလုံးနှင့်အစောင့်ဘီလူးလို အကြောင်းအရာမျိုး ဖြစ်၏။

ထိုအကြောင်းအရာများအားလုံး ပဥ္စလက်ရွာသားများ၏ လှည့်စားမှုဟုပြောလျှင် ယုံကြည်ကြပါမည်လား။

မည်သူမျှ ယုံကြည်လက်ခံမည် မထင်ချေ။ သူ့ကို မုဆိုးသာခကြီး၏ဦးလေးလိုပင် နောက်ကွယ်၌ လှောင်ပြောင်ကြမည်သာ ဖြစ်၏။

ထို့ကြောင့် သူ့အား နတ်ကြီးတောအကြောင်း မေးမြန်းလျှင်

"ငါက ဆော်ဂျီဂမုန်းကို တံကောင်းလှိုရခဲ့တာ ကွ၊ ဟောဒီချောင်းစပ်တင် တွေ့ခဲ့တာပါ၊ မယုံမရှိနဲ့"

ဟူ၍သာ ဖြေမည်ဟု ဆုံးဖြတ်လိုက်၏။



www.burmeseclassic.com

www.burmeseclassic.com



နှတ်ကြီးတော့မှာမှ မကြာမီ ပုံမှန်သဘာဝတော့တို့အတိုင်း အမဲလိုက်သူ၊ ထင်းခွေသူ၊ သစ်ခုတ်သူတို့ ဝင်ထွက်သွားလာနေမည်ကို မြင်ယောင်မိတော့၏။

မင်းသွေးသစ္စာ



BURMESE CLASSIC .com

www.burmeseclassic.com